www.burmeseclassic.com

# ဂျူး

# သမီးတို့ချစ်သူ နှစ်မြွှာလူ

(အသစ်စက်စက်လုံးချင်းဝတ္ထုသစ်)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၉၉၀၆၀၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၂၆၀၂၀၇

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | ♠ | အံ့ဘွယ်ဇင် |
| အတွင်းစာစီ | ♠ | မြစ်ခွဲဇွစင်းကွန်ပျူတာ |
| ထုတ်ဝေသည့်လ | ♠ | ၂၀၀၇ ခုနှစ်၊ မတ်လ |
| အကြိမ် | ♠ | ပထမအကြိမ် |
| အုပ်ရေ | ♠ | ၅၀၀ |
| ထုတ်ဝေသူ | ♠ | ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ၊ အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊ ၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | ♠ | ဦးဇော်မင်း (W!zard)၊ အမှတ် (၁၉၈)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | ♠ | ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ[illegible] ၁၁-လမ်း၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ♠ | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | ♠ | ၅၀ ကျပ် |


BURMESE CLASSIC .com

ကြူမွှေး

# သမီးတို့ချစ်သူ နှစ်မြွှာလူ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# (တစ်)

# သူတို့၏ကံကြမ္မာ

စက်ာပူနိုင်ငံလေဆိပ်မှနေ၍ မြန်မာနိုင်ငံသို့ ပျံသန်းသာနေသော စက်ာပူလေကြောင်းဌာနမှ လေယာဉ်ကြီးသည် ကောင်းကင်ယံတွင် တအိအိနှင့် ပျံသန်းနေသည်။

ထိုလေယာဉ်ကြီးပေါ်တွင် အခြားသောခရီးသည်များနှင့် အတူလိုက်ပါလာခဲ့သော မြန်မာလူငယ်တစ်ဦးလည်း ရှိနေသည်။ သူကား ရေဝတီမြစ်ဝကျွန်းပေါ်သားကလေး **အောင်ဗျူ**ပင်။

သူ၏အမည်ဆန်းကြောင့် သူ့ကို မြန်မာလူမျိုးမှ ဟုတ်ပါလေစဟူ၍ သံသယမဖြစ်လိုက်ပါနှင့်။

သူက မြန်မာလူမျိုးစစ်စစ်သာ ဖြစ်ပါသည်။

ပြီးတော့ ဗုဒ္ဓဘာသာဝင်တစ်ဦးလည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗုဋ္ဌဟူသောအမည်မှာ သူ့မိခင်ကြီး ဒေါ်အေးနွယ်ကပေးထားသော အမည်ပင်။

ဗုဋ္ဌဟူသော အမည်မှာ ပါဠိအမည်။

မြန်မာလိုဆိုတော့ ကျား။

သူ့ကို မွေးခဲ့တုန်းက တနင်္ဂနွေနေ့မို့ တနင်္ဂနွေနံဖြစ်သော အအက္ခရာကိုယူ၍ အောင်ဗုဋ္ဌဟု အမည်ပေးထားခြင်းဖြစ်သည်။ အောင်ဗုဋ္ဌကို မွေးဖွားခဲ့သောအချိန်တွင် [illegible]ခင်ကြီးမှာ လူ့လောက၌ မရှိတော့ပေ။

လူ့ဘ[illegible]သို့ စရောက်ကတည်းက သူ့မှာ မိခင်ကြီးနှင့်သာ နေလာရသည်။ မိခင်ကြီးကလည်း ဖတဆိုးသားကလေးဖြစ်နေသော သူ့ကို အားငယ်စိတ်မဝင်ဘဲ ရဲစွမ်းသတ္တိရှိစေရန်အတွက် ထိုနာမည်ကို ပေးထားခဲ့ခြင်းပင်။

သူသည် စင်္ကာပူနိုင်ငံသို့ လွန်ခဲ့သော နှစ်နှစ်ကျော်ကျော် သုံးနှစ်နီးပါးခန့်က သွားရောက်ခဲ့သည်။

စင်္ကာပူနိုင်ငံသို့ သူသွားရောက်ခြင်းမှာ ပညာအတွက်တော့ မဟုတ်ပေ။ ဝမ်းစာအတွက် ငွေကြေးရနိုင်ရန် သွားရောက်ခဲ့ခြင်းပင်။

ထိုသို့သွားနိုင်ရန်အတွက် သူ့မိခင်ကြီး ဒေါ်အေးနွယ်က ချမ်းသာသမျှ စိန်ရွှေရတနာတွေကို ရောင်းချ၍ ပွဲစားနှင့်ဆက်သွယ်ကာ ယခုလို သူ့အား စင်္ကာပူနိုင်ငံသို့ အလုပ်လုပ်ရန်





[illegible]ဘ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ပေးခဲ့ကြသော [illegible]စားဆိုသူများမှာလည်း ယုံကြည်စိတ်ချရသူများတော့ မဟုတ်[illegible]။

များသောအားဖြင့် မရိုးမသားနှင့် ကလိမ်ကကျစ်လုပ်ဘတ်သောပွဲစားတွေက များလှသည်။ မှန်မှန်ကန်ကန်လုပ်ပေးကြသောပွဲစားတွေက မရှိမဟုတ်။ အနည်းငယ်တော့ ရှိနေကြသည်။

အော[illegible]ဋ္ဌအဖို့တော့ ကံကောင်းသည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် သူဆက်သွယ်ခဲ့သော ပွဲစားမှာ အခင်ကြီးမဟုတ်ဘဲ အစစ်အမှန်ပွဲစားဖြစ်နေသည်။

ထို့ကြောင့်လည်း အောင်ဗုဋ္ဌမှာ စင်္ကာပူနိုင်ငံသို့ ယခုလို သွားရောက်လုပ်ကိုင်နိုင်ခြင်းပင်။

အောင်ဗုဋ္ဌမှာ ကျောင်းပညာအနေနှင့် ၁၀ တန်းသာ ရှိသည်။

သို့ဖြစ်၍ သူ့မှာ စင်္ကာပူနိုင်ငံတွင် လခကောင်းလှသော ပညာရှင်အဖြစ်ဖြင့်တော့ မလုပ်ကိုင်နိုင်ပေ။

အလုပ်ကြမ်းသမားဘဝနှင့်သာ လုပ်ကိုင်ခဲ့ရသည်။

သူလုပ်ကိုင်ခဲ့သော အလုပ်တွေကလ[illegible] မျိုးစုံလှသည်။

စားပွဲထိုးအဖြစ်ဖြင့်တစ်မျိုး၊ ပန်းရံဆရာအဖြစ်နှင့်တစ်ဖုံ၊ သန့်ရှင်းရေးအလုပ်သမားအဖြစ်တစ်နည်း အမျိုးစုံ လုပ်ကိုင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘက်ပနိုင်ငံတွင် အောင်ဗျူဟလို ပညာရေးအဆင့်နိမ့်ကျသူ့အတွက် မည်သည့်အလုပ်မှ မမြဲပေ။

အလုပ်တစ်ခုရလျှင် အများဆုံးသုံးလမှ ခြောက်လသာခံသည်။ မည်မျှပင် ကြိုးစားပမ်းစားလုပ်ကိုင်စေကာမူ လုပ်ကတော့ ကြာရှည်မခံခဲ့ပေ။

မကြာခဏ တရုတ်ဆောင်းတဲ့ဦးထုပ်လို အလုပ်ပြောင်းကာ လုပ်ကိုင်ခဲ့ရသည်။

ယခုဆိုလျှင် သူ့မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါးရှိတော့မည်မို့ မိမိ၏ ဇာတိ မြန်မာနိုင်ငံကို ပြန်ချင်နေသည်။

သူ့လက်ထဲတွင်လည်း ငွေကြေးအတော်များများ စုဆောင်းပြီးလေပြီ။ အောင်ဗျူဟမှာ အပျော်အပါး အသောက်အစားကင်းသူမို့ ယခုလို ငွေကြေးတွေ ပါလာနိုင်ခဲ့ခြင်းပင်။

သူ့မိခင်ကြီးကို အလွန်ချစ်သော သားလိမ္မာတစ်ဦးလည်းဖြစ်သည်။

အောင်ဗျူဟ၏အသက်မှာ ၂၄ နှစ်ခန့်သာရှိသေးသည်။

အသားညို၍ အရပ်ကတော့ ငါးပေ ဆယ်လက်မခန့်ရှိသည်။

ရုပ်ရည်အနေနှင့်လည်း ချောမောသူတစ်ဦးပင်။

တောင်သူလယ်သမား၏ သားဖြစ်နေ၍ ဗျူဟမှာ ကာယဗလလိုက်စားစရာမလိုဘဲ ကိုယ်လုံးကိုယ်ထည်မှာ တောင့်တင်း





ကြံ့ခိုင်လှသည်။ မကြံ့ခိုင်ဘဲနေမည်လော။ သူ လူမှန်းသိသောအရွယ်မှစ၍ ခွန်အားနှင့်လုပ်ကိုင်ရသော အလုပ်တွေချည်း လုပ်ကိုင်ခဲ့ရသောကြောင့်ပင်။

သူက ကိုယ်ခံပညာ မတတ်မြောက်သော်လည်း မြန်မာ့ရိုးရာလက်ဝှေ့ကိုတော့ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသည်။

**(အင်းလေ… အဲဒါဟာလည်း ကိုယ်ခံပညာတစ်မျိုးပဲပေါ့ဗျာ)။**

သူ့ကို ရိုးရာလက်ဝှေ့ သင်ကြားပေးခဲ့သူက တစ်ခေတ်က လက်ဝှေ့လောကတွင် နာမည်ကြီးခဲ့သော **စိန်မိုးပျံ** ဆိုသူ ကရင်လူမျိုး ဖထီးကြီးပင်။

ထိုဖထီးကြီးက သူ့ကို ငယ်စဉ်ကတည်းက ချစ်ခင်ခဲ့သူမို့ သူ့ကို လက်ဝှေ့ပညာသင်ပေးခြင်းဖြစ်သည်။ ဗျူဟကလည်း မြန်မာ့ရိုးရာလက်ဝှေ့ကို ဝါသနာပါသူမို့ ဖထီးကြီးထံတွင် သင်ယူခဲ့သည်။

ဆရာကောင်းတပည့်မို့ ဗျူဟမှာ လက်ဝှေ့ထိုးရာတွင် ဝါသနာပါသူမို့ ဖထီးကြီးထံတွင် သင်ယူခဲ့သည်။

သူ ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲပေါင်းနှစ်ဆယ်တွင် တစ်ပွဲသာ သရေနှင့်အဆုံးသတ်ပြီး ကျန်ပွဲတွေကိုတော့ အနိုင်ရခဲ့သည်ချည်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို မိခင်ကြီးက သူ့ကို စင်္ကာပူနိုင်ငံသို့ ပို့ခဲ့ရခြင်း၏ အဓိကအချက်မှာ လက်ဝှေ့ပွဲစနက်ကြောင့်ပင်။

အကြောင်းကတော့ အောင်ဗျူဟ၏ Arch-rival အဓိက ပြိုင်ဖက်ကြီး ရန်လင်းကြောင့်ပင်။

ရန်လင်းကလည်း ဗျူဟလိုပင် ရိုးရာလက်ဝှေ့ထိုးရာတွင် နာမည်ကြီး။ သူကလည်း ရှုံးပွဲမရှိသေးပေ။ ပွဲတိုင်းနိုင်ခဲ့သူ။

အောင်ဗျူဟနှင့်ကျမှ မရှုမလှ ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။

ဒါကို အားကစားစိတ်ဓာတ်ကင်းမဲ့သူ ရန်လင်းက အခဲမကျေ ဖြစ်နေသည်။ အခဲမကျေဖြစ်နေ၍ အောင်ဗျူဟကို အလစ်ချောင်းရိုက်ရန် အမြဲတမ်း ချောင်းနေခဲ့သည်။

အောင်ဗျူဟကလည်း သူ့အပေါ်တွင် ရန်လင်းက အငြိုး ထားနေသည်ကို ရိပ်မိသည်။

သို့သော် သူက သတ္တိကောင်းသူပီပီ ရန်လင်း၏ ရန်ငြိုး ထားမှုကို ဂရုမစိုက်ပေ။

သူက ဂရုမစိုက်သော်လည်း မိခင်ဖြစ်သူ ဒေါ်အေးနွယ် ကတော့ သားအတွက် အရမ်းစိုးရိမ်နေမိသည်။

စိုးရိမ်သည့်အတွက် ဒေါ်အေးနွယ်မှာ ဟင်္သာတမြို့တွင် နေထိုင်နေသော အစ်ကိုဖြစ်သူ ဦးလှရှိန်ထံသို့သွား၍ အကူအညီတောင်းခဲ့ရသည်။ ဦးလှရှိန်မှာ ဟင်္သာတမြို့ကြီး၏ မြို့မျက်နှာဖုံးလည်းဖြစ်၊ အပေါင်းအသင်းလည်းဆန့်သူမို့ စင်္ကာပူ





နိုင်ငံတွင် အလုပ်လုပ်ရန် ရှာပေးနေသူပွဲစားနှင့်တွေ့ကာ ယခုကဲ့ သို့ အောင်ဗျူဟမှာ စင်္ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်ခြင်းပင်။

အမှန်ပြောရလျှင် အောင်ဗျူဟမှာ စင်္ကာပူနိုင်ငံသို့ မသွား လိုပေ။ ကိုယ့်အမိနိုင်ငံမှာသာ မိခင်ကြီးနှင့်အတူနေကာ အလုပ် ကိုလုပ်လိုသူ။

သို့သော် မိခင်ကြီး၏စကားကို မပယ်ရှားလိုသော သား လိမ္မာမို့ ယခုကဲ့သို့ စင်္ကာပူနိုင်ငံသို့ သွားရောက်လုပ်ကိုင်ခဲ့ခြင်း ပင်။

အောင်ဗျူဟမှာ သူ အလွန်ပြန်ချင်နေသော မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရပြီမို့ ဝမ်းသာမဆုံးဖြစ်နေသည်။

သုံးနှစ်နီးနီးခွဲခွာခဲ့ရသော မိခင်ကြီးကိုလည်း ပြန်တွေ့ ရတော့မည်မို့ ဝမ်းသာစိတ်တွေ ဖုံးနေသည်။

ရန်ကုန်မြို့ကြီး၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးသို့ ဆင်းလုနီးအချိန်တွင် ကမ္ဘာကျော် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီ တော်မြတ်ကြီးကိုလည်း လေယာဉ်ပေါ်မှနေ၍ ဖူးနေမိသည်။

စင်္ကာပူနိုင်ငံမှ လာခဲ့သော လေယာဉ်ကြီးမှာ လေဆိပ် သို့ ချောမောစွာ ဆင်းသက်ပြီးလျှင်တော့ အောင်ဗျူဟမှာ အခြား ခရီးသည်များနှင့်အတူ လေယာဉ်ပေါ်မှ ဆင်းသက်လာခဲ့သည်။

လေယာဉ်ကြီးပေါ်မှဆင်း၍ မြေကြီးပေါ်သို့ အရောက် တွင် အောင်ဗျူဟမှာ ရုတ်တရက် ထိုင်ချလိုက်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သုံးနှစ်နီးပါး ခွဲခွာခဲ့ရသော အမိမြန်မာနိုင်ငံတော်ကြီးကို နှုတ်ဆက်သည့်အနေနှင့် သူ့နှုတ်ခမ်းကို မြေကြီးနှင့်ထိပြီး နမ်းရှုပ်နေသည်။

သူ၏အပြုအမူကို အခြားသော နိုင်ငံခြားခရီးသည်များနှင့် မြန်မာခရီးသည်တွေက ကြည့်ပြီး ပြုံးနေကြသည်။

အမိနိုင်ငံ၏ မြေကြီးကိုနမ်းရှုပ်၍ဝလျှင် သူသည် အခြားသော လေယာဉ်ခရီးသည်များနှင့်အတူ လေဆိပ်တွင်ရှိ စစ်ဆေးရေးဂိတ်သို့ သွားခဲ့သည်။

သူ့တွင် ပစ္စည်းများများ ပါမလာပေ။

Samsonitc ကုမ္ပဏီလုပ် Bocing Suitcase လက်ဆွဲသေတ္တာတစ်လုံးနှင့် သားရေးတုနှင့်ပြုလုပ်ထားသော လွယ်အိတ်တစ်လုံးပဲ ပါလာခဲ့သည်။

ထိုပစ္စည်းများကို ၁၅ မိနစ်ခန့်ကြာအောင် စစ်ဆေးခံပြီးနောက် အောင်ဖျူရှမှာ ထိုနေရာမှ ထွက်လာခဲ့သည်။

လေဆိပ်ခန်းမကြီးထဲသို့ အရောက်တွင် ခရီးသည်များကို လာရောက်ကြိုဆိုနေကြသောလူများကို သူတွေ့ရသည်။

သူကလည်း မိခင်ကြီးရှိရာသို့ သူရောက်လာသည့်အချိန်နှင့်ရက်ကို တိတိကျကျ သံကြိုးကို ကြို၍ရိုက်ထားသဖြင့် သူ့ကိုလာရောက်၍ ကြိုဆိုမည့်လူများကို ရှာဖွေနေမိသည်။

ယင်းသည့်အခိုက် ထိုအကြိုက်မှာပင် သူ့နောက်ဘက်





ခပ် လှမ်းလှမ်းဆီမှ 'ကိုကို'ဟူ၍ သာယာလှသော အသံတစ်သံပေါ်လာခဲ့သည်။ သူသည် အသံလာရာသို့ အမှတ်မထင် လှမ်းကြည့်မိသည်။

အလွန်ချောမောလှပသော အသက် ၂၀ အရွယ်ခန့်ရှိ အမျိုးသမီးချောကလေးတစ်ဦး။

သို့သော် အောင်ဖျူရှကတော့ ထိုအမျိုးသမီးချောကလေးကို သိလည်းမသိ မြင်လည်းမမြင်ဖူးသည်ကတစ်ကြောင်း၊ သူ့ကိုခေါ်နေသည်မထင်သည်ကတစ်ကြောင်းမို့ သူက ရှေ့သို့ဆက်၍လျှောက်သွားခဲ့သည်။

'ကိုကို… ကိုကို အောင်သူရိန်၊ ဒါက ဘယ်ထွက်သွားနေရတာလဲ'

ထိုအမျိုးသမီးကလေးထံမှ ဒုတိယအကြိမ်ခေါ်သံမှာပေါ်လာပြန်သည်။ ဤတစ်ကြိမ်တွင်တော့ အောင်ဖျူရှမှာ လှည့်၍ပင် မကြည့်တော့ပေ။ ကြည့်စရာလည်း မလိုပေ။

သူ့အမည်က အောင်ဖျူရှ။ အမျိုးသမီးချောကလေး ခေါ်နေသူက အောင်သူရိန်ဆိုတော့ ဘာဆိုင်လို့နည်း။

ရှေ့က အောင်တစ်လုံးသာ တူနေသည်။

ကျန်နှစ်လုံးက မတူပေ။

အစိုးရအောင်ဘာလေ ထီလက်မှတ်နှင့်ဆိုလျှင် ရှေ့တစ်လုံးသာတူပြီး ကျန်နှစ်လုံးလွဲနေ၍ ၃ လုံးတူ နှစ်သောင်းဆုပင်



www.burmeseclassic.com

www.burmeseclassic.com



ရှုညှော်မဟုတ်ပါ။ သည်တော့ အောင်ဗျူဟအဖို့ လှည့်ကြည့်စရာ ခလိုမှ ဆက်လက်ထွက်ခွာသွားခဲ့သည်။

သူက ဆက်လက်၍ထွက်သွားစေကာမူ အမျိုးသမီး ချောကလေးကတော့ သူ့နောက်သို့ အပြေးလိုက်၍သွားသည်။

'ကိုကို ဒါက ဘာအချိုးချိုးနေတာလဲဟင်၊ ဝင်းလွဲ့ကို လူတွေရှေ့မှာ အရှုးလုပ်နေတာလားဟင်'

ရှေ့မှသွားနေသော အောင်ဗျူဟလက်ကို ဆောင့်ဆွဲရင်း အမျိုးသမီးချောကလေးက ရန်တွေ့သံနှင့် မေးနေသည်။

'ဟောဗျ… ဒါကဘယ်လိုဖြစ်ရတာလဲ'

သူ့လက်ကိုလာဆွဲ၍ ရန်တွေ့နေသော အမျိုးသမီးချော ကလေးအားကြည့်ရင်း အောင်ဗျူဟနှုတ်မှ အံ့သြသံနှင့် ပြောနေ သည်။

'အမယ်… အခုထက်ထိ လူကို အကြောင်းရိုက်တုန်း ရှိသေးတယ်၊ ကိုကိုနော် သူများကို အရမ်းစိတ်ဆိုးအောင် စမနေ နဲ့၊ တော်ရုံပဲစတာ ကောင်းတယ် သိလား'

အမျိုးသမီးချောကလေးကတော့ သူ့ကို လုံးဝအလျှော့ မပေးဘဲ ဆက်၍ရန်တွေ့နေသည်။

'ဟာ… ဒုက္ခပါပဲ၊ ခင်ဗျား လူမှားနေပြီဗျ'

'သွားစမ်းပါ… ဘာဖြစ်လို့လူမှားရမှာလဲ၊ ကိုကိုနဲ့ ဝင်းလွဲ့ဟာ နှစ်နှစ်လုံးလုံး အတူတူသွားနေလာကြတဲ့ဟာ၊ ကိုကို





ညစ်တေးလှူကို သုံးနှစ်လောက်သွားမှ ကွဲကွာခဲ့ကြရတဲ့ဟာ ဘယ်လိုလုပ် လူမှားမှာလဲ'

မိန်းမချောကလေးက အောင်ဗျူဟကို ရှင်းပြနေသည်။

ထိုအခိုက်မှာပင် အသံတစ်သံမှာ သူ့ထံသို့ ရောက်လာ သည်။

'ဟေ့ကောင်ကြီး အောင်သူရိန်၊ မင်း မသေသေးဘူး ပေါ်၊ တို့မှာဖြင့် မင်းသေတယ်ထင်လို့ စိတ်ထိခိုက်ပြီး ဝမ်းနည်း ဆုံးဖြစ်နေရတာကွ၊ အခုတော့ မင်းဟာ ငါမသေဘူး ရေကူး ဘတ်တယ်ဆိုတာမျိုး ဖြစ်နေတာကိုး၊ ဟား… ဟား… ဟား'

စကားသံအဆုံးတွင် ထိုလူမှာ သူ့ကို ဝမ်းသာအားရ ပြေးဖက်နေသည်။

အောင်ဗျူဟမှာတော့ သူ့ကို လူမှား၍ပြောနေကြသံ ကြောင့် ဦးနှောက်ခြောက်နေတော့သည်။

'အင်း… ခက်တာပဲ၊ ခင်ဗျားတို့ပဲ ရူးနေကြတာလား ကျွန်တော်ပဲ ရူးနေသလားတော့မသိဘူး၊ ဘယ်လိုပဲရှင်းရှင်း မရ ပါလားဗျာ'

အောင်ဗျူဟ စိတ်ညစ်သံနှင့် ပြောနေသည်။

ဒါကိုပင် သူ့ကို လူမှား၍နေကြသူတွေက ပြက်လုံး ထုတ်သည်ဟုထင်ကာ ရယ်နေကြသည်။

ပြီးမှ ဗျူဟနှင့်ရွယ်တူလူရွယ်က ပြန်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အလယ်လယ်… ငါ့ကိုများ ခင်ဗျားတွေ ကျွန်တော်တွေနဲ့ပြောနေလိုက်တာ၊ အင်း…သြစတေးလျကို သုံးနှစ်လောက်သွားနေခဲ့လို့ ယဉ်ကျေးလာတာလား၊ ဒါမှမဟုတ် တို့ကို သူငယ်ချင်းအဖြစ် အသိအမှတ်မပြုချင်တော့လို့ လူစိမ်းတွေလို သဘောထားပြီး ပြောတာလားတော့ မသိဘူး'

'ဟုတ်တယ် ကိုတင်မောင်သန်းရဲ့၊ ညီမကိုလည်း ခင်ဗျားတွေ ကျွန်တော်တွေလုပ်ပြီး ပြောနေတယ်လေ၊ သြစတေးလျမှာ ဘာတွေများဖြစ်ခဲ့တယ် မသိဘူး'

'ဘာတွေဖြစ်ရမှာလဲ၊ ဒီကောင်ဟာ လေယာဉ်ပျက်ကျတဲ့အထဲ ပါသွားခဲ့ပြီး ကံကောင်းထောက်မစွာ အသက်ဘေးကလွတ်မြောက်ခဲ့ပေမယ့် သူ့ဦးနှောက်တွေကတော့ မူလအတိုင်းမရှိဘဲ **ပိုဓေးရှင်**တွေ မှားနေလို့ အခုလို ကြောင်သွားတာ ထင်တယ်၊ ဟား… ဟား… ဟား'

ထိုစကားများကြားရလျှင် အောင်ဖျူ့ဌ ဒေါကန်သွားခဲ့သည်။

'ဟာ…ခင်ဗျား ဘာစကားတွေ ပြောနေတာလဲ၊ နိမိတ်မရှိနမာမရှိစကားတွေ မပြောနဲ့ဗျ'

'ဟောကြည့်… အခုထက်ထိ ငါ့ကို ခင်ဗျားတွေ ကျွန်တော်တွေနဲ့ပြောနေတုန်းပဲ၊ မင်းနဲ့ ငါဟာ မူလတန်းကတည်းက အတူနေခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပါကွာ၊ တစ်သက်လုံးခင်းခတွေငါတွေနဲ့ပြောလာပြီးမှ အခု ဘယ်လိုကြောင့် ကျွန်တော်တွေခင်ဗျားတွေ အစားဝင်လာရတယ်ဆိုတာ အသင်အောင်သူရိန်သည် အကျွန်ုပ် တင်မောင်သန်းအား ရှင်းပြစေ'





တင်မောင်သန်းကတော့ အောင်ဖျူ့ဌမှန်းမသိသေးဘဲ အောင်သူရိန်က ခပ်တည်တည်နှင့် နောက်နေသည်ထင်ကာ ပြောနေခြင်းပင်။

'ခက်လိုက်တာဗျာ… ကျုပ်နာမည်က အောင်သူရိန်မဟုတ်ဘူး၊ အောင်ဖျူ့ဌဗျ၊ ခင်ဗျားတို့ လူမှားနေတာ အရမ်းသေချာနေပြီ၊ ပြီးတော့ ကျွန်တော် အခုပြန်လာတာက သြစတြေးလျက မဟုတ်ဘူး၊ စင်္ကာပူကဗျ၊ ရှင်းပြီလား'

'ကိုင်း… ချစ်ရည်ဝင်းလဲ့ရေ၊ ဒီကောင်ကတော့ ငါပြောသလို ဦးနှောက်တွေ နေရာမှားကုန်တာတော့ သေချာနေပြီ၊ ဘယ်လိုလုပ်ကြမလဲ'

တင်မောင်သန်း၏စကားကြောင့် မိန်းမချောကလေး ချစ်ရည်ဝင်းလဲ့မှာ ငိုချင်သလိုလိုဖြစ်နေသည်။

အောင်ဖျူ့ဌကတော့ သူ့ကိုယုံကြည်စေရန် ဆက်၍ပြောနေသည်။

'ဒီမယ် ကျွန်တော်ဆွဲလာတဲ့ သေတ္တာပေါ်က စာကိုဖတ်ကြည့်ဦး၊ အောင်သူရိန်မဟုတ်ဘူး၊ အောင်ဖျူ့ဌလို့ အင်္ဂလိပ်လိုရေးထားတာကို တွေ့တယ်မဟုတ်လား၊ ဒီတော့ ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



ေ့မှားနေတာ ဆင်သွားသလို ထင်ရားနေပြီလေ'

အောင်ဇူလွ၏ပြောသံကြောင့် တင်မောင်သန်းနှင့် ချစ်ရှည်ဝင်းလှဲ့တို့မှာ တစ်ဦးမျက်နှာကိုတစ်ဦး ပြိုင်တူကြည့်မိကြသည်။

သူတို့ကြည့်ပုံမှာ အောင်သူရိန်တစ်ယောက် တကယ်ပင် ဦးနှောက်ချောင်သွား၍ သူ့ကိုယ်သူ အောင်ဇူလွဟု ပြောနေခြင်း ဖြစ်ရမည်ဟု အထင်မှားနေကြခြင်းပင်။

သို့ဖြစ်၍ တင်မောင်သန်းမှာ စောစောကလို ရွှတ်နောက်နောက်စကားများကို မပြောတော့ဘဲ စိတ်နောက်နေသူတစ်ယောက်ကို ချော့ပြောသလို ပြောနေတော့သည်။

'အေးလေ… မင်းဟာ အောင်သူရိန်မဟုတ်ဘဲ အောင်ဇူလွလို့ ဆိုနေတော့လည်း အောင်ဇူလွပေါ့ကွာ၊ ဒါပေမဲ့ ငါတို့နဲ့တော့ လိုက်ခဲ့ပါကွာ၊ ဟုတ်ပြီလား'

'ဗျာ… ခင်ဗျားတို့နဲ့လိုက်ရမယ်၊ ဘယ်ကိုလိုက်ရမှာလဲ'

'ကုက္ကိုင်းဘက်မှာရှိတဲ့ ကမ္ဘောဇလမ်းကိုလေ'

'ဟာ… မဖြစ်ဘူး၊ ကျွန်တော်က ရွာကို ပြန်ရဦးမယ်၊ သူတို့ကိုလည်း ကျွန်တော် အကြောင်းကြားထားလို့ လာကြိုနေကြမှာဗျ'

'ဟိုက်… ဗုဒ္ဓေါ'





အောင်ဇူလွ၏စကားတွေကြောင့် တင်မောင်သန်းမှာ တအံ့တသြဖြစ်ကာ အထက်ပါအတိုင်း အာမေဋိတ်သံကြီး ထွက်ပေါ်လာခဲ့တော့သည်။

'မဟုတ်သေးပါဘူးကွာ၊ မင်းက ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာကြီးတဲ့ ရန်ကုန်သားစစ်စစ်ကြီးပါကွာ၊ ရွာပြန်ရအောင် အဲဒီမှာ ဘ⋯ ပူဆွေရှိနေလို့လဲ ပြောစမ်းပါဦး'

'ကျုပ်မိဘ ကျုပ်ဆွေမျိုးတွေရှိတာပေါ့ဗျ'

'မြတ်စွာဘုရား… ကယ်တော်မူပါ၊ ဒီကောင်တော့ ငါထင်ထားတာထက်ကို ဦးနှောက်အနေအထား အတော်ဆိုးနေပြီထင်တယ်၊ ဟွန်း…'

တင်မောင်သန်း၏ ရေရွတ်သံ။

ချစ်ရှည်ဝင်းလှဲ့မှာလည်း အောင်ဇူလွပြောသည်ကို နားထောင်ရင်း သူ့မချစ်သူမှာ စိတ်ရောဂါသည်တစ်ဦးဖြစ်နေပြီဟု ထင်မှတ်ရင်း မျက်ရည်တွေကျလာခဲ့သည်။ ပြီးတော့ ငိုရှိုက်သံကလေးနှင့် အောင်ဇူလွကို ပြောနေသည်။

'ကိုကိုရယ်… စိတ်ကို ခိုင်ခိုင်ထားပြီး စဉ်းစားစမ်းပါ၊ အခုလို စိတ်ထဲမှာ ထင်ယောင်ထင်မှားဖြစ်နေတာတွေကို မပြောပါနဲ့၊ ကိုကိုဟာ ကိုတင်မောင်သန်းပြောသလို ရန်ကုန်သားအစစ်ပါ၊ ရွာမှာနေခဲ့တာမဟုတ်ဘူး၊ ကိုကို့ရဲ့အမေဟာ လွန်ခဲ့တဲ့တစ်ပတ်တုန်းက ကိုကို လေယာဉ်ပျံပျက်ကျတဲ့အထဲ ပါသွားပြီလို့



www.burmeseclassic.com

www.burmeseclassic.com



သတင်းရခဲ့တော့ ကိုကို့အမေဟာ စိတ်ထိခိုက်ပြီး မူးလဲကျလို့ ဆေးရုံကို တင်ခဲ့ရတယ်၊ ဒါပေမဲ့ ကိုကိုဟာ အသက်မသေဘဲ သေသားက လွှတ်လာတယ်ဆိုတာ ကိုကို့ဆီကဖုန်းဆက်ပြီးပြော တာသိကြရလို့ ကိုကို့မိဘတွေရော ဝင်းလဲ့တို့ပါ ထကမတတ် ဝမ်းသာကုန်ကြတယ်၊ ဒါကြောင့် ဝင်းလဲ့တို့ဟာ ကိုကိုရောက် လာမယ်ဆိုတဲ့ ဒီနေ့မှာ လေဆိပ်ကို လာကြိုကြတာပေါ့၊ အဲ… ကိုကို့ဖေဖေကတော့ ကိုကို့မေမေ ကောင်းကောင်း မကျန်းမာ သေးလို့ အိမ်မှာပဲ ကိုကို့ပြန်အလာကို စောင့်မျှော်နေကြပါတယ်၊ ဒါကြောင့် ကိုကိုဟာ စိတ်ကိုတည်ငြိမ်အောင်ထားပြီး ဝင်းလဲ့ ဟို့နဲ့အတူ ကိုကို့မိဘအိမ်ကို လိုက်ခဲ့နော် ကိုကို'

အောင်ဇျူလှမှာ ချစ်ရည်ဝင်းလဲ့၏စကားများကို နား ထောင်ရင်း အောက်ပါအတိုင်း စိတ်ထဲမှတွေးကြည့်နေသည်။

'အင်း… သူတို့ပြောနေကြတဲ့ အောင်သူရိန်ဆိုတာ တကယ်ပဲ လေယာဉ်ပျက်ကျပြီး သေဆုံးသွားတာလား၊ အာ… ဒါလည်း မဖြစ်နိုင်ပါဘူးလေ၊ သူပြောတဲ့အထဲမှာ အောင်သူရိန်က လေယာဉ်ပျက်ကျပေမယ့် သူ မသေဘူး၊ မြန်မာပြည်ကို ပြန်လာ ခဲ့မယ်ဆိုပြီး ဖုန်းဆက်ခဲ့တာပဲ။ သူပြန်လာမယ်ဆိုတာက ဒီကနေ့ ညနေပဲ၊ ဒါပေမဲ့ သူက ရောက်မလာဘူး၊ အောင်သူရိန်ဟာ တကယ်ပဲသေသွားလို့လား၊ သူ မသေကြောင်း ဖုန်းဆက်တယ် ဆို[illegible]ာက တစ်စုံတစ်ယောက်က နောက်ပြောင်တဲ့သဘောနဲ့ဆက်





တာလား၊ တကယ်လို့ အောင်သူရိန်ဟာ ပြန်ရောက်မလာရင် သူ့မိခင်ကြီးဟာ နောက်တစ်ကြိမ် စိတ်ထိခိုက်ရတော့မယ်၊ ဒီ တစ်ကြိမ် စိတ်ထိခိုက်ရင်တော့ **ရေဝေးနဲ့ထိန်ပင်** တစ်ခုခုကို [illegible]တော့တယ်၊ ကိုင်း… ဒီလိုဆို ငါ ဘယ်လိုလုပ်ရမလဲ၊ လူ့အသက်တစ်ချောင်းကို ကယ်တင်တဲ့အနေနဲ့ ခဏ္ဍခဏ အောင်သူရိန်ယောင်ဆောင်နေပြီး နောက်ရက်တော်တော်ရမှ ငါဟာ အောင်သူရိန်မဟုတ်ဘဲ အောင်ဇျူလှဖြစ်ကြောင်း ပြောပြရင် သူ့မိခင်ကြီးအတွက် အခြေအနေဆိုးတော့မယ်မထင်ဘူး၊ ဒီတော့ ငါဟာ အောင်သူရိန်အဖြစ် သူတို့ထင်မှားနေကြ[illegible]လို့ အယောင် ဆောင်လိုက်ရမလား၊ အာ… ဒါလည်း မဖြစ်သေးပါဘူး၊ ဒီ ကနေ့ ငါပြန်လာမယ်ဆိုတာ ငါ့အမေကို သံကြိုးရိုက်ပြီးအသိပေး ထားတာပဲ၊ ရွာကလူတွေ လာကြိုကြလို့ ငါ့ကိုမတွေ့ရင် ဘယ်လို လုပ်မလဲ၊ မေမေကလည်း စိတ်ပူနေလိမ့်မယ်, ငါကလည်း မေမေ့ကို တွေ့ချင်နေတာ၊ ခက်တာပဲ'

အောင်ဇျူလှမှာ အထက်ပါအတိုင်းတွေးရင်း ချစ်ရည် ဝင်းလဲ့တို့နှင့် လိုက်သင့် မလိုက်သင့် ချိန်ဆနေသည်။

'ကိုကို ဘာတွေစဉ်းစားနေတာလဲ၊ ဝင်းလဲ့ပြောနေတာ မကြားဘူးလားဟင်'

ချစ်ရည်ဝင်းလဲ့က သူ့လက်မောင်းကို ကိုင်လှုပ်[illegible] ပြောနေသည်။ သည်တော့ အောင်ဇျူလှမှာ သတိဝင်[illegible]ပြီး အူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြောင်အသံနှင့် ပြန်မေးသည်။

'ဩော်… အင်း… အဲ… ခင်… ခင်ဗျား ဘာတွေ ပြောနေလို့လဲ'

'ဟောကြည့်… သူများကို ခင်ဗျားတွေ ဘာ… သူစိမ်းဆန်ဆန်ပြောနေပြန်ပြီ၊ အရင်ကအတိုင်း ဝင်းလှဲ့ကို ခေါ် ပြောပါလား'

'ဟုတ်ကဲ့… အဲ… အဲ… အေးပါကွာ ပြောပါ့မယ်၊ ဒါနဲ့ ခုတင်က ဘာပြောလိုက်လို့လဲ'

'ဘာပြောရမှာလဲ… ကိုကို့အိမ်ကိုပြန်မယ်လို့ ပြောနေတာပေါ့၊ ဘာလဲ ငြင်းဦးမလို့လား'

'အယ်…အယ်… ငြင်းတော့ပါဘူး၊ ခင်ဗျား… အဲ… ဝင်းလှဲ့စကားအတိုင်း လိုက်ခဲ့ပါ့မယ်လေ'

အောင်ဗျူဟ၏စကားကြောင့် တင်မောင်သန်းရော ချစ်ရည်ဝင်းလှဲ့ပါ ဝမ်းသာအားတက်သွားခဲ့ကြသည်။အောင်ဗျူဟအနေနှင့်လည်း အဖြစ်မှန်ကိုပြော၍ ငြင်းမရမည့်အတူတူ သူတို့ခေါ်ရာသို့လိုက်သွားခြင်းကကောင်းမည်မို့ ယခုလို လိုက်သွားခဲ့ခြင်းပင်။

ရှောရှောရှူရှူနှင့် အောင်ဗျူဟ လိုက်လာခဲ့၍ လေဆိပ်တွင် အောင်သူရိန်၏ မိဘများကိုယ်စား ဿာရောက်ကြိုဆိုကြသော တင်အောင်သန်းနှင့် ချစ်ရည်ဝင်းလှဲ့တို့မှာ ဝမ်းသာမဆုံးဖြစ်နေကြတော့သည်။

❖

(နှစ်)

## သူတို့၏ကံကြမ္မာ

အောင်ဗျူဟတို့ လေဆိပ်မှထွက်သွားပြီး တစ်နာရီခန့်အကြာတွင် ဩစတေးလျမှ ပြန်လာခဲ့သော အောင်သူရိန်မှာလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာခဲ့သည်။ သူစီးခဲ့သော ဩစတေးလျလေယာဉ်ကြီးမှာ ရန်ကုန်မြို့သို့ တိုက်ရိုက်မပြန်ဘဲ ထိုင်းနိုင်ငံမှတစ်ဆင့်လာခဲ့ရခြင်းပင်။

သို့ဖြစ်၍ သူ့မှာ မူလရောက်ရမည့်အချိန်ထက် တစ်နာရီကျော်ခန့်နောက်ကျပြီးမှ ရောက်လာခဲ့ရသည်။

ယင်းသို့ နောက်ကျခဲ့မှုကြောင့် သူ့ကို လေဆိပ်တွင် လာကြိုကြသော တင်မောင်သန်းနှင့် သူ့ချစ်သူကလေး ချစ်ရည်ဝင်းလှဲ့တို့မှာ အောင်ဗျူဟကိုသူနှင့်မှားကာ ကြိုဆိုသွားကြခြင်းပင်။

မှားကြမည်ဆိုလျှင်လည်း မှားစရာပင်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရိန်နှင့်အောင်ဗျူဟတို့မှာ တစ်ဦးတည်းကို နှစ်ကိုယ်ခွဲထားသလို ရုပ်ရည်ရော အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်ပါ ချွတ်စွပ်တူနေ၍ ဖြစ်သည်။

အောင်ဗျူဟ၏ ကြေးနန်းစာကြောင့် သူနေတိုက်ရာ မှ သူနှင့် ယေ်သူငယ်ချင်းလည်းဖြစ်၊ အလွန်လည်း ခင်မင်ရင်းနှီးနေသူ အသက် ၂၀ ကျော်ခန့်အရွယ် ရွှေဗိုင်းဆိုသူ အမျိုးသမီးကလေးနှင့် သူမအစ်ကို ဘမောင်ဆိုသူတို့က လေဆိပ်တွင်လာရောက်ကြိုဆိုနေကြသည်။

ဗျူဟ၏ဇင်ကြီး ဒေါ်အေးနွယ်ကတော့ ခြေရာဘက်မှာနေ၍ သားထံသို့ လိုက်မလာနိုင်ခဲ့ပေ။

ရွှေဗိုင်းမှာ တောသူပင်ဖြစ်လင့်ကစား ရုပ်ရည်ကတော့ မြို့ကြီးသူတွေ ရှုံးအောင်ချောမောလှပသူကလေးပင်။ အရပ်ကလည်း မနိမ့်မမြင့် ကိုယ်လုံးကိုယ်ပေါက်ကလည်း တောင့်တင်းဖြောင့်စင်းလှသည်။ ရွှေဗိုင်းအမည်နှင့်လိုက်အောင် အသားအရေမှာ ဗိုင်းကလေးလို ဖြူဖြူဖွေးဖွေး၊ သူမတို့ရွာတွင်တော့ ရွှေဗိုင်းမှာ အချောအလှထိပ်ခေါင် ကွမ်းတောင်ကိုင်ကလေးပင်။

ရွှေဗိုင်း၏အလှဂုဏ်ကြောင့် ပိုးကြပန်းကြသော ကာလသားတွေမှာ များမှများ။ သို့သော် ရွှေဗိုင်းကတော့ အောင်ဗျူဟမှလွဲရင် အခြားသူများကို ဖွဲနှင့်ဆန်ကွဲလောက်သာ သဘောထားသည်။ ရွှေဗိုင်း၏အစ်ကို ဘမောင်ကတော့ အသက် ၃၀ ခန့်





ရှိသည်။ ညီမဖြစ်သူ အသားဖြူသလောက် သူက မည်းမြှာသည်။ အရပ်ကလည်း ပိန်ပိန်ရှည်ရှည်။

ရုပ်ရည်ကလည်း နဂိုးနည်းကြမ်းသည်။

ထို့ထက်ပိုဆိုးသည်က ဘမောင်မှာ ခပ်ကြောင်ကြောင်လူစား။ အကြောင်းကတော့ သူ့ဦးနှောက်မှာ ကျပ်မပြည့်ဘဲ ပြားကိုးဆယ်သာ ရှိ၍ပင်။

ထို့ကြောင့် ရွာမှ ကာလသားတွေက သူ့ကွယ်ရာတွင် ဘမောင်အစား ဘကြောင်ဟု ပြောင်လှောင်ကာ ခေါ်ကြသည်။

ဘမောင်မှာ ကျပ်မပြည့်ရှာသော်လည်း သဘောတော့ အလွန်ကောင်းသည်။

မောင်နှမနှစ်ယောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အချိန်မီရောက်မလာနိုင်ခဲ့ပေ။ သူတို့ စီးနင်းလိုက်ပါလာခဲ့ကြသော ခရီးသည်တင်ကားမှာ လမ်းတွင်ပျက်နေ၍ပင်။

လူတို့၏ ကံကြမ္မာမှာ ဆန်းကြယ်လှသည်။

ရည်ရွယ်ထားပါလျက်နှင့်လည်း ရည်ရွယ်ထားသည့်အတိုင်းမဖြစ်တတ်သလို မရည်ရွယ်ဘဲနှင့်လည်း ဖြစ်တတ်ကြသည်။

ယခုလည်း ထိုအတိုင်းပင်။

သူတို့ လုံးဝမသိခဲ့ကြသော အောင်ဗျူဟကို ချစ်ခင်ခင်းလဲ့နှင့် တင်မောင်သန်းတို့က လူမှား၍ခေါ်သွားခဲ့သလို ယခု



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွှေဖျိုင်းနှင့် အစ်ကိုဖြစ်သူ ဘမောင်မှာ အောင်သူရိန်ကို အောင်ဇျူအမှတ်နှင့် လူမှားရှုခေါ်ရန် ဖြစ်ပေါ်လာခဲ့တော့သည်။

အောင်သူရိန်မှာ သူစီးလာခဲ့သော မလေယာဉ်ပေါ်မှ ဆင်းလာခဲ့ပြီးနောက် စစ်ဆေးရေးဂိတ်တွင် ပါလာခဲ့သော ပစ္စည်းများကို အစစ်ဆေးခံနေသည်။

ပြီးလျှင်တော့ သူသည် စစ်ဆေးရေးဌာနမှ အပြင်ဘက်ရှိ လာရောက်ကြိုဆိုသူများရှိနေသော လေဆိပ်ခန်းမကြီးသို့ ဆက်လျှောက်လာခဲ့သည်။

'ဟ… ဒါက ဘယ်လိုဖြစ်တာလဲ၊ ဒီညနေ ငါပြန်လာမယ်လို့ စာနဲ့ရော ဖုန်းနဲ့ပါ သေသေချာချာ အကြောင်းကြားထားပါရက်နဲ့ လာကြိုကြတာ မတွေ့ပါကလား၊ ဘာဖြစ်ပါလိမ့်ပါလိမ့်'

အောင်သူရိန်မှာ စိတ်ပျက်သံနှင့် ရေရွတ်နေသည်။

ထိုစဉ်မှာပင် ဝမ်းသာအားရနှင့်အော်ပြောနေသော အသံတစ်သံကို သူနားထဲ၌ ကြားလိုက်ရသည်။

ထိုအသံသည်ကား

'ဟော… ဟိုမှာ ဟိုမှာ အောင်ဇျူ တို့ကိုလိုက်ရှာနေတယ်နဲ့တူတယ်၊ ဟေ့ကောင်ကြီး အောင်ဇျူ၊ တို့ဒီမှာလေကွာ ဟား… ဟား… ဟား'

သို့ပြောသံကြောင့် အောင်သူရိန်မှာ အသံလာရာသို့လှမ်းကြည့်မိသည်။ အရပ်ပိန်ပိန်ရှည်ရှည်၊ အသားမည်းမည်းနှင့် လူ





တစ်ယောက်။

သူ၏ဘေးတွင် အသားဖြူဖြူနှင့် အမျိုးသမီးတစ်ယောက်။ သူ့ကို ဝမ်းသာအား ရှုင့် လက်ပြရင်း သူ၏အနီးသို့ ပြေးလာနေကြသည်။

'အလို…ဟိုနှစ်ယောက် ငါ့ကို ဝမ်းသာအားရ လက်ပြရင်း ငါ့ဆီကို ပြေးလာနေကြပါကလား၊ လူမှားတာလား၊ ငါ့ကို အချဉ်ဖမ်းချင်လို့ ဉာဏ်ဆင်ပြီး အခုလို လူမှားချင်ယောင်ဆောင်တာလား၊ ဘာပဲဖြစ်ဖြစ် ငါတော့ ဒီနေရာက မြန်မြန်လစ်မှပဲ'

အောင်သူရိန် တစ်ကိုယ်တည်းရေရွတ်ရင်း ပြောရန်ပြင်သည်။ မရပေ။

'ဟေ့ကောင်ကြီး… ဒါက ဘာလုပ်တာလဲ၊ မနောက်နဲ့ကွာ'

ဘမောင်က ပြောရင်း ပြေးရန်ပြင်နေသော သူ၏လက်ကို ဖမ်းဆွဲထားသည်။ ရွှေဖျိုင်းကလည်း သူ၏အနီးသို့ အပြေးအလေးရောက်လာပြီး သူ့ကို နှိုက်တွေ့နေသည်။

'ဟဲ့… ငအောင်၊ ဒါက ဘာအချိုးလဲ၊ တို့မှာတော့ နင် ပြန်လာမယ်ဆိုလို့ ဝမ်းသာအားရနဲ့ ဒုက္ခခံပြီး လာကြိုခဲ့တာ၊ ဒါကို နင်က တို့ကို မသိသလိုလုပ်ပြီး အကြောင်ရိုက်ရသလားဟဲ့ သနာရဲ့၊ ဟွန်း…'

သူ့ထက် အသက်ငယ်ရွယ်သူ အမျိုးသမီးကလေးက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမိုက်မိုက်ရိုင်းရိုင်း ပြောနေမှုကြောင့် အောင်သူရိန်မှာ ဒိုင်းခနဲ သေနတ်သံ ကြားလိုက်ရသည်။

အဲ… အဲ… မှားလို့ဗျို့၊ ထောင်းခနဲ ဒေါသတွေထွက်သွားမိသည်။ အတော်အဆင့်နိမ့်ပြီး ရိုင်းပျတဲ့ဟာတွေပါလားဟု၍ သူ့စိတ်ထဲတွင် ရွေးမိသွားသည်။

သို့ဖြစ်၍ သူကလည်း ရွှေဗျိုင်းကို ဘုပြန်တောနေတော့သည်။

'ဟေ့… ဟေ့… မင်းစကားပြောတာ ရိုင်းလှချည်လား၊ ငါက နင့်ထက် အသက်ကြီးတယ်လေ၊ ယဉ်ယဉ်ကျေးကျေးပြောမှပေါ့'

သို့သော် ရွှေဗျိုင်းကတော့ သူ့ကို ယယ်သူယယ်ချင်း အောင်ဗျူ့ ဟုသာထင်နေ၍ ထပ်မံပြီး ရန်တွေ့နေတော့သည်။

'အောင်မာ… နင်ကများ ငါ့ကို ရိုင်းသလေးဘာလေးနဲ့ နင်နဲ့ငါက ငါးနှစ်အရွယ်ကတည်းက အခုလိုပဲ နင်တွေ ငါတွေ ပြောလာခဲ့ကြတာ နင်မသိဘူးလား၊ နင်က စက်ဘုန်ိုင်ငံကို နှစ်နှစ်ကျော်ကျော်လောက်သွားပြီး နေခဲ့ရလို့ ဘဝင်မြင့်ပြီး စိတ်ပြောင်းသွားတာလား၊ အေး… နင် စိတ်ပြောင်းချင်ပြောင်း မပြောင်းချင်နေ၊ ငါကတော့ အရင်တုန်းကအတိုင်း ခေါ်သလို ပြောသလို ပြောမှာပဲ၊ ပြောင်းခေါ်လိမ့်မယ်လို့တော့ မထင်လိုက်နဲ့ သမေး'





ရွှေဗျိုင်း၏စကားများကို အစ်ကိုဖြစ်သူ ဘမောင်ကလည်း ထောက်ခံနေသည်။

'ဟုတ်သားပဲ အောင်ဗျူ့ရ၊ ငါ့နှမနဲ့မင်းဟာ ငယ်ငယ်ကလေးတည်းက အခုလို ပြောခဲ့ကြတာ၊ ဆန်းတာမှမဟုတ်ဘဲ၊ အခုမှ မင်းက စက်ဘုန်ပြန်ပြီးဆိုပြီး ဘဝင်မြင့်သံနဲ့ ပြောနေတော့ ငါ့နှမ ရွှေဗျိုင်းကလည်း ဘယ်ကျေနပ်ပါ့မလဲ'

ဘမောင်၏ စကားအဆုံးတွင် အောင်သူရိန်၏ ခေါင်းထဲတွင် ဝင်းခနဲ စိတ်ကူးတစ်ခု ပေါ်လာခဲ့သည်။

အခြားတော့ မဟုတ်ပေ။

ယခု သူ့ကိုပြောနေကြသော အောင်ဗျူ့နှင့် သူ၏ရုပ်သည်မှာ ခွဲခြား၍မရအောင် တူသလော။ တူနေ၍သာ ယခုလို သူတို့က ပိုင်ပြောဆိုနေကြခြင်းပင်။

အောင်သူရိန်မှာ အကြောင်းအရာတစ်ခုခုကို သိလိုလျှင် အဖြေမပေါ်လျှင် ပေါ်အောင် စူးစမ်းတတ်သောညာဉ်မှာ ငယ်ငယ်ကလေးတည်းက အမြစ်တွယ်ခဲ့သည်။

ယခုလည်း စူးစမ်းလိုစိတ်တွေ တဖွားဖွားပေါ်လာ၍သည် ဆက်လက်၍ ငြင်းဆန်ခြင်းမပြုတော့ပေ။

အောင်ဗျူ့အဖြစ်နှင့် ရောယောင်ကာနေလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ ယင်းသို့ ဆုံးဖြတ်နိုင်အောင် တစ်ဖက်တစ်လမ်း မှ ဖိအားပေးနေသူကလည်း ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကား ရွှေဖျိုင်းဆိုသူ တောသူအချောကလေးပင်။

'အဟမ်း… အဟမ်း… ကျွန်တော် စောစောက ပြုခဲ့တာတွေဟာ ခင်ဗျားတို့ကို မတွေ့ရတာကြာလို့ တမင်စနေတာပါဗျာ၊ ဒီတော့ ကျွန်တော့်ကိုခွင့်လွှတ်ကြပါ၊ ဟုတ်ပြီလား မရွှေဖျိုင်း၊ ဟဲ… ဟဲ…'

အောင်ဖျူ့အဖြစ် စက္ကန့်အတွင်း အယောင်ဆောင်လိုက်သော အောင်သူရိန်က တောင်းပန်စကားပြောနေသည်။

'အောင်မယ်… နင်က ငါ့ကို မရွှေဖျိုင်းလေးဘာလေးနဲ့ ခေါ်နေလိုက်တာ၊ စကာ်ပူပြန်ကြီးမို့ တော်တော် ယဉ်ကျေးနေတယ်ထင်တယ်၊ ဟန့်'

ရွှေဖျိုင်းက သဘောမကျသံနှင့် အောင်သူရိန်ကိုပြန်ပြောနေသည်။

'အေးလေ… ယဉ်ကျေးတာ မကောင်းဘူးလား၊ ပြောပါဦး'

'ဟင့်အင်း… ဒီလိုခေါ်မျိုးကို ငါမကြိုက်ဘူး၊ အရင်တုန်းက နင် ခေါ်နေကျ မိဖျိုင်းလို့ခေါ်တာပဲ ကြိုက်တယ် မရွှေဖျိုင်းလို့ခေါ်တာကြီးက သူစိမ်းဆန်လွန်းပါတယ်ဟယ်'

'ကောင်းပြီလေ… မိဖျိုင်းလို့ခေါ်တာကြိုက်ရင် မိဖျိုင်းပေါ့ဟယ်၊ ကျေနပ်ပြီလား၊ ဟဲ… ဟဲ'

အောင်သူရိန် ချော့လဲရောထိုင်လုပ်နေသည်။





'ဟော… အောင်ဖျူ၊ ငါ့ကိုလည်း အရင်တုန်းကလို အစ်ကိုကြီးလို့ပဲ ခေါ်နော်၊ ဦးဘမောင်တို့ ကိုဘမောင်တို့ လုပ်မနေနဲ့ကွ'

ဘမောင်ကလည်း အောင်သူရိန်ကို ပြောနေသည်။

'အင်းပါ… ခင်ဗျားတို့စိတ်တိုင်းကျ ခေါ်ပါ့မယ်၊ ဒါထက် အခု ဘယ်ကနေလာကြိုကြတာလဲ၊ ခင်ဗျားတို့ချည်းပဲလား ဗျ'

အောင်သူရိန်က သိလိုသည်များကို ပါးနပ်စွာနှင့် မေးနေသည်။ ထိုအမေးကိုတော့ ဘမောင်က ပြန်ဖြေနေသည်။

'ဟုတ်တယ်… တို့နှစ်ယောက်တည်းပဲ၊ ပထမတော့ မင်းရဲ့အမေ ..ရီးလေးခေါ်အေးနွယ်ပါ လိုက်ဖို့ပဲ၊ အဲဒါ မနက်တုန်းက ( ..းလာရင်စားဖို့ ဈေးမှာ ဟင်းလျာသွားအဝယ်မှာ ခြေခေါက်လဲသွားလို့ မလာနိုင်တော့ဘူး၊ ဒါကြောင့် တို့ချည်းပဲ မှလဲတောရွာက လာတာပေါ့ကွ'

'သြော်… သြော်… ဒီလိုလား၊ ဒါဆိုရင် သွားကြစို့ဗျာ'

အောင်သူရိန်မှာ သူနှင့် လူမှားနေသော အောင်ဖျူ၏ မိခင်ကြီးအမည်ရော ရွာအမည်ပါ သိ ?က်ရလေပြီ။

တစ်ခုလိုနေသေးသည်က အောင်ဖျူတွင် မိခင်ကြီးသာ ရှိသလား၊ ဖခင်ကော မရှိဘူးလား။ ဒါကိုလည်းသိရန် လိုနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ… အောင်ဗျူ္ဟရဲ့အဖေ သက်ရှိထင်ရှားရှိမရှိ ဆိုတာရယ်၊ တခြားအကြောင်းအရာတွေကို သူတို့ရွာကိုရောက်တော့မှ ဖြည်းဖြည်းချင်း အစ်ထုတ်ပြီး မေးရမှာပဲ'

အောင်သူရိန်မှာ အထက်ပါအတိုင်း စိတ်ထဲမှတွေးနေသည်။

'ဟော့… မင်းပစ္စည်းတွေက ဒါတင်ပဲလား၊ တခြားဘာတွေပါသေးသလဲကွ'

သူတွေးနေခိုက် ဘမောင်က လှမ်းမေးနေသည်။

'မပါဘူး… ဒီလောက်ပဲ ပါလာတယ်ဗျ'

'ဒါထက် ငါမှာလိုက်တဲ့ ဟို… ဟို… မဂ္ဂဇင်းရော ပါလာသလားကွ'

ဘမောင်က မေးနေပြန်သည်။

'ဟိုဒင်းလေကွာ… ကဲပါလေ… ရွာရောက်မှပဲ ဆက်မေးပါတော့မယ်၊ ငါ့ညီမရေ့မှာ မေးမနေတော့ပါဘူး၊ သွားကြစို့'

ဘမောင်ကပြောရင်း အောင်သူရိန် လက်ဆွဲသားရေသေတ္တာကြီးကိုဆွဲကာ လေဆိပ်ခန်းမအပြင်သို့ ရှေ့မှထွက်သွားသည်။ ရွှေဗျိုင်းကတော့ အောင်သူရိန်၏လက်မောင်းကို ကိုင်၍ လိုက်ပါသွားခဲ့သည်။

✤

(သုံး)

## အယောင်ဆောင်ဘဝဝယ် ချာလည်လည်

တစ်ဖက်တွင်လည်း အောင်ဗျူ္ဟမှာ အားနာစိတ်နှင့် အောင်သူရိန် အယောင်ဆောင်အဖြစ် လိုက်သာသွားခဲ့ရသည်မှာ သူ့မှာ နှလုံးခုန်ရင်တုန် ဖြစ်နေရှာသည်။

'အင်း… သူတို့စိတ်ထဲမှာတော့ ငါ့ကို အောင်သူရိန် ထင်ပြီး ခေါ်သွားကြတာပဲ၊ ငါကလည်း ငြင်းမရလို့ လိုက်သွားခဲ့ရတယ်၊ ဟိုရောက်လို့ အောင်သူရိန်ရဲ့ မိဘတွေနဲ့ တွေ့ကြရင် ဘယ်လိုများ ဖြစ်မလဲ'

အောင်ဗျူ္ဟ စိတ်တွင်းမှတွေးနေသည်။

'အောင်သူရိန်မှာ ဩစတေးလျနိုင်ငံက ပြန်လာတယ်ဆိုတော့ သူဟာ ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်ရမယ်၊ ငါကတော့ ဆယ်တန်းအောင်ခဲ့တဲ့ကောင်မဟုတ်ဘူး၊ ပြီးတော့ အောင်သူ



www.burmeseclassic.com

www.burmeseclassic.com



ရိန့် ဩစတေးလျသွားတယ်ဆိုတာ ဘာအတွက်သွားတာလဲ၊ ပညာအတွက်လား၊ ဒါမှမဟုတ် အလုပ်အကိုင်အတွက်လား၊ အင်း… အဲဒါတွေက ငါ့အတွက်တော့ မဟာပြဿနာပါပဲ၊ ဒါတွေသိရအောင် သူတို့ကို ဘယ်လိုပရိယာယ်သုံးပြီး သိအောင် မေးရပါ့မလဲ'

အောင်ဗျူဟာမှာ အထက်ပါအတိုင်းတွေးရင်း ဦးနှောက်ခြောက်နေသည်။

'ဟေ့ကောင်ကြီး အောင်သူရိန်၊ ဘာတွေများတွေးပြီး ငေးနေရတာလဲကွ'

သူတွေးနေခိုက် တိုယိုတာမတ်(ခ်)တူးကို မောင်းနေသော တင်မောင်သန်းက မေးနေသည်။ သူကတော့ ကားမောင်းနေသော တင်မောင်သန်း၏ ဘေးမှထိုင်လျက် လိုက်ပါလာခဲ့သည်။

ချစ်ရည်ဝင်းလဲ့ကတော့ ကားနောက်ခုံ၌ လိုက်ပါခဲ့သည်။

'ဘာမှ မတွေးပါဘူးကွာ'

'မတွေးရင်လည်း ငါမေးတာကို ဖြေမှပေါ့၊ ဘာလို့ မကြားချင်ယောင်ဆောင်နေတာလဲ'

'ဟော… မင်းက ဘာတွေမေးနေလို့လဲ၊ ပြောပါဦး'

'တခြားမဟုတ်ပါဘူး၊ ဩစတေးလျမှာ ကွန်ပျူတာ





ပညာသွားသင်တာ တော်တော်ကျွမ်းခဲ့လားဆိုတာပါ'

ထိုအမေးကြောင့် အောင်ဗျူဟာ ဝမ်းသာသွားခဲ့သည်။

အဘယ်ကြောင့်နည်း။

သူအလွန်သိချင်နေသော ကိစ္စကို ယခုသိလိုက်ရ၍ပင်။

လက်စသပ်တော့ အောင်သူရိန်မှာ ဩစတေးလျနိုင်ငံ၌ ပညာသွားသင်၊ ဖွဲ့ငြိမ်းမှာ ကွန်ပျူတာ ပညာရပ်ကိုး။

'အင်း… တက်ခဲ့ပါတယ်ကွာ'

'အဟဲ… မင်းကလည်း သူငယ်ချင်းချင်းတောင် ဖုံးနေပြန်ပြီ၊ မင်းဟာ ကွန်ပျူတာပညာကို ရိုးရိုးတတ်မြောက်တာ မဟုတ်ဘဲ ထူးထူးချွန်ချွန်တတ်မြောက်ခဲ့တယ်လို့ ဩစတေးလျက မင်းဦးလေးက မင်းတို့အိမ်ကို သတင်းပို့ပြီးပါပြီ၊ ဒါကြောင့် ငါတို့ပါ သိခဲ့ရတာပေါ့ကွ၊ မင်းအတွက် ငါတို့က ဂုဏ်ယူပါတယ်ကွာ၊ ဟဲ… ဟဲ'

တင်မောင်သန်း ပြောအပြီးတွင် ကားနောက်တွင် ပါလာသော ချစ်ရည်ဝင်းလဲ့ကလည်း ဝင်ပြောသည်။

'အို… ကိုတင်မောင်သန်းကလည်း၊ ကိုကို့အကြောင်း အသိသားနဲ့၊ သူက ဘယ်တုန်းက ကြွားဝါပြီးပြောဖူးလို့လဲ၊ သူ့ရဲ့ အောင်မြင်မှုတွေကို ဂုဏ်ယူပြီး ပြောတတ်တဲ့သူ မဟုတ်ဘူးလေ'

'သိပါတယ်ဟာ… သိပါတယ်၊ နင်ကတော့ အောင်သူ



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုဘက်က အမြဲတမ်း အခမဲ့ရှေ့နေဂိုက်ပေးနေတာကို၊ ဟား... ဟား... ဟား... ဟား'

တင်မောင်သန်း ပြောပြီးရယ်နေသည်။

အောင်ဇူလှကတော့ ပြုံးရုံပဲပြုံးနေသည်။

'ဒါထက် မင်း ဩစတေးလျမှာ ဂေါက်(Golf) ရိုက်သေးသလားကွ'

တင်မောင်သန်းက မေးနေ သည်။

အောင်ဇူလှအဖို့တော့ ထိုပုစ္ဆာကြောင့် ရင်ခုန်ရပြန်သည်။

သူ့အနေနှင့် ဂေါက်ကို မြင်ဖူးရုံပဲရှိသည်။ သူ့လိုတော သားအတွက် ရိုက်ဖူးလို့ဆိုသည်က ဝေလာဝေး။

သည်တော့ အောင်ဇူလှမှာ ပြန်ဖြေရန် တုံ့ဆိုင်းနေသည်။

'ဟေ့ကောင်ကြီး... ငိုင်နေပြန်ပြီလား၊ ငါမေးနေတယ်လေကွာ'

တင်မောင်သန်းထံမှ ဒုအကြိမ် မေးသံပေါ်လာပြန်သည်။

'ဟင့်အင်း... ငါမရိုက်ဘူး၊ ဘတ်စကက်ဘောပဲ တစ်ခါတလေ ကစားတာကွ'

'ဟယ်... ကမ္ဘာလောကကြီး ပြိုပြောင်း ပြောင်းပြန်ဖြစ်သွားပြီလား၊ ဘယ်လိုကြောင့်ပါလိမ့်'

တင်မောင်သန်းနှုတ်ဖျားမှ အံ့သြသံကြီး ပေါ်ထွက်လာ





သည်။ အောင်ဇူလှမှာတော့ တင်မောင်သန်းကို အကြောင်ကြောင်နှင့် ကြည့်နေမိသည်။

ချစ်ရည်ဝင်းလဲ့ကသာ တခစ်ခစ်နှင့်ရယ်နေသည်။

'ဒါက ဘယ်လိုဖြစ်သွားရတာလဲ အောင်သူရိန်ရယ်၊ ဒါတော့ မယုံနိုင်အောင်ဘဲ'

'ဟ... ဘာကိုမယုံနိုင်တာလဲကွ၊ ငါ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ'

အောင်ဇူလှက တင်မောင်သန်းကို ပြန်ပြောနေသည်။

'မယုံနိုင်ဆို မင်းက ဆယ့်ငါးနှစ်သား အရွယ်ကတည်းက ဂေါက်ကွင်း ရိုက်ကစားခဲ့တာပါ၊ ဘတ်စကက်ဘောကို ဘယ်တုန်းက မင်းကစားခဲ့လို့လဲ၊ မကစားတဲ့အပြင် မင်း အရမ်းမုန်းတဲ့ အားကစားပဲ၊ အခုတော့ မင်းက ဂေါက်မကစားတဲ့ အမုန်းတဲ့ ဘတ်စကက်ဘောတွေကိုပဲ ကစားတယ်ဆိုလို့ ငါ့မှာ အံ့သြကုန်နိုင်ဖွယ် ကဲ... မယုံချင်နေလို့ ပြောရမလိုဖြစ်နေလို့ပါ'

ဤတွင် အောင်ဇူလှမှာ အဆင်ပြေအောင် ပြန်ဖြေးနေရတော့သည်။

'ဟာကွာ... ဂေါက်ရိုက်တယ်ဆိုတာ အချိန်ပေးရတယ်လေ၊ ငါက အဲဒီလို အချိန်တွေမှမပေးနိုင်ဘဲ၊ ဒါကြောင့် ရတဲ့ အချိန်ကလေးမှာ ဂေါက်အစား အပျင်းပြေ ဘတ်စကက်ဘောကို ကွန်ပျူတာကျောင်းသားတွေနဲ့ ဝင်ကစားခဲ့တာပါ၊ ဂေါ်



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ဘယ်ကြိုက်ပါ့မလဲ'

အောင်ဖျူ့ဩ ရှင်းပြနေ၍ တင်မောင်သန်း ကျေနပ်သွားခဲ့သည်။

'သြော်… သဟာလိုလား၊ မင်းရှင်းပြတော့ … ငါ လက်ခံရတာပေါ့'

'ဒါထက် အိမ်မှာ အမေ အတော်နေမကောင်းဖြစ်နေသလား'

အောင်ဖျူ့ဩက မေးနေသည်။

'ဟာ … ကောင်ရ… ဘယ့်နှယ် အမေလဲ၊ မင်း အမြဲတမ်း ခေါ်နေတာက မေမေပဲ၊ ဩစတေးလျကပြန်မှ အခေါ်ပါပြောင်းသွားပြီလား'

တင်မောင်သန်း အံ့ဩသံနှင့် မေးနေပြန်သည်။

'မပြောင်းပါဘူး…. အမေလို့ခေါ်လိုက်တာက ကွယ်ရာမှာမို့ ခေါ်တာပါ၊ မေမေနဲ့တွေ့တော့ မေမေလို့ခေါ်မှာပေါ့ကွ'

အောင်ဖျူ့ဩမှာ ခပ်တည်တည်နှင့် သူ အခေါ်မှားသွားခြင်းကို ကာကွယ်လိုက်သည်။

'မင်းရဲ့အမေ အတော်တော့ သက်သာနေပါပြီ၊ မင်းကိုမြင်လိုက်ရရင်တော့ ယူပစ်လိုက်သလိုကို ရောဂါကင်းသွားမှာပေါ့လေ'

မကြာမီ အောင်သူရိန် နေထိုင်ရာ ကမ္ဘာ့ဇလမ်းတွင်





နှစ်ထပ်တိုက်ခြံကြီးသို့ရောက်လျှင် တင်မောင်သန်းက ကားကို ခြံတွင်းသို့ကွေ့ဝင်ကာ မောင်းသွားခဲ့သည်။

'အလယ်လယ်… ခြံကြီးကလည်းကျယ်… တိုက်ကြီးကလည်း ခန့်လိုက်တာ၊ အောင်သူရိန်ဟာ တကယ့်သူဌေးကြီးရဲ့သားပဲ၊ သူနဲ့ငါဟာ ရုပ်ရည်ချင်းသာ ချွတ်စွပ်တူပေမယ့် ဘဝအကျိုးပေးချင်းကတော့ မိုးနဲ့မြေလောက်ကို ကွာခြားတာပဲ၊ ဒါပေမဲ့ ဒီအောင်သူရိန်ဆိုတဲ့လူ ဘ…လောကကြီးမှာ ရှိကောရှိသေးရဲ့လား၊ မရှိရင် ငါကပဲ သူ့ကိုယ်စား တစ်သက်လုံး ရွှေဘုံပေါ်မှာစံပြီး နေသွားမှာလား၊ အား… မဖြစ်ဘူး မဖြစ်ဘူး၊ အောင်သူရိန့်မိဘတွေကို ငါဟာ တစ်သက်လုံး လှည့်စားမနေချင်ဘူး၊ ငါလည်း ရွာကအမေနဲ့ အရမ်းတွေ့ချင်နေတာ၊ ဒီတိုက်မှာ အောင်သူရိန်အဖြစ်နဲ့ ခဏနေပြီး သူတို့ကို ရှင်းပြလိုက်တော့မယ်'

'ဟေကောင် အောင်သူရိန်၊ အိမ်ရောက်နေပြီလေကွာ၊ ဒါက ဘာလုပ်နေပြန်တာလဲ၊ မင်းဆိုတဲ့ကောင်ကလည်း တစ်လမ်းလုံး ငေါင်ငူငူနဲ့ဖြစ်နေလိုက်တာ၊ ကေနှ ဩစတေးလျက ချစ်သူကလေးနဲ့ ခွဲခဲ့ရလို့ဆွေးနေပြီထင်တယ်၊ ဟုတ်လား ငါတွေးရင် လွဲခဲတယ်နော်၊ ဟား… ဟား… ဟား… ဟား'

တင်မောင်သန်းကအောင်ဖျူ့ဩကို နောက်နေသည်။

သည်တော့မှ သူလည်း အောင်သူရိန်တို့၏ တိုက်သို့ ရောက်နေမှန်း သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်သန်း၏ အမေးစကားများကြောင့် ချစ်ရည်ဝင်းလှဲက မှာလိုသံကလေးနှင့် သူ့ကို လှမ်းမေးနေသည်။

'ကိုကို ခုနင်က ကိုတင်မောင်သန်းပြောသလို ကိုကိုဟာ ဩစတေးလျမှာ ချစ်သူရှိခဲ့လို့လား၊ မှန်မှန်ဖြေနော်'

'ဟာကွာ… ကိုကို့မှာ မရှိခဲ့ပါဘူး၊ ယုံပါကွာ'

အောင်ဗျူဟ၏စကားအဆုံးတွင် တင်မောင်သန်းက ချစ်ရည်ဝင်းလှဲကို လှမ်းမေးနေပြန်သည်။

'နေစမ်းပါဦး…ဩစတေးလျမှာ အောင်သူရိန်ရဲ့ ချစ်သူရှိခဲ့တော့ နင်က ဘာလုပ်မလို့တုန်း၊ ဟဲ… ဟဲ'

'ဘာလုပ်ရမှာလဲ၊ အဲဒီဟာမဆီသွားပြီး ရန်တွေ့ပစ်မှာပေါ့'

ချစ်ရည်ဝင်းလှဲက ဒေါလုံးမောလုံးကလေးနှင့် ပြောနေသည်။

'အလိုလို… နင်က ရန်တွေ့ရအောင် အောင်သူရိန်နဲ့ နင်က ဘာဆိုင်လို့လဲ'

'ရှင်မသိဘူးလား၊ ညီမနဲ့ကိုကိုဟာ နှစ်ဖက်သော်လူကြီးတွေနဲ့စေ့စပ်ထားကြပြီး မကြာခင် လက်ထပ်ကြတော့မှာမို့ မဆိုင်ဘူးလို့ ပြောနိုင်သလား၊ ဟွန်း…'

ချစ်ရည်ဝင်းလှဲ၏ စကားများကြောင့် အောင်ဗျူဟနှင့် တင်မောင်သန်းတို့မှာ ရယ်မောနေကြသည်။





'ဟော့… ကလေးတွေ အိမ်ထဲကိုမဝင်သေးဘဲ အခုအထိ စကားအမျှင်က မပြတ်သေးဘူးလားကွ၊ အထဲဝင်ကြသေကွာ'

တိုက်အတွင်းမှ အောင်သူရိန် ဖခင်ကြီး ဦးသက်ထွန်းအောင်၏ပြောသံကြောင့် သူတို့တစ်တွေမှာ တိုက်တွင်းသို့ဝင်ခဲ့ကြသည်။

အောင်ဗျူဟမှာ ပါးနပ်သူပီပီ ဦးသက်ထွန်းမောင်ကိုမြင်လျှင် ချက်ချင်းပင် အောင်သူရိန်၏ဖခင်ဖြစ်မှန်း သိသွားခဲ့သည်။

ဦးသက်ထွန်းမောင်မှာ အောင်ဗျူဟကို သူ့သားအောင်သူရိန်အထင်နှင့် အပြေးလာ၍ဖက်သည်။

'သားရယ်… မင်းလေယာဉ်ပျက်ကျတဲ့အထဲမှာ ပါသွားတယ်ဆိုလို့ ဖေဖေတို့မှာ စိတ်တွေအကြီးအကျယ်ထိခိုက်တုန်တယ်၊ မင်းမေမေဆိုရင်လည်း ဒီသတင်းကိုကြားရင်ကြားချင်း မတ်တတ်ကနေ မူးမေ့ပြီးလဲကျသွားခဲ့တယ်၊ ကံကောင်းလို့အသက်မသေခဲ့တာပေါ့၊ ကဲ… ကဲ… အပေါ်ထပ်က မင်းမေမေဆီ သွားကြရအောင်၊ မင်း ရောက်လာမယ်ဆိုလို့ အိပ်ရာပေါ်ကနေ မျှော်နေလေရဲ့'

အောင်ဗျူဟကတော့ မည်သို့မျှ ပြန်မပြောနိုင်သေး။ ပြုံးရုံသာ ပြုံးပြနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထွန်းမောင်ကတော့ အောင်ဇေယျကို သူ့သား အောင်သူရိန်အမှတ်နှင့် ပခုံးကိုဖက်ကာ အိမ်အပေါ်ထပ်၌ရှိနေသော ဒေါ်မြနှင်းရီထံ ခေါ်သွားခဲ့သည်။

တင်မောင်သန်းက လိုက်မသွားဘဲ အောက်ထပ်တွင်နေခဲ့သည်။ ချစ်ရည်ဝင်းလဲ့သာလျှင် အောင်ဇေယျတို့နောက်မှနေ၍ လိုက်သွားခဲ့သည်။

'မိန်းမရေ… မင်းရဲ့ သေရွာပြန်သားတော်မောင်ကြီး ကျန်းကျန်းမာမာနဲ့ ပြန်ရောက်လာပြီလေ၊ ဟား… ဟား… ဟား… ဟား…'

ဦးသက်ထွန်းမောင်မှာ ဇနီးဖြစ်သူ၏အခန်းသို့အရောက်တွင် အထက်ပါအတိုင်း ဝမ်းသာအားရနှင့်ပြောနေသည်။ ဒေါ်မြနှင်းရီမှာ သားဖြစ်သူအနီးသို့ ရောက်လာကြောင်းသိရလျှင် လက်နှစ်ဖက်ကိုဆန့်တန်းရင်း ဝမ်းနည်းဝမ်းသာသံကလေးနှင့် လှမ်းပြောနေသည်။

'သား… မေမေ့သားလေး၊ မသေဘူးနော်၊ မေမေကတော့ သေသွားပြီမှတ်လို့ စိတ်ထိခိုက်ပြီး သားမြင်တဲ့အတိုင်းပဲ၊ အိပ်ရာထဲမှာလဲနေတာ တစ်လလောက်ရှိနေပြီကွယ်၊ မေမေ့အနား လာစမ်းပါဦး၊ သားကို မေမေ သေသေချာချာကိုင်ပြီး ဖက်ထားချင်လို့ပါ'

အောင်ဇေယျမှာ အယောင်ခံဆောင်သားဖြစ်နေသော်လည်း ဒေါ်မြနှင်းရီ၏စကားများကြောင့် မိခင်တို့၏ သားသမီးတို့အပေါ်၌ထားသော မေတ္တာစေတနာကို သဘောပေါက်ကာ စိတ်ထိခိုက်သွားခဲ့သည်။

ဒေါ်မြနှင်းရီခေါ်သည့်အတိုင်း အောင်ဇေယျမှာ ခုတင်ဘေးတွင် ဘေးစောင်းဝင်ထိုင်သည်။ ဒေါ်မြနှင်းရီက သူ့ကို တင်းကျပ်စွာပွေ့ဖက်ထားရင်း မျက်ရည်တွေပါကျလာသည်။

သည်တော့ အောင်ဇေယျမှာလည်း အောင်သူရိန်အဖြစ်နှင့် မိခင်ကြီး ဒေါ်မြနှင်းရီကို အားပေးနေရသည်။

'မေမေကလည်းဗျာ… သားမသေဘဲ ပြန်ရောက်လာပြီပဲ၊ စိတ်မကောင်းဖြစ်ပြီး ငိုမနေပါနဲ့တော့၊ မြန်မြန်ကျန်းမာအောင်သာ နေစမ်းပါ'

အောင်ဇေယျ၏အားပေးသံကို ဒေါ်မြနှင်းရီက ခေါင်းညိတ်ပြနေသည်။

'အေးပါ သားလေးရယ်၊ မေမေ့သား ပြန်ရောက်လာမှတော့ မေမေလည်း စိတ်ခွန်အားတက်ပြီး ကျန်းမာလာရမှာပေါ့'

ဒေါ်မြနှင်းရီမှာ အောင်ဇေယျကို ဖက်ထားရာမှ ပြန်လွှတ်ပေးပြီး သားမျက်နှာကို သေသေချာချာကြည့်ရင်း မေးနေပြန်သည်။

'မှန်းစမ်း… ငါ့သားဟာ ခြစ်တေးလျှက်ပြန်လာမှာ အသားနည်းနည်းညိုသွားပါလား၊ လူကလည်း ပိန်သွားလိုက်တာ၊







www.burmeseclassic.com

www.burmeseclassic.com



ဟိုမယ်… နေရထိုင်ရတာ ပင်ပန်းလို့လား သား’

ဒေါ်မြနှင်းရီထံမှ ကရုဏာသံနှင့် မေးနေသံကြောင့် အယောင်ဆောင်သား အောင်ဗျူဟာမှာ ရုတ်တရက်ပြန်ဖြေရန် စကားစရှာမရဖြစ်နေသည်။ သူ၏စိတ်တွင်းမှတော့ အောက်ပါအတိုင်း ပြောနေသည်။

‘အသားညိုတာကတော့ သားဟာ မြို့သားမှမဟုတ်တဲ့၊ တောသားပဲဟာ၊ ပြီးတော့ မေမေ့သား အောင်သူရိန်လို ကိုယ်ပိုင်ကားစီးပြီး ကျောင်းတက်ရတဲ့သူမဟုတ်ဘူးလေ၊ သားရဲ့မိဘတွေ ဟာ တောင်သူတွေဆိုတော့ နေပူထဲမှာ အလုပ်လုပ်ရတာကိုး၊ စင်္ကာပူမသွားခင်ကတော့ သားဟာ မပိန်သေးပါဘူး၊ ဝပါသေးတယ်၊ ဒါပေမဲ့ စင်္ကာပူနိုင်ငံမှာ သားလုပ်ရတဲ့အလုပ်က ဘွဲ့ရပညာတတ်မဟုတ်တော့ အလုပ်ကြမ်းတွေပဲ လုပ်ရတယ်လေ၊ စားချိန်လည်းမမှန်ဘူး၊ အိပ်ချိန်လည်းမမှန်တော့ နည်းနည်းတော့ ပိန်သွားတာပေါ့ မေမေရယ်’

ဒါတွေကတော့ အောင်ဗျူဟာစိတ်တွင်းမှ ပြောနေသော စကားများပင်။ ဒေါ်မြနှင်းရီကို သူပြန်ပြောသော စကားတွေကတော့–

‘မေမေရယ်… ဒါတွေမေးမနေပါနဲ့ဦး၊ သားရဲ့အသားညိုသွားတာတွေ လူပိန်သွားတာတွေက အရေးမကြီးပါဘူး၊ အရေးကြီးတာက မေမေဟာ အမြန်ကျန်းမာလာဖို့ပဲ၊ အခု မေမေ





မေးတဲ့မေးခွန်းတွေကို နောက် မေမေကျန်းမာလာမှ ဖြေပါ့မယ်၊ သားလည်း တခြားကို သွားပျော့မှာမဟုတ်တော့ မေမေပြန်ပြီး ကျန်းမာလာတဲ့အခါ သိရပါမယ်လေ၊ ဟုတ်ပြီလား’

အောင်ဗျူဟာ ဒေါ်မြနှင်းရီ၏အမေးကို ရုတ်တရက် ပြန်မဖြေတတ်၍ အထက်ပါအတိုင်း တမ်းဆုပွဲတွဲဉာဏ် (ဝါ) တင်ခဏချင်း ပေါ်ပေါက်လာသော ဉာဏ်ကိုသုံး၍ ပြောချလိုက်ရသည်။

သူ၏စကားကိုအနီးတွင်ရပ်နေသော ဦးသက်ထွန်းမောင်ကလည်း ဝင်၍ထောက်ခံချက်ပေးနေသည်။

‘ဟုတ်ပ သားပဲ… မြနှင်းရ၊ သားပြောတာ သဘာဝကျပါတယ်လေ သူက သေရွာကနေ အသက်ရှင်လျက်ပြန်ရောက်ပြီး တို့နဲ့နေ ပွားတော့မှာမို့ မင်းသိချင်တာတွေကို မင်းကျန်းမာမှ မေးလည်းရတဲ့ဟာပဲ၊ သားလည်း ခရီးကပန်းလာလို့ အနားယူပါစေကွာ’

အနီးတွင်ရှိနေသော ချစ်ရည်ဝင်းလှဲကလည်း ထောက်ခံနေပြန်သည်။

‘ဟုတ်တယ် အန်တီ၊ ကိုကိုက ခရီးဝေးကလာခဲ့ရတဲ့သူမို့ အတော်ပင်ပန်းနေပုံရတယ်၊ ဒီတော့ အန်တီမေးချင်တာတွေကို နောက်မှသာမေးပါတော့’

သူတို့တစ်တွေ၏စကားများကြောင့် ဒေါ်မြနှင်းရီမှာ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူဟန်နှင့် ပြုံး၍ ခေါင်းညိတ်ပြသည်။ သည့်တော့ အောင်ဗျူ့၏ရင်ထဲမှ အလုံးကြီးလည်း ကျသွားခဲ့သည်။

'ဒါဆို မေမေ သားရဲ့ အခန်းပြန်ပြီး အနားယူလိုက်ဦးမယ်၊ ညအိပ်ခါနီးအချိန်ကျမှ မေမေ့ဆီကို သားလာတွေ့မယ်နော်'

အောင်ဗျူ့မှာ ပြောရင်း ဒေါ်မြနှင်းရီအနီးမှ ထလိုက်သည်။

'အေး…အေး… သားနားချင်ရင် သွားနားတော့၊ ညအိပ်ခါနီးရင်သာ မေမေ့ဆီလာတွေ့နော်'

'စိတ်ချပါ မေမေရယ်၊ သား လာတွေ့မှာပေါ့၊ သွားမယ်နော်'

အောင်ဗျူ့က ဒေါ်မြနှင်းရီကို ပြန်ပြောနေခိုက်တွင် တင်မောင်သန်းမှာ အောင်ဗျူ့၏ သားရေသေတ္တာကြီးနှင့် လွယ်အိတ်ကြီးကိုယူလာရင်း အခန်းတွင်းသို့ ရောက်လာသည်။

'ဟင်… အစ်ကိုတင်မောင်သန်း၊ ဘာဖြစ်လို့ ဒါတွေယူလာခဲ့ရတာလဲ'

ချစ်ရည်ဝင်းလွဲက တင်မောင်သန်းကို အံ့အားသင့်သံနှင့်မေးနေသည်။

အောင်ဗျူ့ကလည်း တင်မောင်သန်းကို ပြောနေသည်။

'ဟုတ်သားပဲကွာ… အလေးခံပြီး ဒီအိမ်ပေါ်ကို တပင်တပန်းယူလာခဲ့ရသလားကွာ၊ အောက်မှာပဲထားရောပေါ့'





'အဟဲ… ငါက ဩစတေးလျကငါတို့အတွက် ဘာလက်ဆောင်တွေများ ပါလာခဲ့တယ်ဆိုတာ သိချင်လို့ တမင်အပင်ပန်းခံပြီး အခုလို သယ်လာခဲ့တာပဲ၊ ဒီတော့ မင်းသေတ္တာကြီး ဖွင့်စမ်းကွာ၊ ကြည့်ရအောင်'

တင်မောင်သန်း၏ စကားအဆုံးတွင် ကျန်လူတွေကရယ်နေကြသည်။ အောင်ဗျူ့မှာတော့ သေတ္တာကိုဖွင့်ရန် အခက်ကြုံနေရသည်။ အခြားကြောင့်တော့ မဟုတ်ပေ။

သူ့တွင်ပါလာခဲ့သော ပစ္စည်းများမှာ ဩစတေးလျနိုင်ငံလုပ် အကောင်းစားပစ္စည်းတွေမဟုတ်။

စက်ဘ်ာနိုင်ငံလုပ် အလတ်စားပစ္စည်းများနှင့် အင်ဒိုနီးရှားပါတိတ် ကျီနှင့် ထဘီများသာဖြစ်ကြသည်။

ထို အင်ဒိုနီးရှားပါတိတ်တွေမှာလည်း သူ့မိခင်ကြီးဒေါ်အေးနွယ်အတွက်နှင့် ရွှေဗျိုင်းအတွက်ထဘီများ ဖြစ်ကြသည်။ ရွှေဗျိုင်း၏အစ်ကို ဘမောင်နှင့် သူ့အတွက်ကတော့ ပါတိတ်အင်္ကျီလက်တိုတွေ ဖြစ်ကြသည်။

ထိုပစ္စည်းတွေမှာ သူ့အဖို့တော့ တန်ဖိုးရှိလှသော်လည်း အောင်သူရိန်၏ မိဘများလို ကျိုကျိုတက်ချေကြေးချမ်းသာသူတွေအဖို့တော့ မည်သည့်တန်ဖိုးမှ ရှိမည်မဟုတ်ပေ။

သို့သော် မတတ်နိုင်ပြီ။

တင်မောင်သန်း လောကွတ်ချော်ယူလာမှုကြောင့် သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



သားရေသေတ္တာကြီးကို သော့ထုတ်ကာ ဖွင့်ပေးလိုက်ရသည်။

'ဟာ… ပါတိတ်တွေကလည်း များလှချည်လား'

တင်မောင်သန်းမှာ သေတ္တာတွင်းမှ ပါတိတ်များကိုမြ လျှင် အံ့သြသံနှင့် ရေရွတ်နေသည်။

အနီးရှိ ဦးသက်ထွန်းမောင်နှင့် ချစ်ရည်ဝင်းလဲ့တို့ တော့ ပြုံးနေကြသည်။

ချစ်ရည်ဝင်းလဲ့က အောင်ဗျူဠကို မေးနေသည်။

'ကိုကို ဒီပါတိတ်တွေက ဘာသဘောနဲ့ ဝယ်လာတ လဲဟင်'

ထိုအမေးကြောင့် အောင်ဗျူဠမှာ ရုတ်တရက်မဖြေနိုင် ဖြစ်သည်။

'အိမ်း… သမီးချစ်ရည်ဝင်းလဲ့ မေးသလိုပဲ၊ မေဖေ လည်း မေးချင်တယ်'

ဦးသက်ထွန်းမောင်ကလည်း မေးနေပြန်သည်။

မတတ်နိုင်တော့ပြီ။ အမေးရှိနေမှတော့ အဖြေရှိရ ပေါ့။

'ဟို… ဒါ… ဒါတွေက မေမေ့အတွက်နဲ့ ဝင်း အတွက်က ပါတိတ်ထဘီတွေ ဝယ်လာခဲ့တယ်။ ကျွန်တော် ဖေဖေရယ်၊ တင်မောင်သန်းအတွက်ကိုတော့ ပါတိတ်အင်္ကျီလ တိုတွေလေ'





အောင်ဗျူဠ၏စကားအဆုံးတွင် ဒေါ်မြနှင်းနီအပါအဝင် အခန်းတွင်းရှိ လူတွေအားလုံးမှာ တဟားဟားနှင့် ရယ်နေကြ တော့သည်။

ထိုကဲ့သို့ ဝိုင်းရယ်နေမှုကြောင့် အောင်ဗျူဠ အူကြောင် ကြောင် ဖြစ်နေသည်။

'သား… သိ… မင်းအမေက ဘယ်တုန်းကများ ပါတိတ် ထဘီကို ဝတ်ဖူးလို့လဲ၊ ပြီးတော့ ဖေဖေရော သားရော ဟောဒီက သမီးဝင်းလဲ့ရော ပါတိတ်ကို မဝတ်ကြဘူးလေ၊ အခု ဘာ သဘောနဲ့ သားက ဝယ်လာခဲ့တာလဲ'

ဦးသက်ထွန်းမောင်၏မေးနေသံ။

အောင်ဗျူဠမှာတော့ သ၏အယောင်ဆောင်မှုတွေမှာ ဘူး ပေါ်သလို ပေါ်သွားပြီလားဟုထင်ကာ ချွေးချွေးတွေ ပြန်တက် လာခဲ့သည်။

'ဟာ… ဒီမှာလည်း ဒစ်ဂျစ်တယ်(လ်)ကင်မရာကြီးပါ ကလား၊ အောင်သူရိန်ရယ် ဩစတေးလျကပြန်လာမှ မင်းလုပ် ပုံက အဆန်းချည့်ပါလား၊ ဘယ်တုန်းက ဓာတ်ပုံရိုက်ဝါသနာပါ သွားရတာလဲကွယ်၊ ဓာတ်ပုံကော ရိုက်တတ်လို့လား'

တင်မောင်သန်းက သေတ္တာထဲတွင်ရှိနေသော ဒစ်ဂျစ် တယ် ကင်မရာအသေးစားကလေးကို ထုတ်ယူရင်း တအံ့တသြ နှင့် ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗျူဠမှာတော့ အခန်းကျဉ်းမှနေ၍ ထွက်ပြေးချင်စိတ်ပေါက်နေလေပြီ။

'အိုကွယ်… သားက စိတ်ပြောင်းသွားလို့ ဝယ်လာတာဖြစ် မှာပေါ့၊ ဟိုတုန်းက ပါတိတ်တွေကို ငါမဝတ်ပေမယ့် သားရဲ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ မေမေ နေမကောင်းရင် ဝတ်ပါ့မယ်ကွယ်'

ဒေါ်မြနှင်းရီက ဝင်ပြောတော့မှ အောင်ဗျူဠ၏ ရင်ထဲမှ အလုံးကြီးမှာ ပြန်ကျသွားခဲ့တော့သည်။

'ကဲ… ငါ့အတွက် ပါတိတ်အင်္ကျီပါရင် ပြစမ်းပါဦးကွာ'

တင်မောင်သန်းကပြောလျှင် အောင်ဗျူဠမှာ ဈေးတွင်ရှိ ရွှေဗျိုင်း၏အစ်ကို ဘမောင်အတွက် ယူလာခဲ့သော ပါတိတ်အင်္ကျီကိုထုတ်၍ပေးသည်။

'အယိုယို… အောင်သူရိန်ရယ်၊ ငါ့အရပ်က သိပ်ရှည်တာမှ မဟုတ်ဘဲ၊ မင်းဝယ်လာတဲ့ ပါတိတ်အင်္ကျီကိုသာ ငါဝတ်လိုက်ရင် ဇာတ်ထဲကဝန်ကြီးတွေ ဝတ်တဲ့အဝတ် ဖြစ်သွားမှာပေါ့ကွာ၊ ဟား… ဟား… ဟား… ဟား'

တင်မောင်သန်းမှာ အောင်ဗျူဠ သေတ္တာတွင်းမှ ထုတ်ပေးခဲ့သော ပါတိတ်အင်္ကျီကို သူ၏ကိုယ်နှင့်တိုင်းပြရင်း ပြောနေသည်။





'အဲဗျ… အခု … ငါသတိရတော့တယ်၊ မင်းအတွက် ငါဟာ ရုပ်ပါမတ်ကက်တစ်ခုမှာ ဝယ်နေတုန်း အနောက်နိုင်ငံသားတစ်ဦးရောက်လာပြီး သူ့ဆက်ကပ်ထဲမှာ မျောက်ဝံကြီးဝတ်ဖို့ သာဝယ်ခဲ့တယ်ကွ၊ လက်စသတ်တော့ အဲဒီဆက်ကပ်ထဲက မျောက်ဝံကြီးဝတ်ဖို့အင်္ကျီနဲ့ မင်းအတွက် ဝယ်ခဲ့တဲ့အင်္ကျီချင်း မှားပြီးပေးလို့ …တာကိုး၊ ဆောရီး…ပဲ သူငယ်ချင်း၊ ဟား… ဟား… ဟား…'

အောင်ဗျူဠ၏ ဟာသစကားကြောင့် တင်မောင်သန်း၏ မျက်နှာမှာ မဲ့နေပြီး ကျန်လူတွေကတော့ တဟားဟားနှင့် ရယ်နေကြသည်။

'သွားပါပြီ… ငါလည်း မင်းပြောလိုက်မှ လူစင်စစ်က မျောက်ဝံကြီးဖြစ်သွားပါပကောလား၊ ဟူး…'

'အေးလေ… မျောက်ဝံဖြစ်တော့လည်း ငှက်ပျောသီး စားရတာပေါ့ကွာ၊ ဟဲ… ဟဲ…'

အောင်ဗျူဠကလည်း တင်မောင်သန်းကို ပြန်နောက်နေသည်။

'ကဲပါ သားရယ်၊ သူနဲ့ပြိုင်ပြောမနေနဲ့၊ သားက ပင်ပန်းလာတာမို့ အနားယူပေတော့၊ တင်မောင်သန်းလည်း အိမ်ပြန်တော့ကွာ၊ မနက်ဖြန်ကျမှ မင်းသူငယ်ချင်းနဲ့ လာတွေ့ပေါ့၊ အခုတို့ အစ်ကိုတို့ကိုယ်စား သားကိုလေဆိပ်မှာ သွားကြိုပေးတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါ "တယ်ကွာ"

ဦးသက်ထွန်းမောင်က သူတို့ကိုပြောနေသည်။

သို့ဖြစ်၍ သူတို့သုံးဦးမှာ ဒေါ်မြနှင်းရီ၏ အိပ်ခန်းတွင်း
ပြန်ထွက်လာခဲ့ကြသည်။ အပြင်သို့ရောက်ကြလျှင် ချစ်ရည်ဝင်
လှဲက အောင်ဗျူဟကို ပြောသည်။

"ကိုကို... ညီမလည်း ကိုတင်မောင်သန်းကားနဲ့ပဲ လိုက်
သွားပြီး အိမ်ကိုပြန်တော့မယ်၊ ဒီတစ်ညတော့ ကိုကိုအနားမ
လိုက်ပါ၊ မနက်ဖြန်ကျမှ ညီမလာခဲ့မယ်နော်"

"ဟုတ်တယ်ဟေ့... ငါလည်းပြန်တော့မယ်၊ မနက်ဖြ
ကျမှ ငါ လာခဲ့မယ်"

ချစ်ရည်ဝင်းလှဲရော တင်မောင်သန်းပါ အောင်ဗျူဟ
နှုတ်ဆက်၍ပြန်သွားခဲ့ကြသည်။ အောင်ဗျူဟကတော့ အောင်သူရိ
၏အိပ်ခန်းသို့ လျှောက်လှမ်းလာခဲ့သည်။

အပေါ်ထပ်တွင် အိပ်ခန်းမှာ နှစ်ခန်းသာရှိ၍ အောင်ဗျူ
က အောင်သူရိန်၏အိပ်ခန်းကို အများအယွင်းမရှိဘဲ ဝင်သွားနို
ခြင်း ဖြစ်သည်။

❖

(လေး)

## တောသားအဖြစ် ဟန်ဆောင်သူ

ကျွန်တော်တို့သည် အောင်ဗျူဟအခန်းကိုထားခဲ့ပြီး
အောင်သူရိန်၏အကြောင်းကို ဆက်ကြပါစို့။

လေးစားရပါသော စာဖတ်သူများ သိရှိပြီးဖြစ်သည့်
အတိုင်း အောင်သူရိန်မှာ စပ်စုချင်သူတစ်ဦးပီပီ အောင်ဗျူဟအဖြစ်
ယောင်ဆောင်ကာ လိုက်ပါသွားခဲ့သည်။

အောင်သူရိန်မှာ ရွှေဖျိုင်းတို့မောင်နှမနှင့်အတူ ပါလာခဲ့
သောပစ္စည်းများကို ကိုယ်စီကိုယ်ငှ ဆွဲယူလာခဲ့ကြပြီး လေဆိပ်
အ်းမအပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။

"အစ်ကိုကြီးတို့ လေဆိပ်ကိုလာခဲ့ကြတုန်းက ဘာနဲ့လာ
ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်အပြင်ဘက်သို့အရောက်တွင် အောင်သူရိန်က မေး နေသည်။

'ဟသ်ာတမြို့မှာနေတဲ့ မင်းဘကြီးဦးလှရိန် ငှားပေး လိုက်တဲ့ ပါပလေကာကားနဲ့ လာကြိုတာပေါ့ကွ'

ဘမောင်က ပြန်ဖြေသည်။

'ဒါဖြင့် အဲဒီကား ဘယ်မှာလဲ၊ အစ်ကိုကြီးသွားရှာလေ'

'ဟ... ရှာမနေနဲ့၊ ဒီကားက တို့ကို ဒီလေဆိပ်မှာ ချပေးထားခဲ့ပြီး ကုန်ဝယ်ဖို့ ရန်ကုန်မြို့ထဲကို ဆက်သွားပြီ'

'ဖြစ်ရလေဗျာ... ကားကို အသွားအပြန်ငှား ရောပေါ့၊ ကဲ... ကဲ... ပြောနေကြာပါတယ်၊ နယ်ဘက်ကိုလိုက်မယ့် ကကာအငှားယာဉ်ကိုပဲ ငှားပြီးသွားကြတာပေါ့'

အောင်သူရိန်ပြောနေခိုက် လေဆိပ်ထဲသို့ တောင်းအွေ ကကာ အငှားယာဉ်တစ်စီးမှာ ခရီးသည်များနှင့်အတူ ရောက်လာ သည်။

'ဟာ... အတော်ပဲ၊ ဟိုမယ် တောင်းအွေအငှားကား ရောက်လာပြီ၊ ဒီကားကိုငှားပြီး သွားကြတာပေါ့'

အောင်သူရိန်သည် ပြောရင်း တောင်းအွေကားဆီသို့ အပြေးကလေး သွားနေသည်။

ကကာအငှားယာဉ် တောင်းအွေကလည်း ခရီးသည်များ ကားပေါ်မှဆင်းနေ၍ ရပ်ထားခိုက်ဖြစ်သည်။





'ဒီမယ်ဗျ... ဟသ်ာတမြို့ကို လိုက်နိုင်မလား'

'ဟာဗျာ... ဟသ်ာတထိအောင်တော့ ကျွန်တော် မလိုက်နိုင်ဘူး၊ ပုသိမ်ဆိုရင်တော့ လိုက်မယ်'

ကဏာဒရိုင်ဘာ၏စကားကြောင့် အောင်သူရိန် ခေတ္တမျှ စဉ်းစားနေသည်။

ပုသိမ်မြို့တွင် ထိုညတစ်ညအတွက် တည်းခိုခန်းတွင် အိပ်၍ နောက်တစ်နေ့နံနက်ကျမှ ဟသ်ာတခရိုင်တွင်ရှိ အောင် ဗျူဟ၏ရွာကိုသွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။

'ကောင်းပြီလေ... ပုသိမ်ကိုပဲပို့ပေးပါ၊ ဘယ်လောက် ပေးရမလဲ၊ ကျွန်တော်က အခုမှ နိုင်ငံခြားက ပြန်လာခဲ့တာဆို တော့ မြန်မာငွေတော့ မပါဘူး၊ လေဆိပ်မှာ ဒေါ်လာနဲ့လဲခဲ့တဲ့ အက်ဖ်အီးစီပဲ ပါတယ်၊ ဒီတော့ အက်ဖ်အီးစီနဲ့ဆို ဘယ်လောက် ပေးရမလဲဆိုတာ ပြောပါ'

'အဲ... အက်ဖ်အီးစီနဲ့ဆိုရင် တစ်ဆယ်တန်အက်ဖ်အီး စီသုံးရွက်ပေးရမယ်'

'သုံးရွက်တော့ များပါတယ်၊ အက်ဖ်အီးစီ တစ်ဆယ် တန်နှစ်ရွက်နဲ့ ငါးကျပ်တန်တစ်ရွက်ပေးမယ်ဗျာ'

အောင်သူရိန်ပြောသည့်အတိုင်း ကကာဒရိုင်ဘာ သဘော တူလိုက်သည်။ သို့ဖြစ်၍ ခပ်လှမ်းလှမ်းနေရာမှ သူ့ကိုကြည့်နေ ကြသော ရွှေဗျိုင်းတို့မောင်နှမကို လက်ပြ၍ သူကခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရိန် ခြံစတေးလျှန်ငင်မှ ဝယ်ယူလာခဲ့သော ပစ္စည်းများ တောင်းအေ့ကားပေါ် တင်ကြသည်။

ထို့နောက် အောင်သူရိန်က တောင်းအေ့ကားမောင်းသူ၏ ဘေးတွင်ထိုင်၍ ရွှေဗျိုင်းနှင့် ဘမောင်တို့မောင်နှမနှစ်ယော ဂ တော့ နောက်ခုံတွင် ထိုင်ကြသည်။

'ဒီမယ် နောင်ကြီး၊ အင်းစိန်ဘက်ကိုရောက်ရင် ကျွန်တော်တို့ တရုတ်ဆိုင်တစ်ဆိုင်မှာ ညစာစားဦးမယ်နော်၊ အခု ထက်ထိ ဘာမှမစားရသေးလို့ပါ၊ ခင်ဗျားလည်းမစားရရင် ဝင်စားပေါ့၊ ကျွန်တော် ရှင်းပါ့မယ်'

တောင်းအေ့ကားအထွက်တွင် အောင်သူရိန်က ကကာ ဒရိုင်ဘာကို ပြောနေသည်။

'ရပါတယ်ဗျာ… ကျွန်တော်လည်း ညစာမစားရသေးလို့ အတော်ပါပဲ၊ ဟဲ… ဟဲ…'

ကကာဒရိုင်ဘာ ပြောအပြီးတွင် ဘမောင်ကလည်း ဝင်ပြောနေသည်။

'အဟီး… ငါလည်း အဲဒီဝမ်းဗိုက်ပြဿနာကို မင်းဆီ တင်ပြပြီး ဖြေရှင်းခိုင်းမလို့ အခုတော့ ဟန်ကျသွားတာပေါ့ကွာ၊ ဟား… ဟား… ဟား'

ရွှေဗျိုင်းကတော့ မည်သို့မျှဝင်မပြောဘဲ ပြုံးနေသည်။

အောင်သူရိန်က ကားရှေ့ထိုင်ခုံတွင် ထိုင်နေရာမှ





ဘမောင်ရှိရာနောက်ခုံသို့လှည့်၍ ပြောပြန်သည်။

'ဒီမယ် အစ်ကိုကြီး၊ ညစာပဲစားရမှာနော်၊ အရက်တွေ ဘာတွေတော့ မတိုက်နိုင်ဘူး၊ ကျွန်တော်လည်း မသောက်တတ်ဘူး'

'စိတ်ချပါကွာ… ငါလည်း အရက်မသောက်တတ်ပါဘူး၊ ထန်းရည်ပဲသောက်တယ်'

'ဘာဗျ'

'အဲ… အဲ… မှားလို့ ငါလည်း အရက်မသောက်တတ်ပါဘူး၊ တောသားဆိုပြီး အရက်သောက်တတ်တယ်မထင်ပါနဲ့၊ ပါဏာတိပါတာကို စောင့်ထိန်းနေတဲ့သူပါ'

'ဟော… အစ်ကိုကြီးကတော့ „ လုပ်ပြီ၊ ပါဏာတိပါတာဆိုတာ သူတစ်ပါးအသက်ကို သတ်ခြင်းလေ၊ သုရာမေရယကမှ အရက်သေစာသောက်စားခြင်းက ရှောင်ချင်တာပါ၊ အစ်ကိုကြီးပြောတာ လွဲနေတယ်၊ ဟား… ဟား… ဟား…'

အောင်သူရိန်က ပြောပြီးရယ်နေသည်။

'အဟီး… ဟုတ်သားပဲ၊ ငါလည်း ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဆရာတော်ရှေ့မှ ငါးပါးသီလခံယူတိုင်း **ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**လို့ ဆိုရမယ့်အစား **သုရာ မေရယ ပဇ္ဇာပမာဒဋ္ဌာန** လို့ နောက်ပိုဒ်ကို ရှေ့မှာထားပြီး ပြောင်းပြန်ဆိုဆိုနေလို့ ငါးပါးသီလပို့ချတဲ့ ဆရာတော်ရဲ့ အဆူ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်းကို ခဏခဏခံခဲ့ရတာကွ၊ အဟီး…'

ဘမောင်၏စကားတွေကြောင့် ကျန်လူတွေမှာ ရယ်နေကြရသည်။

'ဒါထက် ရွှေဗျိုင်း တရုတ်ဆိုင်မှာ ထမင်းစားဖို့ နင်တို့မှာ မြန်မာငွေလည်း ပါလာပါတယ်နော်၊ ငါ့မှ အက်ဖ်အီးစီပဲ ရှိတာ၊ အဲဒါကြီးနဲ့ တရုတ်ဆိုင်မှာစားလို့ မလွယ်ဘူးဟ'

'ပါလာပါတယ်ဟယ်၊ အခု ငါ့ဆီမှာ ငွေတစ်သောင်းကျော် ရှိပါတယ်'

'ဒါဆို တရုတ်ဆိုင်မှာရော ပုသိမ်က တည်းခိုခန်းအတွက်ရော လောက်တာပေါ့'

အောင်သူရိန်က စိတ်အေးသွားဟန်နှင့် ရွှေဗျိုင်းကိုပြန်ပြောသည်။

အင်းစိန်ရှိ တရုတ်စားသောက်ဆိုင်သို့ ရောက်ကြလျှင် ညစာကို သူတို့တစ်တွေ ဆာဆာနှင့် အဝအပြဲ စားသောက်ခဲ့ကြသည်။ ပုသိမ်မြို့သို့ ည ၁၀ နာရီခန့်တွင် ရောက်သွားခဲ့ကြသည်။ ထိုညအတွက် သူတို့တည်းကြမည့် တည်းခိုခန်းကို ကကဒရိုင်ဘာက ညွှန်ကြားသော တည်းခိုခန်းတွင် တည်းခဲ့ကြသည်။

တောင်းအေ့ကကဒရိုင်ဘာလည်း သူတို့ကို တည်းခိုခန်းတွင်ထားခဲ့ပြီး ရန်ကုန်မြို့ဘက်သို့ မောင်းသွားခဲ့သည်။





နောက်တစ်နေ့နံနက်တွင် ရွှေဗျိုင်း၏ အကြံပေးချက်အရ ဟသ်ာတသို့ ကားငှားကာမသွားတော့ဘဲ ပုသိမ်မှ ဟသ်ာတမြို့သို့ပြေးဆွဲနေသော သဘော်နှင့် လိုက်ပါသွားခဲ့ကြသည်။

ဟသ်ာတမြို့သို့ရောက်လျှင် သူတို့တစ်တွေမှာ အောင်ဗျူ၏ ဘကြီးတစ်ဝမ်းကွဲအိမ်သို့ ဝင်ခဲ့ကြသည်။

အောင်ဗျူ၏ ဘကြီးဖြစ်သူ ဦးလှရိန်မှာ အသက် ၅၀ ကျော်ခန့်ရှိပြီး အသားဖြူဖြူ ပိန်ပိန်ရှည်ရှည်ဖြစ်သည်။

သူ့ကိုမြင်လျှင် သူ့တူ အောင်ဗျူအမှတ်နှင့် ဝမ်းသာအားရ နှုတ်ဆက်နေသည်။

'ဟော… ငါ့တူကြီး အောင်ဗျူ၊ မင်းပြန်လာပြီနော်၊ မင်း အခုလို ကျန်းကျန်းမာမာနဲ့ ပြန်ရောက်လာတာတွေ့ရလို့ ဘကြီး ဝမ်းသာပါတယ်ကွာ၊ စက်ာပူဒေါ်လာတွေကော အတော်များများ ပါလာသလားကွ။ မင်းအမေကတော့ မင်းအတွက် အရမ်းဂုဏ်ယူပြီး ဝမ်းသာနေမှာကွ'

'ဟုတ်ကဲ့… ပါလာပါတယ်ခင်ဗျ၊ ဘကြီးအတွက်လည်း စက်ာပူပြန်လက်ဆောင်လည်း ပါလာပါတယ်'

အောင်သူရိန်ကပြန်ပြောရင်း သူ့ဖခင်ကြီးအတွက် ဩစတေးလျနိုင်ငံမှဝယ်ယူလာသောသိုးမွေးဆွယ်တာကြီးကို သေတ္တာထဲမှထုတ်ယူကာ ပေးနေသည်။

'ဟယ်… ဟန်ကျတာပဲ၊ ဆောင်းကလည်း ရောက်တော့မှာ

www.burmeseclassic.com



လို့ ဒီဆွယ်တာကြီးကို ဝတ်လိုက်ရရင် နွေးထွေးသွားမှာပဲနော်၊ အဟီး'

ဦးလှရှိန်က ဝမ်းသာအားရပြောရင်း အောင်သူရိန့် ပေးနေသော သိုးမွေးဆွယ်တာကြီးကို လှမ်းယူနေသည်။

'ငါ့အတွက်ချည်းလား၊ မင်းအမေနဲ့ မင်းသူငယ်ချင်းတွေဖြစ်ကြတဲ့ မိဖျိုင်းနဲ့ ဘမောင်အတွက်ကော မပါဘူးလား၊ ဟဲ… ဟဲ'

'ဟား… ပါရမှာပေါ့၊ မေမေ့အတွက်ကော ရွှေဖျိုင်းတို့အတွက်ပါ မပါရင် ဘယ်ဖြစ်မလဲ၊ ကျွန်တော့်ကို ဝိုင်းပြီးဆူကြမှာပေါ့ ဘကြီးရ၊ ဟား… ဟား… ဟား'

'အေး… အေး… မှန်တယ်၊ ဒါထက် မင်းတို့ ထမင်းစားပြီးမှ ရွာကိုပြန်ကြမယ်မဟုတ်လား၊ အိမ်မှာစားသွားကွာ'

'နေပါစေ ဘကြီးရာ ဒုက္ခရှာမနေပါနဲ့၊ ဆိုင်မှာပဲစားပြီး ရွာကို သွားတော့မယ်'

အောင်သူရိန်မှာ ဦးလှရှိန်ကိုနှုတ်ဆက်ပြီး ရွှေဖျိုင်းတို့မောင်နှမနှင့်အတူ နံနက်စာစားရန် မြန်မာထမင်းဆိုင်သို့ ထွက်သွားခဲ့ကြသည်။

နံနက်စာကိုစားကြပြီးမှ ဟသ်ာတမြို့မှာရှိသော အငှားဂျစ် ကားကိုငှားကာ သူတို့ရွာသို့ ပြန်ခဲ့ကြသည်။

(ဝါး)

## ဂေါက်သီးအရိုက်ကောင်းသူ

အော သူရိန်အယောင်ဆောင် အောင်ဗျူ၏ ဒုက္ခမှာလည်း မသေးပေ။ သူ့အဖို့ လူကြီးများ မရိပ်မိအောင် ပြောပုံဆိုပုံကအစ အမှားမရှိအောင် သတိထားနေရသည်။

ယမန်နေ့ညက သူမအိပ်မီ အောင်သူရိန့်၏မိခင်ကြီး ဒေါ်မြနှင်းရီနှင့် စကားသွားပြောနေရသေးသည်။

ယင်းသို့ စကားပြောကြားရာမှ မသိမသာ အောင်သူရိန့်၏အကြောင်းနှင့် ဦးသက်ထွန်းမောင်နှင့် ဒေါ်မြနှင်းရီတို့ အကြောင်းကိုပါ သိရှိအောင်ကြိုးစားခဲ့ရသည်။

သူ့အနေနှင့် သူတို့တစ်တွေ၏အကြောင်းကို အတော်အသင့်သိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထွန်းမောင်မှာ F.R.C.S ဘွဲ့ရ နှလုံးရောဂါအထူးကု ဆရာဝန်ကြီးဖြစ်ပြီး ဒေါ်မြနှင်းရီကလည်း သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်မကြီးဖြစ်ကြောင်း သိရသည်။

အောင်သူရိန်ကတော့ ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာဂုဏ်ထူးနှင့် ဘွဲ့ရခဲ့ပြီး ဩစတေးလျနိုင်ငံတွင် ကွန်ပျူတာပညာကို သွားရောက်သင်ကြားခဲ့သူဖြစ်ကြောင်း သိခဲ့ရသည်။

အောင်ဗျူဟာအနေနှင့် အောင်သူရိန်နှင့်ပတ်သက်ပြီး ဤမျှပဲ သိခဲ့သည်။

ထိုသို့ သူမသိမသာ စပ်စုနေခိုက် ဦးသက်ထွန်းမောင်က သူ့ကို ဩစတြေးလျနိုင်ငံတွင် သူသင်ယူခဲ့ရသော ကွန်ပျူတာပညာနှင့် ပတ်သက်၍ မေးလိုက်၍ အောင်ဗျူဟာမှာ ရင်ထိတ်ခဲ့ရသေးသည်။ ဦးသက်ထွန်းအောင် မေးမြန်းပုံကတော့-

'သား... ဟိုမယ် ကွန်ပျူတာသင်ခဲ့တာ အလွန်ထူးချွန်ပြီး ကျောင်းသားတွေထဲမှာ အစမ်းစာမေးပွဲစစ်တိုင်း ပထမချည်း ရခဲ့တယ်ဆို'

ထိုအမေးကို အောင်ဗျူဟာက ခေါင်းညိတ်ပြလိုက်သည်။

'ဘာတွေသင်ခဲ့ရတယ်ဆိုတာ ဖေဖေတို့ကို နည်းနည်းလောက် ပြောပြပါလား၊ သားမေမေပါ သိရတာပေါ့'

'ဟိုက်... ဗုဒ္ဓေါ၊ အလိမ်ပေါ်တော့မယ် ထင်တယ်'

အောင်ဗျူဟာစိတ်တွင်းမှ ရေရွတ်သံ။





ပြီးမှ စိတ်ကိုတည်ငြိမ်အောင်ကြိုးစားထားရင်း အောင်ဗျူဟာမှာ အလိမ်မပေါ်စေရန် ပြန်ပြောနေရသည်။

'ဟို... ဟို... သင်ခဲ့တာတွေက များလို့ ဘာကစပြောရမှန်းတောင်မသိပါဘူး၊ နောက်တော့ ဖေဖေတို့ကို တစ်မျိုးစီ ...ပြပါ့မယ်နော်'

အောင်ဗျူဟာ၏ ဆင်ခြေပေးသံကို ဖခင်ဖြစ်သူ ဦးသက်ထွန်းမောင်က သံသယမဖြစ်ဘဲ လက်ခံလိုက်သည်။

'ဟုတ်ပါတယ်လေ... ဖေဖေကအလျင်စလိုနဲ့ မေးလိုက်မိတယ်၊ ကဲ... ကဲ... မင်းလည်း ခရီးပန်းလာလို့ အိပ်ချင်ရောပေါ့၊ သွား အိပ်ချေတော့လေ'

ဦးသက်ထွန်းမောင်က ခွင့်ပြုလျှင် အောင်ဗျူဟာမှာ မိခင်ကြီးဒေါ်မြနှင်းရီကိုပါ နှုတ်ဆက်၍ အခန်းတွင်းမှ အမြန်ထွက်လာခဲ့သည်။

ထိုနေ့ညက အောင်ဗျူဟာမှာ စိတ်ပန်းလူပန်း ဖြစ်ခဲ့မှုကြောင့် တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျခဲ့ရာ နောက်တစ်နေ့နံနက် ၈ နာရီကျော်မှ နိုးလာခဲ့သည်။

အကယ်၍သာ သူ့သူငယ်ချင်း ကင်မောင်သန်း ရောက်မလာလျှင် သူသည် နိုးဦးမည်မဟုတ်ပေ။

တော်တော်အိပ်ပုတ်ကြီးလှသည့် အောင်ဗျူဟာပေတကား။

အောင်ဗျူဟာ အိပ်ပျော်နေသော အခန်းတံခါးကို အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှနေ၍ တင်မောင်သန်းက တခွန်းခွန်းနှင့် ထုရိုက်ရင်း သူ... နှိုးနေသည်။

'ဟော့ကောင်... ကာလနဂါးကြီး၊ အိပ်ပုတ်ကြီးလုချ... လား၊ ယတော့လေကွာ... မနက်ရှစ်နာရီကျော်နေပြီ'

တင်မောင်သန်း၏ နှိုးသံကြောင့် အောင်ဇေယျလည်း နိ... လာပြီး ပြန်ပြောသည်။

'အေး... အေး... ငါလာခဲ့မယ်၊ မင်း အောက်ထပ်မှ... သာ သွားစောင့်နေ'

အောင်ဇေယျ၏ ပြောသံကြောင့် တင်မောင်သန်းလည်... အောက်ထပ်သို့ ပြန်ဆင်းသွားခဲ့သည်။ ၅ မိနစ်ကျော်ခန့်ကြာတွင် အောင်ဇေယျမှာ အဝတ်အစားများလဲလှယ်ကာ အောက်ထပ်သ... ဆင်းလာခဲ့သည်။

ယခု သူဝတ်ထားသော အဝတ်များမှာ သူ့ကိုယ်ပိုင်... အဝတ်တော့ မဟုတ်ပေ။ အောင်သူရိန်၏ အဝတ်များသာ ဖြ... သည်။

သက္ကလပ်အပြာရောင် ဘောင်းဘီရှည်နှင့် ဟာဝေယံရှ... လက်တိုကို သူက ဝတ်ထားသည်။ အောင်သူရိန်၏အခန်းထဲတွင် အဝတ်မျိုးစုံ ဗီရိုကြီးနှင့်အပြည့် ရှိနေသည်။

အောင်ဇေယျ အောက်သို့အရောက်တွင် တင်မောင်သန်းက... အံ့သြသံနှင့် လှမ်းပြောနေသည်။





'ဟာ... ဟော့ ...ောင်ကြီး တစ်ယောက်တည်းပဲ ဆင်း ...သလားကွ၊ ဟွန်း...'

'ဟေ... ငါက တစ်ယောက်တည်းဆင်းမလာဘဲ နှစ် ...ယောက်တွဲဆင်းလာရအောင် ငါ့မှာ မိန်းမမှမရသေးတဲ့ဟာ၊ ...... ဟဲ...'

'တယ်... ဒီကောင် ငါပြောတာ တခြား၊ မင်းပြောတာ တခြားဖြစ်နေပြီ'

'ဘာကြောင့်လဲ... ရှင်းပါဦး'

'ဟ... ဘာကြောင့်ရမှာလဲ၊ မင်း ဂေါက်သီးအိတ်ယူ ...လာဘဲ တစ်ယောက်တည်း ဆင်းလာလို့ပေါ့ကွ'

'နေစမ်းပါဦး... ဂေါက်သီးအိတ်ကို ငါက ဘာကိစ္စ ယူလာရမှာလဲလို့'

'ဂေါက်သီးသွားရိုက်မလို့ပေါ့၊ မင်းနဲ့ ငါ ဂေါက်သီး ရိုက်ရတာ ကြာလှပြီလေ၊ ဟိုတုန်းကတော့ ဂေါက်သီးရိုက် တိုင်း မင်းကချည်း ငါ့ကို နိုင်ခဲ့တယ်လေ၊ ဒါပေမဲ့ မင်းက သြစတေးလျမှာ သုံးနှစ်လုံးလုံး ဂေါက်သီးမရိုက်ဘူးဆိုတော့ မင်းရဲ့လက် ပျက်မပျက် သိရအောင် ငါက စမ်းကြည့်ချင်လို့ အခုလို လာခေါ်တာပေါ့ကွ၊ ဒီတော့ မင်းရဲ့ ဂေါက်သီးအိတ်ကို သွားယူကွာ'

တင်မောင်သန်း၏စကားများ ကြားရလျှင် အောင်ဇေယျမှာ



www.burmeseclassic.com

www.burmeseclassic.com



ချောက်လုံးချပြူးကျယ်သွားတော့သည်။ သူ့အနေနှင့် ဂေါက်သီးရိုက်ခြင်းကို စကော့ပူနိုင်ငံတွင် သူများ ရိုက်နေပုံကို အဝေးကသာ မြင်ဖူးခဲ့သည်။ သူကိုယ်တိုင်တော့ တစ်ကြိမ်တစ်ခါမှ မရိုက်ဖူးခဲ့ပေ။

အိမ်အပေါ်ထပ်ရှိ အောင်သူရိန်အခန်းတွင် ဂေါက်သီးတံများ ထည့်ထားသော ဂေါက်သီးအိတ်ကိုတော့ ဗီရိုကြီးဘေးတွင် ရှိနေသည်ကို သူ တွေ့ပါသည်။

ခက်ချေပြီ။

သူ့အနေနှင့် ငါ မရိုက်ချင်ပါဘူးကွာဟူ၍ ငြင်းလိုက်လျှင် ယနေ့တစ်နေ့အတွက်တော့ရမည်။ နောက်တစ်နေ့တွင် ဆက်၍ တင်မောင်သန်းက ဂေါက်ရိုက်ခေါ်နေလျှင် ဆက်ငြင်းဖို့ မလွယ်ပေ။

သည်တော့ ငြင်းမနေတော့ဘဲ လာမည့်ဘေး ပြေးတွေ့ခြင်းသာ အကောင်းဆုံးဖြစ်ပေမည်။ ထိုဆုံးဖြတ်ချက်အတိုင်း အောင်ဗျူဟ လုပ်လိုက်တော့သည်။

'ကောင်းပြီ… မင်းက ဂေါက်ရိုက်ချင်သပဆိုလည်း ရိုက်ကြတာပေါ့၊ ငါ အပေါ်ကိုတက်ပြီး ဂေါက်အိတ်ကိုသွားယူခဲ့မယ်'

အောင်ဗျူဟ ဟန်တစ်လုံးပန်တစ်လုံးနှင့် တင်မောင်သန်းကိုပြောရင်း အပေါ်ထပ်သို့ ပြေးတက်သွားခဲ့သည်။





အပေါ်ထပ်တွင်ရှိ အောင်သူရိန်၏ ဂေါက်သီးအိတ်ကြီးကိုယူ၍ ပြန်ဆင်းအလာတွင် ဦးသက်ထွန်းမောင်ကပါ တင်မောင်သန်းနှင့်အတူ ရှိနေသည်ကိုတွေ့ရသည်။

'ဟ…သား ဂေါက်သီးရိုက်သွားတော့မလို့လား၊ လက်ဖက်ရည်သောက်သွားဦးလေ'

ဦးသက်ထွန်းမောင်က အောင်ဗျူဟကို ပြောနေသည်။

အောင်ဗျူဟ ပြန်မပြောနိုင်မီ တင်မောင်သန်းက ဝင်ပြောသည်။

'နေပေ့စေ အန်ကယ်၊ ကျွန်တော်တို့ ဂေါက်ကွင်းကိုသွားရင်း စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်မှာ ဝင်သောက်ကြမယ်'

'ဪ… ဪ… ဒါဆို သား အိမ်ကကားကို ယူသွားမှာလား'

ဦးသက်ထွန်းမောင်က ဆက်၍မေးနေပြန်သည်။

ဒါကိုလည်း တင်မောင်သန်းကပင် ပြန်ဖြေသည်။

'ကားကို သူယူစရာမလိုပါဘူး၊ ကျွန်တော့်ကားနဲ့ပဲ အသွားအပြန် ပို့ပေးပါ့မယ် အန်ကယ်'

'ကောင်းပြီ… ဒါဆိုလည်း သွားကြပေတော့၊ မနက်စာတော့ ဒီမှာပဲစားနော်၊ ချစ်ရည်ဝင်းလဲ့လည်း မနက်စာအမီ ရောက်လာလိမ့်မယ်၊ သူ့အိမ်ကို ဖေဖေ မနက်က ဖုန်းဆက်ထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ ဖေဖေ'

အောင်ဗျူ့ရှကပြန်ပြောပြီး တင်မောင်သန်းနှင့် တိုက်တွင်းမှ ထွက်သွားခဲ့ကြသည်။ အပြင်ဘက်တိုက်၏ ဆင်ဝင်အောက်၌ရပ်ထားသော တင်မောင်သန်း၏ မတ်ခ်တူးကားပေါ်သို့ နှစ်ယောက်သားတက်ထိုင်ကြသည်။

ထို့နောက်တော့ တင်မောင်သန်းက ကားကို မောင်းထွက်သွားခဲ့သည်။

စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့် မုန့်များကို စားသောက်ကြပြီးနောက် ဂေါက်တွင်းသို့ ၄နက် ၉ နာရီကျော်တွင် ရောက်သွားခဲ့သည်။

အောင်ဗျူ့ရှမှာ ဂေါက်အိတ်ကြီးကိုဆွဲလျက် ဟန်တစ်လုံး ပန်တစ်လုံးနှင့် တင်မောင်သန်းနှင့်သာ လိုက်လာရသည်။ သူက ဂေါက်ကို လုံးဝရိုက်တတ်သူမဟုတ်၍ သူ့ရင်ထဲတွင် မီးမလာ၍ ဖွင့်ထားသော ဓာတ်အားပေးစက်မှ ပေါ်ထွက်လာခဲ့သော အသံတွေလို တဒုန်းဒုန်း မြည်နေသည်။

'ကဲ… သူငယ်ချင်း၊ မင်းက အလျင်စပြီး ရိုက်ပေတော့'

ဂေါက်သီးအိတ်အတွင်းမှ ဂေါက်တံများ ထုတ်အပြီးတွင် တင်မောင်သန်းက အောင်ဗျူ့ရှကို ပြောနေသည်။

'မင်းက ဘာဖြစ်လို့ အလျင်မရိုက်တာလဲ'





'မင်းရဲ့ ဩစတေးလျပြန် လက်ရာကလေးကို စောင့်ကြည့်ချင်သေးလို့ ငါကစပြီး မရိုက်တာပေါ့'

'ကောင်းပြီ… ဒီလိုဆို ဂေါက်သီးကို မင်းက တည်လေ'

အောင်ဗျူ့ရှမှာ ဂေါက်သီးကို မည်သို့ထားရမည်ကိုပင် သိ၍ ယခုလို တင်မောင်သန်းအား လူလည်လုပ်ကာ ပြောနေ ခြင်းပင်။ တင်မောင်သန်းကတော့ ရိပ်မိဟန်မရှိဘဲ ဂေါက်သီးကို တည်ပေးသည်။

'ကဲ… ကိုယ်တော်ချော… ဂေါက်… တည်ပြီး ရိုက်ပေတော့'

တင်မောင်သန်းကပြောလျှင် အောင်ဗျူ့ရှမှာ အနီးပတ်ဝန်းကျင်တစ်ဝိုက်ရှိ လူများကို အကဲခတ်ကြည့်မိသည်။

သူတို့နှင့် ခပ်လှမ်းလှမ်းတွင် လူလေးငါးယောက် ဂေါက်သီးရိုက်ကျင့်နေကြသည်ကို တွေ့ရသည်။ သူကလည်း ဟန်နှင့်ပန်နှင့် ဂေါက်အိတ်မှ ဂေါက်သီးတံကို ဆွဲထုတ်ယူလိုက်သည်။

သူယူခဲ့သော အောင်သူရိန်၏ ဂေါက်တံများမှာ Dunlop အမှတ်တံဆိပ် Power Point ခေါ် အကောင်းစား အဖိုးတန်ဂေါက်တံတွေဖြစ်သည်။

ဂေါက်တံတွေမှာ စုစုပေါင်း ဆယ်ခုရှိကြပြီး 2.3.4.5.



www.burmeseclassic.com

www.burmeseclassic.com



6.7.8 နှင့် S.W ဟူ၍ ရေးသားထားသော ဂေါက်တံဆယ်ချောင်း ရှိကြသည်။ ဂေါက်တံအရွယ်အစားတွေကလည်း တစ်ခုနှင့်တစ်ခု မတူညီကြပေ။

မည်သည့်ဂေါက်တံသည် မည်သည့်နေရာတွင် ရိုက် သင့်တော်သည်ကို ဂေါက်ရိုက်သမားအစစ်ကသာ သိကြသည်။

ဗျူ့လို ဂေါက်ကို လုံးဝမရိုက်ဖူးသူက မသိပေ။

သို့ဖြစ်၍လည်း အောင်ဗျူ့မှာ ဂေါက်အိတ်တွင်းမှ ဂေါက်တံကို ဆွဲမိဆွဲရာ ဆွဲထုတ်ခဲ့သည်။

'ဟာ.. ဟေ့... မင်း... မင်း နံပါတ် ၂ရိုးကြီးနဲ့ စ,ရိုက်မလို့လား'

ဂေါက်သီးရိုက်ကျွမ်းကျင်သော တင်မောင်သန်းက အံ့သြသံနှင့် မေးနေသည်။ အောင်ဗျူ့မှာတော့ သူစတင်၍ရိုက်မည့် ဂေါက်တံမှာ နံပါတ်မှားနေသည်ကို မသိပေ။

'ဘာဖြစ်လဲကွ... ဂေါ့ဘာသာဂေါ့ ဘာဂေါက်တံနဲ့ရိုက်ရိုက်ပေါ့'

'ဗုဒ္ဓေါ'

တင်မောင်သန်း၏ နှုတ်ဖျားမှပေါ်လာခဲ့သော အာမေဍိတ်သံကြီး။

ထို့နောက် အောင်ဗျူ့ ရိုက်တော့မည့် ဂေါက်သီးရိုက်ဟန်ကို ကြည့်နေသည်။





အောင်ဗျူ့မှာလည်း သူ တစ်ကြိမ်တစ်ခါမှ မရိုက်ဖူးခဲ့သော ဂေါက်သီးကိုရိုက်ရန် ဂေါက်တံကို တအားလွှဲ၍ ဂေါက်သီးကို ရိုက်လိုက်သည်။

ထိုသို့ရိုက်ရာတွင် ဂေါက်သီးကိုမထိဘဲ မြေကြီးတွေသာ ဂေါက်တံနှင့်ထိ၍ အပေါ်သို့ အစောင်ပံပါသလို ပျံတက်သွားခဲ့ကြသည်။

အောင်ဗျူ့၏လက်ထဲတွင် ကိုင်ထားသော ဂေါက်တံမှာသည်း သူ့လက်မှချော်ထွက်ကာ သူနှင့်ခပ်လှမ်းလှမ်း၌ ရပ်နေသော တင်မောင်သန်း၏ညာဘက်သို့ ညှို့သကျည်းကို အရှိန်နှင့် ရိုက်မိတော့သည်။

**'အောင်မယ်လေး... သေပါပြီဗျ၊ ကျိုးပါပြီဗျ၊ ကယ်ဆော်မှုပါဦး အရပ်ကတို့ရေ'**

တင်မောင်သန်းနှုတ်ဖျားမှ အထက်ပါအတိုင်း နာကျင်သံကြီးနှင့် အော်ဟစ်ရင်း ဂေါက်တံမှန်သော သူ၏ညာဘက်ညှို့သကျည်းကိုလည်း လက်နှင့်ဖိကာဖိထားသည်။

တင်မောင်သန်း၏ ငယ်သံပါအောင် အော်ဟစ်သံကြောင့် အနီးဝန်းကျင်၌ ရှိနေသူတွေအားလုံး အော်သံလာရာသို့ သမ်းကြည့်နေကြသည်။ အောင်ဗျူ့မှာလည်း တင်မောင်သန်းထံသို့ ပြေးသွား ရင်း စိုးရိမ်သံနှင့်မေးနေသည်။

'ဟေ့ကောင်... အော်လှချည်လားကွ၊ ဘာဖြစ်သွားလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'အော်မှာပေါ့ကွ၊ ဘယ်ကလောက်နာတယ်မှတ်သလဲ၊ မင်း ဂေါက်ရိုက်တာက ဘယ်လိုရိုက်လိုက်တာလဲ၊ ငါ့ကို တမင် မှန်အောင် ဂေါက်တံကိုလွှတ်လိုက်တာမဟုတ်လား၊ ရက်စက်ပါ ပေ့ကွာ၊ အို… အမေ… သားတော့ လူပေါင်းမှားလို့ ... ဘဝကာနေ အကျိုးဘဝကို ရောက်ရတော့မယ်၊ သားကျိုးပြီ အမေ ရေ၊ သား ကျိုးသွားပြီဗျို၊ အီး…'

တင်မောင်သန်းမှာ သူ့ညာဘက်ညို့သကျည်းကို လက် နှင့်ဖိရင်း အော်နေပြန်သည်။

'အာ… ဒီကောင်နဲ့တော့ ခက်နေပြန်ပါပြီ၊ ...လို့အော် ရင်လည်း ယဉ်ယဉ်ကျေးကျေးအော်မှပေါ့၊ အခု မင်း အော်နေပုံ ကြီးက ကျိုးပါပြီ၊ ကျိုးပါပြီနဲ့ အော်နေတော့ အကြောင်းမသိတဲ့လူ တွေက မင်းမှာ ကာလသားရောဂါစွဲလို့ အော်နေတယ်လို့ ထင် ကုန်မှာပေါ့ကွ၊ ဟား… ဟား… ဟား… ဟား…'

'အောင်မယ်… သူက ရယ်လားမောလားနဲ့ ဖြစ်ေ လိုက်တာ၊ ငါ့မှာ အသည်းခိုက်မတတ် နာကျင်လွန်းလို့ အော်တာ ကို ယဉ်ယဉ်ကျေးကျေးအော်ပါလေး ဘာလေးနဲ့ ကိုယ်ချင်းမစာ ပြောနေလိုက်တာ၊ ငါကတော့ နာလွန်းလို့အော်ရတာမို့ ယဉ်ကျေး တာတွေ မယဉ်ကျေးတာတွေကို စဉ်းစားမနေနိုင်ဘူး၊ ဖြစ်သလို အော်ရမှာပဲ'

'အေးလေ… အော်ရင်လည်း ကျွန်တော့် ညို့သကျည်း





ဂေါက်တံထိသွားလို့ ကျိုးပါပြီခင်ဗျလို့ ဝါကျအပြည့်အစုံ အောင် အော်မှပေါ့ကွ'

'ဟေ့ကောင် အောင်သူရိန်၊ ငါ့ကို လာပြီးဆရာလုပ်မနေ နဲ့၊ ငါ့မှာဖြင့် မင်းကောင်းမှုကြောင့် ညို့သကျည်းကျိုးပြီနဲ့တူ တယ်။ ဒီတော့ ငါ့ကို ဆေးခန်းကိုသာလိုက်ပို့ပေးတော့၊ အလာ လာ… ပြောရင်းဆိုရင်း ညို့သကျည်းက ပိုနာနေပြီ၊ ကဲ… လုပ်ကွာ၊ ငါ့ကိုတွဲပြီး ဆေးခန်းပို့၊ ကားကိုလည်း မင်းပဲမောင်းပေ တော့'

တင်မောင်သန်း၏စကားကြောင့် အောင်ဗျူဟာမှာ ဦးနှောက်ခြောက်သွားတော့သည်။ သူသည် ကားကို ကောင်း ကောင်းမောင်းတတ်သူမဟုတ်ပေ။

တောသားပီပီ နွားလှည်းကိုသာ ကျွမ်းကျင်စွာ မောင်း တတ်သူ။ ယခုတော့ သူ မမောင်းတတ်သောကားကို သူ့မှာ မောင်းရတော့မည်လော။ မဖြစ်ပါ။ မည်သည့်နည်းနှင့်မှ မဖြစ် ပါ။

ယင်းသို့ အောင်ဗျူဟာတစ်ယောက် အကျပ်ရိုက်နေခိုက် မိုးပေါ်မှ မိုးနတ်မင်းကြီး မ,လိုက်သလို သူ့အတွက် အဆင်ပြေဖို့ ပေါ်လာသည်။

တင်မောင်သန်း၏ ဟစ်အော်သံကြောင့် သူတို့နှင့်ရွယ်တူ လူတစ်ဦး ပြေးလာပြီး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ကိုတင်မောင်သန်း ဘယ်လိုဖြစ်သွားလို့လဲဗျ၊ ပြောပါဦး'

ထိုအမေးကို တင်မောင်သန်းက ရှုံ့မဲ့သောမျက်နှာနှင့် အောင်ဗျူဟကို မေးငေါ့ပြရင်း နာကျင်သံနှင့်ပြန်ပြောသည်။

'ဘာဖြစ်ရမှာလဲဗျာ… ဟောဒီကောင် အောင်သူရိန်ပေါ့၊ ဂေါက်ရိုက်တာ ဂေါက်သီးကိုမရိုက်ဘဲ ဂေါက်တံကို လွှတ်လိုက်တော့ ကျွန်တော့်ညို့သကျည်းကို လာမှန်လို့ အခုလို ဖြစ်သွားတာပဲ'

'ဟင်… ဖြစ်ရလေဗျာ၊ ကိုအောင်သူရိန်က ဂေါက်ရိုက်ဝိဇ္ဇာပဲ၊ ဘာဖြစ်လို့ ဂေါက်တံဟာ သူ့လက်ကလွှတ်ပြီး ခင်ဗျားကိုမှန်ရတာလဲ၊ စောစောက ခင်ဗျားကို စချင်လို့လုပ်တာ လက်လွှတ်သွားတာနဲ့တူပါတယ်၊ ဟား… ဟား… ဟား… ဟား'

အောင်ဗျူဟမှာလည်း ထိုလူ၏စကားအတိုင်း ချော်လဲရောထိုင် လုပ်လိုက်ရသည်။

'အေးဗျ…ဒီကောင့်ကို ကျွန်တော်စချင်တာနဲ့ ဂေါက်တံကို တမင်လွှတ်လိုက်တာ၊ အရှိန်နည်းနည်းလွန်သွားတယ်ဗျာ၊ အဟဲ… ဩော်… ဒါထက် ခင်ဗျား ကားမောင်းတတ်တယ် မဟုတ်လား'

အောင်ဗျူဟက တစ်ဆက်တည်း တစ်ဖက်လူကို မေးနေသည်။





'မောင်းတတ်ပါတယ်… ကိုအောင်သူရိန်က ဘာလို့ မေးတာလဲ'

'မေးဆို ဒီကောင့်ကို ဆေးခန်းပို့မလို့၊ သူ့ကားနဲ့ မောင်းပို့ပေးပါလား'

'ရပါတယ်လေ… နို့ ကိုအောင်သူရိန်လည်း မောင်းတတ်ရဲ့သားနဲ့ ဘာဖြစ်လို့ ကျွန်တော့်ကို မောင်းခိုင်းရတာလဲ'

'မောင်းခိုင်းဆို ကျွန်တော့်ကြောင့် သူ ဒဏ်ရာရသွားလို့ ဆေးခန်းမရောက်ခင် သူ့ဒဏ်ရာ အနာသက်သာအောင် ပြုစုချင်လို့ပါ'

'တော်စမ်းပါ… အခုမှ မင်းက အဖြစ်သည်းမနေပါနဲ့၊ လုပ်တုန်းကတော့ လုပ်ပြီး ကဲ… ကဲ… မင်းမမောင်းချင်ရင် ကိုလှသွင်ပဲ မောင်းပေးဗျာ၊ ဩော်… ကျွန်တော်တို့ရဲ့ ဂေါက်သီးအိတ်တွေကိုလည်း ကားပေါ်ကို သယ်ပေးဦးနော်'

တင်မောင်သန်းက လှသွင်ကို လှမ်းပြောနေသည်။

ထို့နောက်တော့ လှသွင်က သူတို့နှစ်ဦး၏ ဂေါက်သီးအိတ်ကြီးများကို ကားဆီသို့သယ်သွားသည်။ အောင်ဗျူဟကတော့ ဘလကောင်းသူပီပီ တင်မောင်သန်းကိုပွေ့၍ ကားဆီသို့သယ်သွားသည်။

'အခု ကျွန်တော်က ဘယ်ဆေးခန်းကို မောင်းပေးရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့အရောက်တွင် လှသွင်က တင်မောင်သန်း ကို မေးနေသည်။

'အနောက်ပိုင်း လမ်းမတော်မှာဖွင့်ထားတဲ့ ဒေါက်တာ ဘိုကင်းရဲ့ ဆေးခန်းကိုပို့ဗျာ၊ သူက ကျွန်တော်နဲ့ သိပ်ခင်တာ'

'ဪ…ဪ…သိပြီ၊ စိတ်အရမ်းတိုတဲ့ ဒေါက်တာ ဂျပုမဟုတ်လား'

'အစစ်ပေါ့… သူက စိတ်တိုပေမယ့် စိတ်ရင်းတော့ ကောင်းပါတယ်လေ'

လှသွင်မှာ တင်မောင်သန်းပြောသည့်အတိုင်း အနောက် ပိုင်းတွင်ဖွင့်ထားသော အရိုးကျိုးအထူးကု ဒေါက်တာဘိုကင်း ဆေးခန်းသို့ မောင်းပို့ပေးခဲ့သည်။

တင်မောင်သန်းကို ဒေါက်တာဘိုကင်းက ဆေးကုနေ ခိုက် အောင်ဗျူဟာမှာ အရေးတကြီး သွားစရာရှိသေးသည်ဟု အကြောင်းပြကာ ဆေးခန်းမှ လစ်ထွက်လာသည်။

အကယ်၍ မထွက်ဘဲနေပါက တင်မောင်သန်း၏ကား ကို သူ မောင်းရမည်စိုး၍ပင်။ လာရောက်ကူညီနေသူ လှသွင်ကို တော့ တင်မောင်သန်းကို သူ့အိမ်အရောက် ကားနှင့်ပြန်ပို့ပေးရန် မှာကြားထားခဲ့သည်။

(ခြောက်)

## မြို့ကြီးသားမှ တောသားသို့

အောင် သူရိန်မှာ ရွှေဗိုင်းတို့ မောင်နှမနှင့်အတူ ဂျစ်ကား စီး၍ ရှ ပြန်မီ သူတို့စားနေကြသော ထမင်းဆိုင်မှနေ၍ ဦးလှရှိန်ထံ ၄ အမြန်သွားခဲ့ရသေးသည်။

သွားရခြင်းအကြောင်းကတော့ သူ့တွင် မြန်မာငွေမရှိဘဲ တက်ဖ်အီးစီသာရှိနေ၍ ဦးလှရှိန်အား မြန်မာငွေနှင့်လဲလှယ်ပေးရန် အတွက်ဖြစ်သည်။

ထိုငွေများရလျှင် အောင်သူရိန်မှာ ဦးလှရှိန်ကို နှုတ်ဆက် ၍ ထမင်းဆိုင်တွင် သူ့ကိုစောင့်နေကြသော ရွှေဗိုင်းတို့ထံ ပြန် သွားခဲ့သည်။

ထို့နောက်မှ ငှားထားသော ဂျစ်ကားနှင့် အောင်ဗျူဟာ သို့ ဆက်လက်၍ထွက်ခွာလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗျူဠတို့ နေထိုင်ကြသော အိမ်မှာ ပေလေးဆယ် ပေခြောက်ဆယ်ခန့်ခြံကို ဝါးတို့နှင့် ပတ်လည်ခတ်၍ ခြံထဲတွင် ဆောက် လုပ်ထားသော သွပ်မိုးပျဉ်ကာ တစ်ထပ်အိမ်ကလေး ဖြစ်သည်။

'အရီးလေးရေ… အရီးလေး… ငအောင်ရောက်လာ ပြီ'

အောင်ဗျူဠ၏မိခင် အိမ်သို့ရောက်လျှင် ရွှေဗျိုင်းကျ ဂျစ်ကားပေါ်မှအမြန်ဆင်းကာ အထက်ပါအတိုင်းအော်ရင်း ခြံထဲ သို့ ပြေးဝင်သွားခဲ့သည်။ ရွှေဗျိုင်း၏အော်သံကြောင့် အိမ်တွင်းမှ အဒေါ်ကြီးတစ်ဦး ထွက်လာသည်။

ထိုအဒေါ်ကြီးကား အောင်ဗျူဠ၏မိခင် ဒေါ်အေးနွယ် ပင်။

အောင်သူရိန်မှာ အိမ်ဝမှနေ၍ သူတို့ရှိရာသို့ လှမ်းကြည့် နေသော ဒေါ်အေးနွယ်ကိုမြင်ရလျှင် သူ၏မိခင်ရင်းကို မြင်တွေ့ လိုက်ရသလို စိတ်ထဲတွင် ခံစားလိုက်မိသည်။

ဘမောင်က သူ၏ပစ္စည်းများကို သယ်၍ အိမ်ဆီသို့ယူ သွားသည်။

သူကတော့ ပခုံးတွင် လွယ်ထားသော ကြိုးသိုင်းအိတ် ရှည်ကြီးကိုလွယ်ရင်း ဒေါ်အေးနွယ်ထံသို့ ပြုံးရွှင်သောမျက်နှာ နှင့်သွားကာ နှုတ်ဆက်နေသည်။





'အမေ နေကောင်းတယ်နော်၊ မနေ့တုန်းက ခြေခေါက် သွားလို့ဆို'

အောင်သူရိန်က အောင်ဗျူဠအနေနှင့် ဒေါ်အေးနွယ်ကို မေးနေသည်။

'အေး… ဟုတ်တယ် သားရဲ့၊ ဒါပေမဲ့ အခုတော့ ပျောက်သွားပါပြီ၊ သားက စင်္ကာပူကပြန်လာမှ အသားကလည်း ဖြူလာပြီး ဝလည်းဝလာတယ်နော်၊ ကြည့် ဟိုမှာနေရတာ အဆင်ပြေတယ်ထင်တယ်၊ ဟဲ… ဟဲ…'

'ဟုတ်ကဲ့… ပြေပါတယ် မေမေ'

အောင်သူရိန် ပြန်ပြောနေခိုက် ဘမောင်မှာ သူတို့အနီးသို့ ရောက်လာ၍ ဒေါ်အေးနွယ်ကို တိုင်နေသည်။

'… ရီးလေးကို တိုင်ပြောရဦးမယ်၊ ဒီကောင်လေ ကျွန် တော်တို့ကို အကြောင်းရိုက်ခဲ့သေးတာဗျ'

'ဟင်…. ငါ့သားက မင်းတို့ကို ဘယ်လိုအကြောင် ရိုက်ခဲ့လို့လဲ'

'သူ့ကို ကျွန်တော်တို့မောင်နှမက ဝမ်းသာအားရနဲ့ သူ့ နာမည်ကို ခေါ်တာကို သူက ခပ်တည်တည်နဲ့ သူဟာ အောင် ဗျူဠ မဟုတ်ဘူး၊ အောင်သူရိန်ဆိုပြီး ယွက်သွားတယ်လေ၊ ကျွန်တော်တို့က အတင်းမရမက မင်းဟာ အောင်ဗျူဠအစစ်ပါ၊ တို့ကို အကြောင်မရိုက်ပါနဲ့လို့ ပြောတော့မှ ကိုယ်တော်ချောက

www.burmeseclassic.com



မငြင်းတော့ဘူးဗျ'

'ဟုတ်လား သား၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွယ်'

'အဟဲ… သားက သူတို့နဲ့မတွေ့ရတာကြာလို့ တမင်နောက်လိုက်တာပါ'

အောင်သူရိန်က အဆင်ချောအောင် ပြောနေရသည်။

အနီးအနားတွင်ရှိ အိမ်များမှ လူအချို့တို့မှာ အောင်ဗျူ... တစ်ယောက် စက်ာပူနိုင်ငံမှ ပြန်ရောက်လာသည်ကို သိကြ၍ တောခလေ့အတိုင်း ဒေါ်အေးနွယ်အိမ်သို့ ရောက်လာကြသည်။

'ဟယ်…ဗျူကြီး၊ နင်ဟာ စက်ာပူကပြန်လာ... အသားကလည်း ဖြူလာ၊ ရုပ်ရည်ပါချောလာပါကလား၊ ဟား… ဟား… ဟား….'

ဒေါ်အေးနွယ်နှင့်ရွယ်တူအမျိုးသမီးကြီးက အောင်သူရိ... ကိုပြောနေသည်။

'ဟဲ… ဟဲ… အရီးတုတ်ကတော့ စက်ာပူပြန် လက်ဆောင်လိုချင်တာနဲ့ အရမ်းကိုမြှောက်နေပြန်ပါပြီ၊ အဟီး'

ဘမောင်က အမျိုးသမီးကြီးကို ပြောနေသည်။

'ဟွဲ… သေနာကောင်၊ ငါက လက်ဆောင်လိုချင်လို့ ပြောနေတာမဟုတ်ဘူး၊ ငါ့မျက်စိထဲမှာ ငါမြင်တာကို ပြော... နေတာ၊ နင် ရှုးကြောင်ကြောင်နဲ့ ပြောမနေနဲ့၊ ဒါကြောင့် အရပ်က နင့်ကို ကျပ်မပြည့်တဲ့ကောင်လို့ ပြောနေကြတာ သိလား'

'အရီးတုတ်နော်… ကျုပ်ကို ကျပ်မပြည့်ဘူး ဘာဘူးနဲ့ ...ပြောမနေနဲ့၊ ကျုပ်မကြိုက်ဘူးဗျ၊ ကျုပ်က ကျပ်ပြည့်တဲ့အပြင် ...ယ်ပြားတောင် ပိုနေသေးတယ်ဗျ၊ သိလား'

ဘမောင်က မခံချင်သံနှင့် ပြန်ပြောနေ၍ သူတို့တစ်တွေ ...ရယ်နေကြသည်။

ထို့နောက်တော့ အောင်သူရိန်မှ သြစတေးလျနိုင်ငံမှ ...ဝယ်ခဲ့သောအထည်များနှင့် ပေါင်ဒါမိတ်ကပ်တွေကိုထုတ်ကာ ...ဒေါ်အေးနွယ်နှင့် ရွှေဗျိုင်းတို့ကို ပေးနေသည်။

ဘမောင်ကိုတော့ တက်ထရွန်အောင်းဘီရှည်နှင့် စပို့ရှပ် ...တစ်ထည်ပေးလိုက်သည်။

'ဟော့…ဟော့…ဗျူ မင်းရေးခဲ့တဲ့ စာထဲမှာ ကင်မရာ ...ယ်လာမယ်ဆို၊ အခု ပါမလာဘူးလား'

ထိုအမေးကြောင့် အောင်သူရိန်မှာ အဆင်ပြေအောင် ပြောရပြန်သည်။

'အေးဗျာ… ကျွန်တော်လည်း ဒီလာခါနီးမှာ အလုပ် ...ည်းနည်းရှုပ်သွားတာနဲ့ ကင်မရာပါမလာဘူး၊ အစ်ကိုကြီးက ...ကင်မရာကို ဘာလုပ်မှာမို့လဲ'

'အဟီး… ဘာလုပ်ရမှာလဲ၊ ဘုရားပွဲတို့ အလှူပွဲတို့ ...ကျရင် ငါက အချောအလှလေးတွေကို ဓာတ်ပုံရိုက်ပြီး ရှိုးထုတ် ...ချင်လို့ပါကွာ'



www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦး… အစ်ကိုကြီးက ဓာတ်ပုံရိုက်တတ်လို့လား၊ ဟဲ… ဟဲ…'

'အိုကွာ… ဘယ်လူသားတွေမှ မွေးကတည်းက ဘယ်အတတ်ပညာဖြစ်ဖြစ် တတ်လာကြတာမှမဟုတ်ဘဲ၊ ဖြည်းဖြည်းချင်း ရိုက်တတ်အောင် သင်မှာပေါ့ကွ'

'ကဲပါ… ဒီလောက်တောင် ကင်မရာကို လိုချင်နေရင်လည်း ကျွန်တော် ရန်ကုန်ကိုသွားတဲ့ ခါ ဒစ်ဂျစ်တယ်ကင်မရာ တစ်လုံး ဝယ်ပေးပါ့မယ်၊ အခုတော့ သည်းခံလိုက်ဦး'

အောင်သူရိန်နှင့် ဘမောင်တို့ အိမ်ရှေ့ခန်းတွင်ထိုင်၍ စကားပြောနေကြစဉ် ဒေါ်အေးနွယ်နှင့် ရွှေဖျိုင်းတို့မှာတော့ ညစာစားရန်အတွက် မီးဖိုချောင်တွင် ချက်ပြုတ်နေကြသည်။

'ဒါက ထားပါတော့၊ ငါမှာလိုက်တဲ့ ဟိုစာအုပ်တွေရော ပါလာသလားကွ၊ အဟီး…'

ဘမောင်က မေးနေပြန်သည်။

'ဘာစာအုပ်လဲ အစ်ကိုကြီးရ၊ ရှင်းရှင်းပြောစမ်းပါ'

'မင်းနှယ်ကွာ… အရိပ်ပြရင် အကောင်မြင်မှပေါ့၊ ငါပြောတဲ့ကာအုပ်ဆိုတာ အနောက်နိုင်ငံသူတွေ ဝစ်လစ်စလစ်နဲ့ရိုက်ထားတဲ့ ဓာတ်ပုံတွေပါတဲ့ စာအုပ်လေ၊ ဟို… အင်္ဂလိပ်စကားနဲ့ဆိုရင် **အနေခက်** လို့ခေါ်တဲ့ ဓာတ်ပုံတွေလေ'

'ဟာ… ဘယ်ကလာ အနေခက်ရမှာလဲ၊ နေးကစ်တ်ပါ





ဟား… ဟား… ဟား'

'အေးလေ… ငါကမှ မခေါ်တတ်ဘဲ၊ အဲဒီပုံတွေပါတဲ့ အုပ်ပါလားကွ၊ ငါမှားပြောတဲ့ အနေခက်ဆိုတာလည်း မမှား ဘူးကွာ၊ ဒီပုံတွေကိုမြင်ရရင် အနေခက်ပြီး အခြေပျက်ချင်စိတ် ပေါက်တာကွ၊ ဒီတော့ ဒီစာအုပ်ပါလာရင် ပြစမ်းကွာ'

'တကျော့မရှုးနဲ့ အစ်ကိုကြီးရေ၊ ဒီစာအုပ်တွေ မပါဘူးဗျ'

'မင်းကလည်း ပြောရက်လိုက်တာ၊ ဒီစာအုပ်တွေကို ကျောရှုးလို့ကြည့်တာ မဟုတ်ပါဘူး၊ အနောက်နိုင်ငံသူတွေရဲ့ ကိုယ်အလှကို ကြည့်ချင်လို့ပါ၊ အဟီး'

'ကြည့်ချင်မနေနဲ့၊ ဒီစာအုပ်မျိုးတွေကို ကျွန်တော်ဝယ် လာရင်လည်း ရန်ကုန်လေဆိပ်ရောက်ရင် အသိမ်းခံရမှာပဲ'

'ဘယ်လိုကြောင့်လဲကွ'

ဘမောင်မှာ နားမလည်ဟန်နှင့် အောင်သူရိန်ကို ပြန်မေး နေသည်။

'ဘယ်လိုကြောင့်ရမှာလဲ၊ မြန်မာ့ယဉ်ကျေးမှုနဲ့ မီလာပြီး ဆန့်ကျင်နေလို့ပေါ့၊ ဒီစာအုပ်တွေကို Obscene အော့စ်စင်းန် Book ညစ် ညမ်းတဲ့စာအုပ်လို့ သတ်မှတ်ထားတာမို့ ယူလာခွင့်မရှိဘူး လေ'

အောင်သူရိန်က ဘမောင်ကို ရှင်းပြနေသည်။

'အလို့… ဗျူရှူဆိုတဲ့ကောင် စက်ဘူကပြန်လာမှ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



လို တော်တော်ပြောတတ်ဆိုတတ်နေပြီကိုး၊ ကဲ… ကဲ… အဲဒီစာအုပ် မပါလည်း သီချင်းခွေတွေရော ပါမလာဘူးလား'

'အဲဒါတွေတော့ပါတာပေါ့၊ သီချင်းတွေရော ရုပ်ရှင်ကားတွေရောကူးထားတဲ့ ဗီစီဒီခွေတွေ ပါတယ်လေ'

'ဟေ… တယ်ဟုတ်ပါလား၊ အဲဒီအခွေတွေထဲမှာ ငါ့အရမ်းကြိုက်တဲ့ မင်းသားပါလာရင် သိပ်ကောင်းမှာပဲ၊ ဒါထက် ပက်လက်သေဆိုတာ မင်းသိလား ဗျ၊'

'ဗျာ… ပက်လက်သေ ဟုတ်လား'

အောင်သူရိန်မှာ အောင်ကြူကြူဖြစ်သွားသည်။

'အေးလေ… ပက်လက်သေလေ၊ မင်း မသိဘူးလား'

'ဟာဗျာ… အစ်ကိုကြီးကတော့ နောက်ပြီ၊ လူဆိုတာ သေကြရင် ပက်လက်ပဲသေကြတဲ့ဟာ၊ ဘယ်သူမှ မှောက်လျက် မသေကြပါဘူး၊ ဘာလဲ… အစ်ကိုကြီးက မှောက်လျက်သေချင်လို့လား၊ ဟဲ… ဟဲ…'

'အေးကွ…ငါသေရင် မှောက်လျက်… ဟယ်… ဒီကောင် ဘာတွေလာပြောနေတာလဲ၊ နိမိတ်မရှိတဲ့စကားတွေ မပြောစမ်းနဲ့ကွာ'

'ဟောဗျ… ဒီစကားကို ဘယ်သူကစပြောတာလဲ၊ အစ်ကိုကြီးကပဲ စပြောတဲ့ဟာ၊ အစ်ကိုကြီးက မှောက်လျက် တကယ်သေချင်တာလား'





'ဟာ… လုပ်ပြန်ပြီ၊ ငါပြောတာက ဟိုနာမည်ကြီးအဆိုတော် ပက်လက်သေကို ပြောတာကွ၊ မသာအလောင်းကို ပြောတာမဟုတ်ဘူး'

'ဗျာ… ပက်လက်သေအဆိုတော် ဟုတ်လား၊ အဲဒီနာမည်နဲ့အဆိုတော်ကို ကျွန်တော်တော့ တစ်ခါမှ မကြားဖူးဘူး'

'မင်း ကြားဖူးမှာပါကွာ၊ ငါပြောတဲ့နာမည်က မှားနေလို့ဖြစ်ပါလိမ့်မယ်၊ မင်းသိအောင် ငါရှင်းပြမယ်၊ ဒီအဆိုတော်ဟာ မင်းသားအဖြစ်နဲ့လည်း နာမည်ကြီးပြီး ဟို တို့ပြောနေကြတဲ့ အရူးချေးပန်းသီချင်းတွေကို စပြီးထွင်တဲ့သူလေကွာ'

ဘမောင်စကားကြောင့် အောင်သူရိန်မှာ မျက်ခုံးကြီးနှစ်ဖက်ကိုရှုံ့ကာ စဉ်းစားကြည့်နေသည်။ ခဏကြာမှ သူ့နဖူးကိုသူ လက်ဝါးနှင့်ရိုက်ကာ ပြောသည်က-

'သေလိုက်ပါတော့ အစ်ကိုကြီးရာ၊ လက်စသပ်တော့ အစ်ကို ကြီးပြောတဲ့ အဆိုတော်မင်းသားဆိုတာ ပရက်စလေပါ၊ ဘယ်ကလာ ပက်လက်သေရမှာလဲ'

'အေး… ဟုတ်တယ်… ဟုတ်တယ်၊ အဲဒီမင်းသားပဲ'

ဘမောင်က ဝမ်းသာအားရ ပြန်ပြောနေသည်။

'ဘာအခုမှ ဟုတ်တယ်ရတာလဲ၊ ကျွန်တော့်မှာဖြင့် ပက်လက်သေဆိုလို့ စဉ်းစားလိုက်ရတာ၊ မှတ်ထား… သူ့နာမည်အပြည့်အစုံက အယ်လ်ဗစ်ပရက်စလေ၊ နောက်တစ်ခါ မမှားစေနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အဟဲ… ငါပြောလိုက်တဲ့ ပက်လက်သေဆိုတာလည်း သိပ်မမှားပါဘူးကွာ'

'အလို… ဘယ်လိုကြောင့်လဲ'

'ဘယ်လိုကြောင့်ရမှာလဲ၊ အဲဒီမင်းသားသေ… လက်ပဲသေတာ မဟုတ်လား၊ မှောက်လျက်သေတာမှ မဟုတ်ဘဲ ဒါကြောင့် ငါပြောလိုက်တဲ့ ပက်လက်သေဆိုတာဟာ တစ်စေ… တော့ မှန်တာပေါ့ ကွာ၊ ဟား… ဟား… ဟား…ဟား'

ဘမောင်က ပြောပြီး တဟားဟားနှင့် ရယ်နေသည်။

'အင်း… ဒါကြောင့်လည်း အစ်ကိုကြီးကို ကျေပ်မပြည့်ဘူးလို့ ပြောကြတာကိုး၊ ဟဲ… ဟဲ'

'ဘာကွ… ငါ့ကို ဘယ်သူက ကျပ်မပြည့်ဘူးလို့ ပြောတာလဲ၊ မင်း ရွာကိုပြန်ရောက်တာ တစ်နာရီပဲရှိသေးတာ၊ ဘယ်လိုသိတာလဲ'

'ခုနင်က အစ်ကိုကြီး... ညောင်းဖြစ်တာ ပြောသွားတာကို ကြားရလို့ပါ၊ မဟုတ်ဘူးလား'

'မဟုတ်ဘူး… ဘယ်သူကမှ ငါ့ကို ကျပ်မပြည့်တဲ့ကောင်လို့ မပြောရဲကြပါဘူး၊ ပြောရင်လည်း ငါက ဓားနဲ့ကို ခုတ်မှာကွ၊ သိလား'

'အလဲ့… အစ်ကိုကြီးပြောပုံက တကယ့်လူမိုက်ကြီး ကျနေတာပဲ၊ တကယ်ရော ဓားနဲ့ခုတ်ရဲလို့လား'





'ဟဲ… ဟဲ… မင်းက ငါ့ကို အထင်သေးနေတာကိုး၊ ဒီမယ် ငါ့အိမ်က ငှက်ကြီးတောင်ဓားနဲ့ ခုတ်တာ အကြိမ်ပေါင်း နည်းတော့ဘူးကွ'

'ဟာ… တကယ်လား၊ ဒါဆို ပြောစမ်းပါဦး၊ ဘယ်သူတွေကို အစ်ကိုကြီးက ဓားနဲ့ခုတ်တယ်ဆိုတာ'

အောင်သူရိန်မှာ အံ့အားသင့်သံနှင့် မေးနေသည်။

'အေး… ပြောပြမယ်၊ ငါ့ယာခင်းထဲကို ကျူးကျော်ဝင်ရောက်ပြီး ဝင်စားတဲ့နွားတွေရယ်၊ ငါ့ကြက်ခြံကို ညအခါမှာ လာကိုက်ဟဲ့ ခွေးတွေကို ငါ့ရဲ့ငှက်ကြီးတောင်ဓားနဲ့ လိုက်ခုတ်ပစ်တာပေါ့ကွ'

'ဟာဗျာ… ကျွန်တော်က လူတွေကို ဓားနဲ့ခုတ်ခဲ့တယ် မှတ်နေတာ၊ လက်စသပ်တော့ အစ်ကိုကြီးခုတ်တာတွေ တိရစ္ဆာန်တွေကိုး၊ ဟား… ဟား… ဟား'

အောင်သူရိန် ပြောပြီး ရယ်နေသည်။

'ဟကောင်ရ… လူတွေကို ဓားနဲ့ခုတ်မှတော့ ငါ ထောင်ကျမှာပေါ့ကွ'

'သိဘူးလေ… အစ်ကိုကြီးက ကျပ်မပြည့်တဲ့သူလို့ပြောရင် ဓားနဲ့ခုတ်မယ် ပြောလို့ပါ'

'ဟုတ်တယ်လေ… ငါ့ရှေ့မှာ ပြောင်ပြောင်တင်းတင်း ကျပ်မပြည့်မဘူးလို့ ပြောရင်တော့ ခုတ်ရင်ခုတ်မိမှာပေါ့၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



က ကွယ်ရာမှာပြောနေတော့လည်း ငါက ဘယ်လိုလုပ်ပြီး ခုတ်မှာလဲကွ၊ ကဲပါ… အဲဒါတွေ ထားစမ်းပါ၊ မင်း နိုင်ငံခြားက အခွေတွေယူလာတယ်နော်'

'အင်းလေ… ယူလာတယ်၊ အစ်ကိုကြီးအိမ်မှာ ဗီ ယီ စက်ရှိလို့လား'

'အောင်မယ်လေးဗျ… ဗျွရယ် မေးမှမေးရက်ပလေတယ်၊ ဗီဒီယိုစက်မပြောနဲ့၊ ငါ့အိမ်မှာ ရုပ်မြင်သံကြားစက်တောင် မရှိဘူး၊ ကြည့်ချင်ရင် ရွာလူကြီး ဦးဘအိမ်မှာ တစ်ခါတလေ ဟသ်ာတမြို့ဘက်သွားတဲ့အခါ တည်းခိုခန်းမှာရှိတဲ့ ရုပ်မြင်သံကြားစက်ကိုသာ ကြည့်ဖူးတာပါ'

ဘမောင်က ရှင်းပြနေသည်။

'ဒါဆို စိတ်မပူနဲ့၊ တီဗီရော ဗီဒီယိုစက်ရော ကျွန်တော် ဝယ်ပေးမယ်'

အောင်သူရိန်၏စကားကြောင့် ဘမောင် အလွန်ဝမ်းသာသွားသည်။

'မင်း တကယ်ဝယ်ပေးမှာလား၊ အာလူးဖုတ်နေတာ လားကွ'

'တကယ်ပြောနေတာပါ၊ ကျွန်တော့်မှာ ဒေါ်လာငွေ အများကြီးရှိနေတဲ့ဟာ ဒီပစ္စည်းတွေဝယ်ဖို့ မခဲယဉ်းပါဘူး'

မှန်ပေသည်။





အောင်သူရိန်လို ငွေကြေးချမ်းသာသောသူအဖို့ တီဗီနှင့် ဗီဒီယို စက်ဝယ်ရမည့်ငွေမှာ ဘာမှမပြောပလောက်ပေ။

ယခု သူ့တွင် ဩစတေးလျနိုင်ငံတွင်နေထိုင်သော သူ့ဦးလေးက သူ မြန်မာနိုင်ငံသို့အပြန်တွင် သုံးရန် အမေရိကန်ဒေါ်လာ တစ်သောင်းကျော်ကို ပေးလိုက်သည်။

ထို့အပြင် ရန်ကုန်မြို့ရှိ အစိုးရငွေစုဘဏ်တွင်လည်း သူ့မိဘများက သူ့အမည်နှင့်ထားပေးသော ကျပ်သိန်းငါးရာကျော် လည်းရှိနေသည် မဟုတ်လော။

'အင်း… မင်းက ဒါတွေဝယ်တာတော့ ဟုတ်ပါပြီ၊ တို့ရွာ မှာက လျှပ်စစ်မီးက ဘိုဝ်မမှန်ဘူးကွ၊ ဒါကိုကော မင်း ဘယ်လို ဖြေရှင်းမလဲ'

ဘမောင်က အောင်သူရိန်ကို မေးနေသည်။

'ဒါလည်း ငှက်ပျောသီးအခွံနွှာစားသလို လွယ်လွယ်က လေးပါ၊ ကျွန်တော် ဖြေရှင်းပါ့မယ်'

'အေးပါ… ဘယ်လိုဖြေရှင်းမှာလဲ၊ မီးစက်ဝယ်မလို့ လား'

'အဟဲ… ဒါမျိုးကျတော့ အစ်ကိုကြီးက လာဘ်မြင်သားပဲ၊ မှန်တယ်လေ မီးစက်ဝယ်မှဖြစ်မှာပေါ့'

'ဟာ… အဲသဟာလိုဆိုရင် မင်းအတွက် ငွေတွေ အများကြီး ကုန်မှာပေါ့နော်၊ စက်ဘူမှာ ပင်ပင်ပန်းပန်းရှာခဲ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေ ခဏကလေးနဲ့ ချေးသွားဦးမယ်ကွ'

'ငွေကုန်မှာကို စိုးရိမ်မနေပါနဲ့၊ ကျွန်တော့်မှာ ရှိ
တယ်ဆိုနေမှ၊ ဒီတော့ မနက်ဖြန်ကျရင် ဒါတွေအကုန်လုံး သွား
ဝယ်မယ်၊ အစ်ကိုကြီးသာ ကြည့်ဖို့ပြင်တော့၊ ဟဲ… ဟဲ…'

'စိတ်ချ… အားရပါးရကြီးကို ငါကြည့်ပြမယ်၊ ဒါ
ထက် မင်းယူလာတဲ့အခွေတွေက ဘယ်လိုအခွေတွေလဲ'

'အခွေကတော့ အစုံပဲ၊ အထိုးအကြိတ် အသတ်အပုတ်
ပါတဲ့ အက်ရှင်းကားလည်းပါတယ်၊ စုံထောက်ဇာတ်လမ်း
တွေလည်းပါတယ်၊ ဟာသကားတွေလည်း ပါတယ်၊ ဒါပေမဲ့
အစ်ကိုကြီးကြည့်ချင်တဲ့ ပိုနိုဂရာဖီ (Pornography) ဆိုတဲ့ ကား
တွေတော့ မပါဘူး'

'ဟေ… မင်းပြောတဲ့ကားက ဘာကားလဲ၊ မြန်မာလို
ရှင်းပြစမ်းပါ'

'ဟာ… ဆောရီးပဲ အစ်ကိုကြီးရေ၊ ကျွန်တော် မေ့ပြီး
အင်္ဂလိပ်လိုပြောလိုက်မိတာပါ၊ ပိုနိုဂရာဖီဆိုတာ ညစ်ညမ်းတဲ့
ရုပ်ရှင် တစ်နည်းအားဖြင့် အပြာဇာတ်လမ်းပါတဲ့ကားပါဗျာ'

အောင်သူရိန်က ဘမောင်ကို ရှင်းပြနေခိုက် နောက်ဖေး
မီးဖိုခန်းမှ ရွှေဖျိုင်း၏အသံမှာ ပေါ်လာခဲ့သည်။

'ငအောင်နဲ့ အစ်ကိုဘမောင် အရီးလေးက ထမင်းလာ
စားကြတော့တဲ့'





ထိုခေါ်သံကြောင့် အောင်သူရိန်နှင့် ဘမောင်မှာ အိမ်ရှေ့
ခန်းမှနေ၍ နောက်ဖေးထမင်းစားခန်းသို့ သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

(ခုနစ်)

## မိုးနတ်မင်း မပေလို့သာပေါ့

'ဟေ့သား... မင်းရောက်နေတာ သုံးရက်ပဲရှိနေပြီ မင်း အင်မတန်ဝါသနာပါတဲ့ စန္ဒရားကို ဘာဖြစ်လို့ အခုထက်ထိ မတီးသေးတာလဲ၊ မင်းရဲ့လက်သံကို ဖေဖေရောမေမေပါ သုံးနှ လောက်မကြားရလို့ အခုကြားချင်နေကြပြီ၊ ဒီတော့ တီးပြစ ပါဦးကွာ'

တစ်နေ့နံနက်တွင် ဦးသက်ထွန်းမောင်က အောင်ဗျူဟ စန္ဒရားကို ကျွမ်းကျင်စွာတီးတတ်သော သူ့သား အောင်သူရိ အမှတ်နှင့် ပြောနေခြင်းပင်။

ထိုပြောသံကြောင့် အောင်ဗျူဟမှာ မိုးကြိုးအပစ်ခံလိုက် ရသလို တစ်ကိုယ်လုံး ချောက်ချားသွားတော့သည်။





သူကား စန္ဒရားကို ကျွမ်းကျင်စွာတီးတတ်ဖို့ မဆိုထား ၍ အသံမြည်အောင်တောင် နှိပ်တတ်သူမဟုတ်။ သူ ကျွမ်း ကျင်စွာတီးတတ်သည်က ဒိုးပတ်သာဖြစ်သည်။

အောင်ဗျူဟမှာ တောသားပီပီ ဒိုးပတ်တီးတော့ အလွန် တော်သည်။

ရွာက ဘုရားပွဲများတွင်လည်းကောင်း၊ ရှင်ပြုအလှူပွဲများ တွင်လည်းကောင်း အောင်ဗျူဟမှာ ဒိုးပတ်တီးတွင် နာမည်ရ သည်။ စန္ဒရားကိုတော့ သူသည် ကိုင်၍ပင်ကြည့်ဖူးသူ မဟုတ် ပေ။

ယခု အောင်သူရိန်ဖခင်ကြီးက စန္ဒရားအတီးခိုင်းနေ၍ သူ့မှာ မည်သို့ သာ ဆင်ခြေပေးရမည်ကို စဉ်းစားနေသည်။

အောင်သူရိန်မိခင်ကြီး ဒေါ်မြနှင်းရီမှာ သားဖြစ်သူ အသက်မသေဘဲ ပြန်ရောက်လာသဖြင့် ပြန်လည်၍ ကျန်းမာနေ ပြီဖြစ်သည်။

သို့ဖြစ်၍ သူနှင့်အတူ ဧည့်ခန်း၌ရှိနေသော ဒေါ်မြနှင်းရီ ကလည်း ဦးသက်ထွန်းမောင်နည်းတူ တိုက်တွန်းနေသည်။

'ဟုတ်တယ် သားရယ်၊ မင်းရဲ့ စန္ဒရားလက်သံကို မေမေတို့မကြားရတာ ကြာလှပြီ၊ ဒီတော့ တစ်ပုဒ်လောက်တီး ပြစမ်းပါ'

'ရော... ခက်ပြီကော။



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရိန်အပေါင်ဆောင် အောင်ဗျူဟမှာ ဘာပြန် ပြောရမည်မသိတော့ပေ။

'ကျူပ်က တောသားဗျ၊ ခင်ဗျားလို မြို့သားမဟုတ်လို့ စန္ဒရားတော့ မတီးတတ်ဘူး၊ ဒိုးပတ်ပဲ တီးတတ်တယ်ဗျ' ဟူ၍သာ အော်ပြောချင်စိတ်ပေါက်လာသည်။

သို့သော် မဖြစ်သေး။

အောင်ဗျူဟ ဆင်ခြေပေးရန် တွေးတောနေခိုက် သူတို့ထံသို့ ချစ်ရည်ဝင်းလွဲမှာ သူမကိုယ်တိုင်မောင်းသော ရူပါရှဖ်ကားကလေးနှင့် ရောက်လာခဲ့သည်။

ထိုသို့ ရောက်လာခြင်းမှာ အောင်ဗျူဟအတွက် မိုးနတ်မင်းက မ,လိုက်သည့်အလား ကံကောင်းသွားခဲ့သည်။

'ဟော... ဟိုမယ် ချစ်ရည်ဝင်းလွဲ ရောက်လာပြီ အတော်ပဲ'

အောင်ဗျူဟမှာ ဝမ်းသာသံနှင့် လှမ်းပြောနေသည်။

'ဟေး... ညီမလေး ဝင်းလွဲ၊ ယူလာတာ အတော်ပဲ ဟောဒီက ကိုကို့ရဲ့ဖေဖေနဲ့ မေမေတို့က စန္ဒရားတီးခိုင်းနေကြတယ်၊ အခု ညီမရောက်လာတော့ ကိုကို့ကိုယ်စား စန္ဒရားတီးပေးစမ်းပါ၊ ညီမလက်သံ နားမထောင်ရတာကြာပြီ၊ အဟီး...'

ချစ်ရည်ဝင်းလွဲ ဧည့်ခန်းထဲသို့အရောက်တွင် အောင်ဗျူဟက ဆီးကြိုကာ ပြောနေသည်။





'အို... ကိုကိုကတော့ နောက်ပြီ၊ ဘယ်တုန်းက ညီမက စန္ဒရားတီးတတ်လို့လဲ၊ ဂစ်တာပဲတီးတတ်တဲ့ဟာ'

'ဟိုက်... သောက်ပလုတ်တုတ်၊ ဒုက္ခပဲ'

အောင်ဗျူဟက ပြူးထွက်သောမျက်လုံးနှင့် အထက်ပါအတိုင်း ထိတ်လန့်တကြား ရေရွတ်မိသည်။

လူကြီးနှစ်ဦးကတော့ရိပ်မိဟန်မရှိဘဲ အောင်ဗျူဟ နောက်သည်အထင်နှင့် ရယ်နေကြသည်။ အောင်ဗျူဟမှာမူ မည်သည့်ဆင်ခြေတွေကို ထပ်မံ၍ ဉာဏ်ဆင်ကာ ပေးရမည်မသိ ဖြစ်နေတော့သည်။

ထိုစဉ်မှာပင် ချစ်ရည်ဝင်းလွဲ၏ အသံကလေးမှာ ပေါ်ထွက်လာ သည်။

'ကိုကို စန္ဒရားတီးမယ်မှန်းသိရင် ညီမလည်း အိမ်ကဂစ်တာကို ယူခဲ့မှာပေါ့၊ ကိုကို ဩစတေးလျ မသွားခင်ကဆိုရင် ကိုကိုက စန္ဒရားတီးပြီး ညီမက ဘေးကနေပြီး ဂစ်တာတီးတယ်လေ၊ ဒါမျိုး မတီးရတာကြာလို့ အခု အိမ်ပြန်ပြီး ညီမရဲ့ဂစ်တာသွားယူလိုက်မယ်'

ချစ်ရည်ဝင်းလွဲ၏ စကားတွေကြောင့် အောင်ဗျူဟမှာ ဆင်ခြေပေးရန် အခွင့်သာသွားခဲ့သည်။

'ဟာ... ဟုတ်ပြီ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို မေမေတို့လည်း ကျွန်တော်တီးမယ့် စန္ဒရားလက်သံကို ကြားရ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း မကြားရတာ ကြာပြီဖြစ်တဲ့ ချစ်ရည်ဝင်းလှဲ့ရဲ့ ဂစ်တာသံကို ကြားရတော့မှာမို့ နောက်တစ်နေ့ကျမှပဲ ဖေဖေ တို့ကို တီးပြမယ်နော်၊ ဒီကနေ့တော့ ခွင့်လွှတ်ပါ'

အောင်ဗျူဟ၏ဆင်ခြေကို အောင်သူရိန်၏မိဘများက သံသယမဝင်ကြဘဲ လက်ခံလိုက်ကြသည်။

'အေး… ဟုတ်တယ်၊ နောက်နေ့ကျမှပဲ သားနဲ့ သမီးရဲ့ လက်သံတွေကို မေမေတို့ နားထောင်ကြတော့မယ်'

ဒေါ်မြနှင်းရီ၏ ပြန်ပြောသံ။

သည်တော့မှ အောင်ဗျူဟမှာလည်း ရင်ထဲမှအလုံးကြီး ကျသွားခဲ့တော့သည်။

'ဖေဖေ ညီမဝင်းလှဲ့ရောက်လာလို့ သားလည်း သူ့ကား အပြင်ကို သွားလိုက်ဦးမယ်နော်'

အောင်ဗျူဟက ဦးသက်ထွန်းမောင်ထံ၌ ခွင့်ပန်နေသည်

'ဟ… သားရဲ့၊ ဘာဖြစ်လို့ သမီးဝင်းလှဲ့ကို ဒုက္ခပေး နေရတာလဲ၊ သားလည်း ကားမောင်းတတ်နေလို့ အိမ်က သား ကားကို ယူသွားပါလား၊ သားလည်း ဩစတေးလျကပြန်လာ ကတည်းက ကားမောင်းတာမတွေ့ရသေးဘူး'

ဦးသက်ထွန်းမောင်ကပြောလျှင် အောင်ဗျူဟမှာ ဆင်ခြေ ပေးစဉ်းစားရပြန်သည်။

'မောင်းတာမတွေ့ဆို သားက မမောင်းချင်လို့ပါ၊ ဖေဖေ



သိတဲ့ အတိုင်းပဲ၊ ဩစတေးလျမသွားခင်က ကားတွေဟာ အခု လောက်မများသေးဘူး၊ အခုဆို ကားတွေက အရမ်းများနေပြီ၊ နောက်တစ်ခါ လမ်းစည်းကမ်းတွေကလည်း ပိုများလာပြီး တင်း ကြပ်လှပါတယ်၊ ဒါကြောင့် သားဟာ ကိုယ်တိုင် ကားကို မမောင်းသေးဘဲ သူများမောင်းတာကို ထိုင်စီးပြီး လမ်းစည်းကမ်း တွေကို လေ့လာကြည့်နေတာပါ ဖေဖေ'

အောင်ဗျူဟ၏ ဆင်ခြေများကို ဦးသက်ထွန်းမောင်က လက်ခံလိုက်သည်။

'အေးကွ… သားပြောတာလည်းမှန်တာပဲ၊ ဒီတော့ ဆက်ပြီး လေ့လာနေဦးပေါ့ကွာ'

'ဟုတ်ကဲ့ ဖေဖေ၊ ဒါဆို ညီမဝင်းလှဲ့နဲ့ သား လိုက်သွား မယ်နော်'

အောင်ဗျူဟက ဦးသက်ထွန်းမောင်ထံတွင် ခွင့်ပန်ရင်း ချစ်ရည်ဝင်းလှဲ့နှင့်အတူ အိမ်မှထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

(ရှစ်)

## သတ္တိဆိုသည်မှာ

အောင်သူရိန်မှာ တီဗီနှင့် အောက်စက်ကို အကြောင်းပြု၍ ရန်ကုန်မြို့တွင်ရှိ သူ၏မိဘများထံသို့ သွားရောက်ရန် စိတ်ကူးခဲ့သော်လည်း သူ့စိတ်ကူးမှာ အကောင်အထည်မပေါ်တော့ပေ။

သူ ရန်ကုန်သို့သွားမည်ဆို၍ အောင်ဗျူဟာ၏မိခင်ကြီး ဒေါ်အေးနွယ်က ပြောလိုက်သောစကားများကြောင့်ပင်။

'သားကလည်းကွယ်... စက်ပူက ရောက်လာတာ တစ်ရက် ပဲရှိသေးတယ်၊ ရန်ကုန်ကို သွားဦးမလို့လား၊ အမေနဲ့ လေးငါးရက်တော့ နေပါဦး၊ နောက်မှ ရန်ကုန်ကိုသွားပါကွယ်'

ဒေါ်အေးနွယ်က တားနေ၍ အောင်သူရိန်မှာ ရန်ကုန်မြို့သို့ လောလောဆယ်သွားရန် မဖြစ်တော့ပေ။





ရန်ကုန်မြို့သို့ ၁၊ ၊သွားနိုင်သော်လည်း အိမ်အတွက် အောက်ကိုတော့ ဝယ်ချင်နေသည်။

သူလိုမွေးလာကတည်းက လျှပ်စစ်မီးအောက်တွင် ကြီးပြင်းလာရသူအတွက် ယခုလို ဖယောင်းတိုင်ကို ထွန်း၍မနေလိုပေ။

သူ့အတွက် ရေ၊ အစားအစာနှင့် အိမ်သာအတွက် ပြဿနာမရှိလှသော်လည်း ညရောက်၍ ဖယောင်းတိုင်မီးနှင့် နေရသည်ကိုတော့ စိတ်ညစ်လှသည်။

သို့ဖြစ်၍ ရွှေဗျိုင်း၏အစ်ကိုကြီး ဘမောင်ကို မီးစက် ဝယ်ရန် အတွက် ဟသာၤတမြို့သို့လွှတ်ရန် သူ စိတ်ကူးသည်။

သူ စိတ်ကူးခိုက်မှာပင် ဘမောင်မှာ သူ့ထံသို့ရောက် လာသည်။

'ဟော့ကောင် ဗျူဟာ၊ တီဗီနဲ့ ဗီဒီယိုစက်သွားဝယ်မယ်ဆို ငါပါ လိုက်ခဲ့မယ်'

ဘမောင်က သူ့ကို ပြောနေသည်။

'သွားဝယ်လို့ မဖြစ်သေးဘူးဗျ၊ မေမေက သူနဲ့ လေးငါးရက်လောက်နေပြီးမှ သွားရမတဲ့'

'ဟာ... ဒါဆို ငါ့မှာ ခဲလေသမျှ ဘဲတစ္ဆေဘဝရောက် ရပြီကော'

'ဟော... အစ်ကိုကြီးကတော့ လုပ်ပြီ၊ ခဲလေသမျှ



www.burmeseclassic.com

www.burmeseclassic.com



သဲရေကျသာ ကြားဖူးပါတယ်ဗျာ၊ ဘဲတစ္ဆေဘဝဆိုတာ မကြားဖူးပါဘူး၊ ဟဲ… ဟဲ… ဟဲ…'

'မင်းမကြားဖူးဆို ငါကလည်း ထွင်ပြီးပြောလိုက်တာကိုး၊ ဒါဆိုရင် တီဗီတွေ ဗီဒီယိုတွေကြည့်ဖို့ နောက်ထပ် လေးငါးရက်လောက် စောင့်ရဦးမှာပေါ့နော်'

'အင်းပေါ့… ဒါပေမဲ့ မီးစက်ကိုတော့ ဒီကနေ့ပဲ ဝယ်မယ်ဗျာ၊ ဖယောင်းတိုင်မီးကြီးနဲ့နေရတာ ကျွန်တော် မနေတတ်ဘူး'

'အလယ်လယ်… စက်ဘူပြန်ပြီးဆိုပြီး ဘဝင်ကလည်း မြင့်သွားလိုက်တာ၊ မင်းဟာ မွေးကတည်းက လျှပ်စစ်မီးမလာတဲ့အခါ ဖယောင်းတိုင်နဲ့နေပြီး ကြီးလာခဲ့တာပဲ၊ အခုမှ မနေတတ်ဘူးဘာဘူးနဲ့ ဖြစ်နေလိုက်တာ'

'ဒါကတော့ ဒီလိုရှိပါတယ်၊ ကျွန်တော်က လျှပ်စစ်မီးပြဿနာ မရှိတဲ့ စက်ဘူနိုင်ငံမှာ သုံးနှစ်နီးပါးနေလာခဲ့ရတော့ အခုလို ဗြုန်းစားကြီး ဖယောင်းတိုင်နဲ့ ပြန်နေရတော့ တစ်မျိုးဖြစ်နေလို့ပါ၊ ဘဝင်မြင့်သွားတာ မဟုတ်ပါဘူးဗျာ'

အောင်သူရိန်က သူ့ကို အောင်ဗျူဟမဟုတ်မှန်း စရိပ်မိစေရန် ယခုလို ရှင်းပြနေခြင်းပင်။

'ကောင်းပြီလေ…မင်း မီးစက်ဝယ်မယ်ဆိုရင် သွားကြစို့'





ဘမောင်မှာ အောင်သူရိန်ပါလိုက်မည်အထင်နှင့် ခေါ်နေသည်။

'ကျွန်တော်တော့ မလိုက်တော့ဘူး၊ မေမေနဲ့ ရွှေဖျိုင်းကညဦးက ဆရာတော်ဆီကို ဆွမ်းကပ်ဖို့ ကျွန်တော့်ပါခေါ်နေလို့ လိုက် သွားရမှာမို့ အစ်ကိုကြီးပဲ ဟသ်ာတမြို့ကိုတက်ပြီး မီးစက်ဝယ်ပေါ့၊ တကယ်လို့ အစ်ကိုကြီးမဝယ်တတ်ရင်လည်းဟသ်ာတမြို့က ဘဘကြီးဦးလှရှိန်ကို ဝယ်ခိုင်းပေတော့၊ ကျွန်တော် ငွေပေးလိုက်မယ်'

'မင်းနှယ်ကွာ… ငါ့ကိုများ အငပေးလိုက်တာ၊ မီးစက်ဝယ်တာ မင်းရဲ့ဘကြီး ဦးလှရှိန်ကို ဝယ်ခိုင်းစရာ မလိုပါဘူး၊ ငါ ဝယ်တတ်ပါတယ်ကွာ'

ဘမောင်က မခံချင်သံနှင့် ပြောနေသည်။

'ဟုတ်ရဲ့လား…၊ အစ်ကိုကြီးက မီးစက်အသစ်နဲ့ တစ်ပတ်နွမ်းမီးစက်ကို ခွဲတတ်လို့လား'

'ဟယ်… ဗျူဟ ငါ့ကို အရမ်းအထင်သေးနေတာကိုး၊ စိတ်ချ မင်းမီးစက်ကို အသစ်ကျပ်ချွတ်ရအောင် ဝယ်ပြမယ်၊ ဒီမယ် အခုသွားပြီး ဆွမ်းကပ်မယ့် ဆရာတော်ဘုရားကျောင်းမှာ ရှိတဲ့မီးစက်ဟာ ဘယ်သူဝယ်ပြီး လှူထားတယ်ထင်သလဲ၊ ဟွန်း…'

'ကျွန်တော်ထင်တာပြောရရင် ဒီမီးစက်ကို ခင်ဗျားလှူ



www.burmeseclassic.com

www.burmeseclassic.com



တာတော့ မဖြစ်နိုင်ဘူး၊ ဆရာတော်ရဲ့သူဌေး ဒကာတစ်ဦးက ဝယ်လှူတာ ထင်တာပဲ၊ ဟုတ်တယ်မဟုတ်လား'

'အေး… ဟုတ်၊ ဟာကွာ… ငါက ငါဝယ်လှူထား တာလို့ မင်းကို ကြွားမယ့်ဆဲဆဲ မင်းက နတ်မျက်စိ… ဆရာတော်ရဲ့ သူဌေးဒကာက လှူတာမဟုတ်လားဆိုပြီး ရှေ့က ပိတ်ပြောချလိုက်တော့ ငါ့မှာ ကြွားဖို့အခွင့်အလမ်းတောင် မ… တော့ဘဲကိုး၊ တော်တော်ဆိုးတဲ့ကောင်ကွာ၊ ဟား… ဟား… ဟား… ဟား'

ဘ…င်က ပြောပြီး ရယ်နေသည်။

'ကဲပါ… ဆိုးတာတွေ ကောင်းတာတွေ ပြောမနေနဲ့ မီးစက်အသစ်ရအောင် ဝယ်တတ်ရင်ဝယ်ခဲ့ပေတော့၊ အဲ… မီး စက်နဲ့အတူသွယ်ဖို့ မီးကြိုးတွေနဲ့ စက်ပြင်ဆရာကိုပါ ခေါ်လာ ပါ'

'နေစမ်းပါဦး… စက်ပြင်ဆရာကို ဘာကိစ္စခေါ်လာ မှာလဲ၊ ငါတစ်ယောက်လုံး ရှိနေတဲ့ဟာ'

'ဗျာ… အစ်ကိုကြီးက မီးစက်နဲ့ပတ်သက်ပြီး နား လည်လို့လား'

'နားလည်လို့ ပြောနေတာပေါ့၊ ဒီမယ် ဆရာတော်ရဲ့ မီးစက်ပျက်နေရင် ဘယ်သူပြင်ပေးသလဲ သိလား'

'အစ်ကိုကြီးပြင်ပေးတာလား'





'မဟုတ်ဘူး… စက်ဆရာက လာပြင်တာပါ'

'စက်ဆရာ ပြင်ပေးမယ်ဆိုတာတော့ သိသားပေါ့၊ အစ်ကိုကြီးများ ပြင်ပေးသလားလို့'

'ဟဲ… ဟဲ… မင်းက ငါ့ကို အထင်သေးမှန်းသိလို့ တမင်ပြောတာကွ၊ ဒီမယ် မီးစက်ပျက်တိုင်း ဟင်္သာတမြို့က မီးစက်ဆရာကို ငါက သွားခေါ်ရတယ်လေ၊ ဆရာတော်ရဲ့ ကျောင်းက မီးစက်ကလည်း တစ်လမှာ နှစ်ကြိမ်သုံးကြိမ်ပျက် နေတယ်၊ အဲဒီလိုပျက်တိုင်းလည်း ငါပဲ မီးစက်ပြင်ဆရာကိုခေါ် နောက်… သူ မီးစက်ကို ဘယ်လိုပြင်တယ်ဆိုတာ ဘေးကနေ ကြည့်ပြီး လေ့လာထားလို့ အခုဆိုရင် ဆရာတော်ရဲ့ကျောင်းက မီးစက်ပျက်ရင် မီးစက်ပြင်ဆရာကို မခေါ်ရတော့ဘူး၊ ငါပဲပြင် ပေးနေရတယ်၊ မယုံရင် ဆရာတော်ကို မေးကြည့်ပေါ့ကွာ'

'ယုံပါပြီဗျာ… ယုံပါပြီ၊ ဒီတော့ မီးစက်ဝယ်ဖို့သာ သွားပေတော့၊ အဲ… တစ်ခုမှာရဦးမယ်၊ မီးစက်ဝယ်ရင် တရုတ် ဖြစ်ကိုမဝယ်နဲ့၊ စင်္ကာပူကလာတဲ့မီးစက်ကိုဝယ်ပါ၊ သူက သိပ် အသံမမြည်ဘဲ တာရှည်ခံတယ်၊ ပြီးတော့ ဓာတ်ဆီနဲ့မောင်းရတဲ့ မီးစက်ကိုဝယ်ပါ၊ ဒီဇယ်သုံးရတဲ့ဟာကိုမဝယ်နဲ့၊ ဓာတ်ဆီက ဝယ်ရတာလွယ်တယ်၊ မီးကြိုးတွေကိုလည်း ဝယ်ဖို့မမေ့လာနဲ့၊ စက်ဝယ်ပြီးရင် ဟင်္သာတက ကားငှားပြီးသာလာခဲ့ပါ၊ ကျွန်တော် အစ်ကိုကြီးကို ပိုပိုမိုမို လေးသိန်းပေးလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟ… လေးသိန်းတောင် မများလွန်းဘူးလား'

'များမနေနဲ့… တမင်ပိုပြီးပေးလိုက်တာ၊ ပေးတဲ့ငွေ ပိုနေရင်လည်း ပြန်ပေးပေါ့'

အောင်သူရိန်က ဘမောင်ကို အသေးစိတ်ပြောကာ မှာကြားနေသည်။ ပြီးတော့ သူ၏အိပ်ခန်းတွင်းမှ တစ်ထောင်တန် လေးထုပ်ကို ယူလာသည်။ တစ်ထောင်တန်ထုပ်တို့မှာ တစ်ထုပ်လျှင် ကျပ်တစ်သိန်း ရှိသည်။

'အစ်ကိုကြီး… ငွေတွေကို လုံလုံခြုံခြုံထည့်ပြီး ယူသွားနော်'

အောင်သူရိန်က စိုးရိမ်သံနှင့် မှာနေသည်။

'စိတ်ချပါကွာ… နယ်မြေလုံခြုံရေးတွေရှိနေလို့ လူဆိုး လူရှုပ်တွေ မရှိကြပါဘူး'

ဘမောင်က ပြောရင်း ငွေများကို လက်ဆွဲသားရေအိတ်ထဲသို့ ထည့်နေသည်။

'ကိုင်း… ဒါဆို ငါသွားတော့မယ်၊ မင်းသာ စိတ်ချ လက်ချနေပေတော့'

ဘမောင်ပြောရင်း အိမ်ပေါ်မှဆင်းသွားတော့သည်။

နောက်နာရီဝက်ခန့်အကြာတွင် အောင်သူရိန်မှာ ဒေါ်အေးနွယ်နှင့် ရွှေဖျိုင်းတို့နှင့်အတူ ရွာထိပ်ရှိ သူမတို့ ကိုးကွယ်ကြသော ဆရာတော်ဦးဝိမလ၏ကျောင်းသို့ ဆွမ်းကပ်ရန်





သွားခဲ့ကြသည်။ ထိုကမှတစ်ဆင့် ရွှေဖျိုင်းက ငါးမိုင်အကွာတွင်ရှိသော ရွာသို့ အောင်သူရိန်ကို ခေါ်သွားခဲ့သည်။ ထိုရွာတွင် ရွှေဖျိုင်း၏အဒေါ်တစ်ဝမ်းကွဲ ဒေါ်ခင်စိုးနေထိုင်နေသည်။ ဒေါ်ခင်စိုးမှာ အောင်ဗျူဟ၏မိခင်နှင့် သက်တူရွယ်တူပင်။

အောင်ဗျူဟကို ငယ်ငယ်ကလေးတည်းက တူသားအရင်းလို ချစ်ခင်နေသူဖြစ်သည်။ သို့ဖြစ်၍လည်း ရွှေဖျိုင်းက အောင်သူရိန်ကို အဒေါ်ဖြစ်သူထံသို့ အလည်အပတ်ခေါ်သွားခြင်းပင်။

ထိုသို့အသွား လမ်းခရီးတွင် အောင်ဗျူဟ၏ရန်ဘက် ရန်လင်းဆိုသူနှင့် ပက်ပင်းတိုးမိတော့သည်။

ရန်လင်းမှာ အောင်ဗျူဟနှင့်သက်တူရွယ်တူဖြစ်ပြီးအသားညိုးမည်း အရပ်မှာ အနည်းငယ်ပုသည်။

ရန်လင်းမှာ အောင်သူရိန်ကို တွေ့ရလျှင် အောင်ဗျူဟအမှတ်နှင့် ရူပုပ်သောမျက်နှာနှင့် လက်နှစ်ဖက်ကို ခါးတွင်ထောက်ရင်း ကြည့်နေသည်။

အောင်သူရိန်ကတော့ ရန်လင်းကို မြင်ဖူးသူမဟုတ်၍ သေး အေးအေးနှင့်လျှောက်လာသည်။ ရွှေဖျိုင်းကတော့ အောင်ဗျူဟနှင့်ရန်လင်းတို့ မတည့်ကြမှန်းသိ၍ စိုးရိမ်စိတ်တွေ ပေါ်လာနေသည်။

'အလို… ဖင်အခင်မတန်ပူတဲ့ ကောင်ကြီးပါလား၊



www.burmeseclassic.com

www.burmeseclassic.com



အဲလေ… ယောင်လို့၊ စကၤာပူပြန်ကြီးပါကလား၊ နေကောင်း တယ်နော်၊ အဟဲ…'

ရန်လင်းက ငေါ့သံကလေးနှင့် ပြောနေသည်။

အောင်သူရိန်ကတော့ အောင်ဖုန္ဓနှင့် ရန်လင်းတို့ အတိတ်ဇာတ်ကြောင်းကိုမသိ၍ သူကလည်း ကောင်းကောင်း မွန် ပြန်ဖြေနေသည်။

'ဟုတ်ကဲ့… နေကောင်းပါတယ်ဗျာ၊ အခု ခင်ဗျာ ဘယ်သွားမလို့လဲဗျ'

အောင်သူရိန်ထံမှ ယဉ်ယဉ်ကျေးကျေးနှင့် ပြန်ပြော ကိုကြားရလျှင် ရန်လင်းမှာ သဘောကျဟန်နှင့် ဟက်ဟက်ပ ပက်ကြီး ရယ်နေတော့သည်။

'ဟား… ဟား… ဟား… ဟား… ရယ်ရတ ဟော့၊ စကၤာပူနိုင်ငံက ပြန်လာမှ ဓာက်ရမ်းကို ယဉ်ကျေးနေ ကလား၊ ငါ့ကို ဘယ်တုန်းကမှ မသုံးနှုန်းတဲ့အသုံးတွေနဲ့ ခင်ဗျ ကျွန်တော်နဲ့ ခပ်ရှော်ရှော်သုံးပုံထောက်တော့ ငါ့ကို မင်းက ထောက်အရှုံးပေးချင်ပြီနဲ့တူတယ်၊ ဟား…'ဟား… ဟား… ဟား'

ရန်လင်း၏ ပြောသံများကြောင့် အောင်သူရိန်မှာ ကြောင်ကြောင်ဖြစ်သွားသည်။ ရွှေဖျိုင်းကသာ မခံချင်စိတ် ရန်လင်းကို ရန်ပြန်တွေ့နေသည်။



'ဟဲ့… သေနာကောင်ရန်လင်း၊ နင်ဟာ လူမိုက်ပီပီ အောင်က ယဉ်ယဉ်ကျေးကျေး ပြောနေတာကို ရန်စကားဖြေ နေရသလား၊ နင် ဘယ်တုန်းကများ အောင်ကို လက်ဝှေ့ထိုး ထိုင်း နိုင်ဖူးလို့လဲ၊ ဒါကို အရှက်မရှိဘဲ အရှုံးပေးချင်လို့လား၊ ဘာလားနဲ့ မေးနေရသလားဟင်'

ရွှေဖျိုင်း၏ ကက်ကက်လံအောင် ရန်တွေ့သံကြောင့် ရန်လင်း ဒေါပွသွားခဲ့သည်။

'ဟဲ့… မိဖျိုင်း၊ တို့ယောကျ်ားတွေကိစ္စမှာ နင် ဝင်မပါစမ်းနဲ့၊ မိန်းမပီပီ ငြိမ်ငြိမ်ကလေးနေစမ်း၊ နို့မို့ ငါ စိတ်ဆိုးပြီး ထိုးမိရင် နင်ဟာ ဖျိုင်းဘဝနေ လင်းတဖြစ်သွားမယ်နော်၊ ဟဲ… ဟဲ…'

'အောင်မယ်… စကားပြောတာ လုပ်ါးဝလိုက်တာ၊ သတ္တိရှိရင် စမ်းကြည့်လေ'

'အဟီး… မစမ်းပါရစေနဲ့၊ နင့်ရုပ်က အင်မတန်ချော နေတော့ နင့်အသားကိုကိုင်ပြီး စမ်းကြည့်မိရင် နင့်ကို ကြိုက်သွား မှာစိုးလို့ပါ ဟား၊ ဟား… ဟား… ဟား… ဟား'

ရန်လင်း၏စကားများကြောင့် ရွှေဖျိုင်းမှာ အကြီး အကျယ် ဒေါသတွေထွက်ကာ-

'ဟင်… သေချင်းဆိုး၊ ဘာခွေးစကားပြောတာ လဲ'ဟူ၍ပြောရင်း ရန်လင်း၏ပါးကို ရိုက်ရန်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးတွင်ရှိနေသော အောင်သူရိန်က ရွှေဇိုင်းကို 
ထားရသည်။

'အယ်…အယ်…ရွှေဇိုင်း ရန်မဖြစ်နဲ့လေ၊ သည်း
စမ်းပါဟာ'

အောင်သူရိန်က ရွှေဇိုင်းကို ချော့နေရသည်။

ရွှေဇိုင်းကတော့ ခန္တီစ သည်းခံခြင်းကို ထားနေသော
အောင်သူရိန်၏ အပြုအမူများကြောင့် အံ့အားသင့်နေသည်။

'ဟဲ့… ငအောင်၊ နင် စက်ာပူက ပြန်လာမှ ဘယ်လို
ဖြစ်သွားရတာလဲ၊ အရင်ကသာ နင့်ကို ရန်လင်းက ရန်စကား
ပြောရင်း အခုလို သည်းမခံမနေဘဲ ထချခဲ့တယ်မဟုတ်လား
အခု နင့်သတ္တိတွေ ဘယ်ကိုထွက်ပြေးကုန်ပြီလဲဟယ်'

'ဒီမယ် ရွှေဇိုင်း သတ္တိဆိုတာ နေရာတကာ မသုံးရဘူး
သူ့ကို တန်ဖိုးထားပြီး သုံးရတယ်၊ ဒါမှ သတ္တိရဲ့ဂုဏ်ရှိန်ဟာ
မြင့်မားမှာပေါ့၊ ကိုယ့်ကို မခံချင်အောင်ပြောတိုင်း ထချတာဟာ
သတ္တိမဟုတ်ဘူး၊ မိုက်ရူးရဲပဲဟ၊ သတ္တိမှာ နှစ်မျိုးနှစ်စားရှိတယ်
တစ်ခုက စိတ်ဓာတ်သတ္တိဖြစ်ပြီး နောက်တစ်ခုက ကာယသတ္တိ
ဖြစ်တယ်၊ စိတ်ဓာတ်သတ္တိဆိုတာမျိုးကတော့ တစ်ဖက်သားက
ကိုယ့်ကို ဘယ်လိုပဲ ရန်စပြီး ပြောနေပေမယ့် ခန္တီစသည်းခံခြင်း
တရားကိုလက်ကိုင်ထားပြီးနေတာဟာ စိတ်ဓာတ်သတ္တိပဲ၊ နောက်
ကာယသတ္တိဆိုတာကတော့ အမျိုးဘာသာ သာသနာနဲ့ နိုင်ငံ





ကို တိုင်းတစ်ပါးက ထိပါးလာရင် မကြောက်မရွံ့ဘဲ ရဲရဲစွာ
ကနေ အသေခံပြီး တိုက်ခိုက်တာမျိုးကိုတော့ ကာယသတ္တိ
ခေါ်တယ်။ အခုလည်း ငါက သူ့ကို ကြောက်လို့မဟုတ်ဘဲ
ဓာတ်သတ္တိနဲ့ သည်းခံနေတာပဲ၊ ငါပြောတာ သဘောပေါက်
မဟုတ်လား'

အောင်သူရိန်က ခေတ်ပညာ တတ်တစ်ဦးပီပီ သတ္တိနှင့်
သက်၍ အနုစိတ် ခွဲခြမ်းဝေဖန်ပြနေသည်။

'ဟား… ဟား… ဟား… ငါ့ကောင် ဗျူဟကြီးက
စက်ာပူကပြန်လာမှ အပြောအဆိုရော အပြုအမူတွေပါ
မ်းကို ပြောင်းလဲတိုးတက်နေတာပဲကိုး၊ ဒါပေမဲ့ ဒီစကား
ကြားရလို့ င်းကို အထင်မကြီးပါဘူး၊ ငါ့ကို ကြောက်လို့
ခြေကန် တယ်ထင်တာပဲ၊ အေး… မင်းဟာ တကယ်ပဲ
ကိုမကြောက်ဘူးဆိုရင် လာမယ့်စနေနေ့ညနေကျရင် ဦးဖိုး
င်းရဲ့ လယ်ကွင်းမှာ စိတ်မကျေမွဲ နွှဲကြ စို့လား၊ ကြောက်ရင်
ခဲ့နဲ့ပေါ့ကွာ၊ ဟုတ်ပြီလား၊ ဟား… ဟား… ဟား…
…'

ရန်လင်းမှာ ပြောပြီး တဟားဟားနှင့်ရယ်ကာ သူတို့
မှ ထွက်သွားခဲ့သည်။ အောင်သူရိန်ကတော့ ရန်လင်းကိုငေး
ရင်း ကျန်ရစ်ခဲ့သည်။

'ကဲ… လာ… ငအောင်၊ ဒီသေနာကောင် ဖဲသွား



www.burmeseclassic.com

www.burmeseclassic.com



အရက်သမားကို အရေးမလုပ်မနေနဲ့၊ အရီးလေး ဒေါ်ခင်စိုး[illegible]
သွားကြစို့'

ရွှေဗျိုင်းက အောင်သူရိန်၏ လက်ကိုဆွဲကာ ခေါ်[illegible]
သည်။ အောင်သူရိန်မှာလည်း ရွှေဗျိုင်းခေါ်ရာသို့ လိုက်ပါသွား[illegible]
သည်။

BURMESE CLASSIC .com

(ကိုး)

## ဆင်ငွေ့ရန်ရှောင်ဟူသောစကား

ဘမေ[illegible]ကို မီးစက်အဝယ်ခိုင်းလိုက်ပြီး နောက်တစ်နေ့
[illegible] အောင်[illegible]ရိန်မှာ ရန်ကုန်မြို့သို့သွားရန် ပြင်တော့သည်။

သူ့[illegible]နေနှင့် တီဗီ ဗီဒီယိုစက်ဝယ်ရန် အကြောင်းပြ၍
[illegible]နှစ်ခန့်ခွဲခွာနေရသော ရန်ကုန်မြို့ရှိ သူ့မိဘများကို တွေ့လို၍
[illegible]သည်။

မူလက သူတစ်ဦးတည်းသွားရန် ပြင်သော်လည်း
ရွှေဗျိုင်းက သူပါလိုက်ချင်သည်ဟု အတင်းပူဆာနေ၍ အောင်
[illegible]ရိန်မှာ ငြင်းမရဘဲ ခေါ်ခဲ့ရတော့သည်။

ရန်ကုန်မြို့သို့သွားရာတွင် ရန်ကုန်-ဟသာ်တသဘော်
[illegible]သာ သွားခဲ့သည်။

ထိုကဲ့သို့ အောင်သူရိန်နှင့်ရွှေဗျိုင်းတို့ ရန်ကုန်မြို့သို့



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောနှင့်လာနေချိန်တွင် ရန်ကုန်မြို့တွင် ရောက်နေသော အောင်ဗျူဟမှာလည်း တောရွာတွင်ရှိ မိခင်ကြီး ဒေါ်အေးနွယ်ကို တွေ့ချင်နေ၍ သွားလိုစိတ်တွေ ပြင်းပြနေသည်။

ထိုသို့သွားရန် အောင်သူရိန်၏မိဘနှစ်ပါးကို မည်သို့ အကြောင်းပြရမည်ကို အမျိုးမျိုး စဉ်းစားတွေးတောကြည့်နေ သည်။ တင်မောင်သန်းကို အကူအညီတောင်းရအောင်လည်း မလွယ်ပေ။

အကြောင်းမှာ သူ၏ဂေါက်သီးဂေါက်တံနှင့် အထိ ထား၍ တင်မောင်သန်းမှာ ယခုအထိ အပြင်မထွက်နိုင်သေးဘဲ အိမ်တွင်းအောင်းနေရသည်။

'အင်း… ခက်တာပဲ၊ ငါ့အမေ့ရွာကို ငါဘယ်လို ပြန်ရပါ့မလဲ၊ စက်ဘ်ပူသွားတုန်းက အမေကုန်ခဲ့တဲ့ငွေတွေကို လည်း ငါပြန်ပေးချင်တယ်၊ စာတိုက်ကနေ ငွေတွေပို့ရကောင်း မလား၊ ဟာ… မဖြစ်ပါဘူး၊ ငွေတွေက သိန်းချီပြီးပို့ရမှာဆို တော့ စာတိုက်က ပို့လို့မလွယ်၊ ပုဂ္ဂလိက ဘဏ်တွေကတစ်ဆင့် ပို့ဖို့ကလည်း တို့နေတဲ့ရွာက ဟင်္သာတမြို့နဲ့ဆို ဝေးလွန်းနေတယ်၊ ငါကိုယ်တိုင်သွားရင်လည်း အနည်းဆုံး သုံးရက်လောက် ကြာ သွားလိမ့်မယ်၊ ဒါဆိုရင် ဒီအိမ်က အောင်သူရိန်ရဲ့မိဘတွေ အတွက် စိတ်ပူစရာတွေဖြစ်တော့မယ်၊ ငါ လိမ်ညာထားတာတွေ လည်း ပေါ်ပြီးသွားပဲ၊ ငါ ဘယ်လိုလုပ်ရင်ကောင်းမလဲ'





အောင်ဗျူဟမှာ တွေးသာတွေးနေသည်။ အဖြေကတော့ ဓေး‌ရေးမှ ပေါ်မလာပေ။

အောင်သူရိန်နှင့် ရွှေဗိုလ်ျင်းတို့မှာ ရန်ကုန်မြို့သို့ရောက်လျှင် ၁၉ လမ်းထဲတွင်ရှိ တရုတ်စားသောက်ဆိုင်တွင် နံနက်စာကို စားကြသည်။ ပြီးလျှင် ပန်းဆိုးတန်းအလယ်လမ်းသို့ ကကာအငှား ယာဉ်နှင့် သွားကြသည်။

ပန်းဆိုးတန်းအလယ်လမ်းတွင်ရှိ တီဗီအရောင်းဆိုင်တွင် **ဝင်နာဆိုနစ်** ၂၁ လက်မတီဗီနှင့် **ဗီစီဒီပြစက်**တစ်လုံး ဝယ်ခဲ့ သည်။ တီဗီနှင့် ဗီစီဒီပြစက်နှစ်ခုအတွက် ကျသင့်ငွေမှာ ငါးသိန်း ကျော်သည်။

အောင်သူရိန်တွင် မြန်မာငွေများမပါခဲ့၍ ထိုလမ်း၏ အထက်လမ်းတွင်နေထိုင်သော သူ့မိတ်ဆွေထံသို့သွားကာ ဒေါ်လာ နှင့်လဲရာ ငွေကျပ်ဆယ်သိန်းကျော်ခန့် ရလာသည်။

ရွှေဗိုလ်ျင်းကိုတော့ သူဝယ်သော တီဗီဆိုင်တွင် ထားသွား ခဲ့သည်။ မြန်မာငွေကြေးများရလာခဲ့ပြီမို့ အောင်သူရိန်မှာ တီဗီ ဆိုင်သို့ ပြန်လာပြီး ငွေရှင်းသည်။

ထိုဆိုင်ကမှတစ်ဆင့် သင်္ဘောဆိပ်သို့ ကကာအငှားယာဉ် နှင့်ဝင် သူတို့ပြန်လာခဲ့ကြသည်။

ဟင်္သာတနှင့် ရန်ကုန် ပြေးဆွဲနေသော သင်္ဘောဆိပ်ကြီး သို့ သွားရောက်ရာလမ်းတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ဖက်ရည်ဆိုင်မှာ ရွှေဖျိုင်းတို့နှင့် ခွေရိပ်မကင်း မျိုးရိပ်မကင်း ပိုင်ဆိုင်သောဆိုင်ဖြစ်သည်။

သူတို့မှာ ဝယ်ယူလာခဲ့ကြသော တီဗီနှင့် ဗီစီဒီပြဇာတ်တို့ကို အငှားယာဉ်ပေါ်မှသယ်၍ ထိုလက်ဖက်ရည်ဆိုင်တွင် ချကြသည်။

ဆိုင်ရှင်က ပြော၍ ထိုလက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကလေးနှစ်ဦးမှာ သူတို့ပစ္စည်းများ ကားပေါ်မှ ဆိုင်ထဲသို့သယ်ယူပေးကြသည်။

'ဒီမယ် ရွှေဖျိုင်း၊ ရန်ကုန်ကိုရောက်တုန်း ကုက္ကိုင်းဘက်မှာနေတဲ့ ငါ့အသိအိမ်ကို ခဏသွားလိုက်ဦးမယ်၊ နင်ကတော့ ဒီဆိုင်မှာပဲနေပါ'

အောင်သူရိန်မှာ သူ အလွန်တွေ့ချင် မြင်ချင်နေသော မိဘများထံသို့ သွားလို၍ ယခုလို ရွှေဖျိုင်းအား ဖြီးနေခြင်းပင်။

ရွှေဖျိုင်းကလည်း ဤအကြိမ်တွင်တော့ စောဒကတက်မနေဘဲ လက်ခံလိုက်သည်။

'အေးလေ… နင် သွားချင်ရင်သွား၊ ပစ္စည်းတွေကဝယ်ပြီးနေတော့ ငါတို့ ဘာနဲ့ပြန်မှာလဲ၊ ဟသ်ာတသင်္ဘောက ညနေငါးနာရီ ထွက်မယ်ပြောတယ်တဲ့'

'ငါ သိပါတယ်၊ ငါ အချိန်မီပြန်လာခဲ့ပါ့မယ်၊ နင်သာ ပစ္စည်းတွေကိုကြည့်ထား'





အောင်သူရိန်မှာ ရွှေဖျိုင်းကို မှာကြားပြီးနောက် ထိုဆိုင်မှ …ထွက်လာခဲ့သည်။ အလျင်လို အနေးဖြစ်ဟူသော စကားအတိုင်း …တရှိရာသို့ အမြန်သွားလိုပါကမှ ကကအငှားယာဉ်တွေမှာ …နေသည်။

လာနေကြသော အငှားယာဉ်တွေကျတော့လည်း မအား …ပေ။

'ဟာ… ဒုက္ခပါပဲ၊ ငါ့မိဘတွေဆီကို အမြန်သွားချင် …မှ ကကတွေကလည်း ရှားလိုက်တာ၊ ဒီမှာ ရပ်စောင့်နေလို့ …တော့ မဖြစ်ဘူး၊ ကားအသွားအလာများတဲ့ မဟာဗန္ဓုလလမ်းမ …ဆီ သွားမှပဲ'

အောင်သူရိန်မှာ စိတ်ပျက်သံနှင့် ညည်းတွားရင်း မဟာ …လ,လမ်းဘက်သို့ လျှောက်သွားနေသည်။

ထိုလမ်းမကြီးသို့ရောက်၍ တစ်ဖက်မှလာနေသော …ကားကိုလက်ပြကာ သူတားမည်အပြုတွင် သူ့အနီးသို့ စူပါ …ကားကလေး တစ်စီးမှာ ဝုန်းခနဲထိုးရပ်လိုက်သည်။

'ကိုကို'

ကားတွင်းမှခေါ်သံကြောင့် အောင်သူရိန် လှမ်းကြည့်မိ …သည်။

'ဟယ်… ညီမလေးဝင်းလွှဲပါလား၊ ဒါ…ဒါ ဘယ်က …တာလဲဟင်



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရိန်က ဝမ်းသာအားရနှင့် ချစ်ရည်ဝင်းလှဲ့ကို မေးနေသည်။

'နေစမ်းပါဦး… ဒါတွေကို နောက်မှမေး၊ အခု ညီမ မေးတာ အရင်ဖြေ'

'ဟေ… ညီမက ဘာတွေများမေးချင်လို့လဲ၊ ပြောပါ ဦး'

'ဘာမေးရမှာလဲ၊ ကိုကို… ဒီဘက်ကို ဘာလာလုပ် တာလဲ'

'ဘာလုပ်သလဲဆိုတော့ ဟသ်ာတသဘော် အဲ… အဲ… ယောင်လို့ ဒီကနေ့ညနေမှာ ကိုကို့အသိ ဟသ်ာတသဘော် နဲ့ ပြန်တယ်ဆိုလို့ လာတွေ့တာပါ'

'ဟာ… ကိုကို့ဟာက မဟုတ်သေးပါဘူး၊ စောစော တော့ ရွှေတိဂုံဘုရားကြီးကို မဖူးရတာကြာနေလို့ သွားဖူးမယ် ပြောလို့ ဝင်းလှဲ့က လိုက်ပို့ပေးခဲ့တယ်လေ၊ ဝင်းလှဲ့ကတော့ ကိုကိုနဲ့ ဘုရားအတူဖူးမယ်ပြောတော့ ကိုကိုက ဒီတစ်ခါ တ ယောက်တည်းပဲ ဖူးပါရစေ၊ နောက်တစ်ခါကျမှ ညီမနဲ့ဖူးမယ် ဆိုလို့ ကိုကို့ကို အနောက်ဘက်မုခ်မှာ ချပေးခဲ့တာ၊ အခု ဆယ့်ငါးမိနစ်လောက်ပဲရှိသေးတယ်၊ မော်တင်လမ်းဘက် ရောက်နေပြီ'

'ဒါက ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး'





ချစ်ရည်ဝင်းလှဲ့၏စကားများကြောင့် အောင်သူရိန်မှာ အံ့သြမဆုံး ဖြစ်နေသည်။ အံ့သြရာမှ သူ့ကို ရွှေဖျိုင်းတို့က အောင်ဖျူ့ အမှတ်နှင့် လူမှားခဲ့ကြသလို အောင်ဖျူ့ကိုလည်း … မှတ်နှင့် လူမှားနေကြရမည်ဟု တွေးလိုက်မိသည်။

ထိုသို့တွေးမိရာမှ သူတို့၏ဇာတ်ရှုပ်ကို ချစ်ရည်ဝင်းလှဲ့ အမှန်ကိုသိစေရန် ရှင်းပြဖို့ အောင်သူရိန်မှာ ကြံရွယ်မိသေးသည်။

သို့သော် သို့သော် သူမှာ ရွှေဖျိုင်းနှင့်အတူ ရွာကိုပြန်ရဦး ည်မို့ ယခုလောလောဆယ်တွင် ဖွင့်ပြောရန် အချိန်မတိုင်သေး။

သည်လိုဆို ဘာကိုဆက်လုပ်သင့်သနည်း။

အောင်သူရိန် ချိန်ဆနေခိုက် ချစ်ရည်ဝင်းလှဲ့က ဆက်၍ း‌နေပြန်သည်။

'နောက်တစ်ခု ထပ်မေးရဦးမယ်၊ စောစောပိုင်း မိနစ် ဆယ်လောက်တုန်းက ကိုကိုဝတ်ခဲ့တာက အင်ဒိုနီးရှားပါတိတ် က်တိုအင်္ကျီနဲ့ နက်ပြာရောင် သက္ကလပ်ဘောင်းဘီကို ဝတ်ထား … မဟုတ်လား၊ အခုတော့ မာစရိုက်လုံချည်နဲ့ အဖြူရောင်ရှပ် င်္ကျီလက်ရှည်ကြီးကို မိနစ်နှစ်ဆယ်အတွင်း ဘယ်လိုလုပ်ပြီး ပြောင်းဝတ်လိုက်ရတာလဲ၊ အဲဒါတွေကို ဝင်းလှဲ့ နားမလည်လို့ ှင်းပြစမ်းပါ'

အောင်သူရိန်မှာ ချစ်ရည်ဝင်းလှဲ့၏ မေးခွန်းပဒေသာကို ဖြေရှင်းနိုင်ရန် အမြန်စဉ်းစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောင်နှင့် မတူညီစေဘဲ ကွဲပြားခြားနားနေစေရန်အတွက် အရှင်မင်းသား ကောရာဇ်မင်းဖြစ်မှ ကျောင်းတော်ကို ရွှေချ၍ ဆောက်လုပ်နိုင်ရန် ရွှေအခင်းတို့ကို ကျွန်တော်မျိုးက ချန်လှပ် ထားခြင်းဖြစ်ပါသည်'ဟု လျှောက်တင်လေသည်။

ထိုလျှောက်တင်ချက်ကြောင့် အိမ်ရှေ့စံမင်းသားက သဘောကျပြီး အမျက်တော်ပြေကာ မြို့ဝန်မင်းမှာ အသက်ချမ်းသာရာရသွားခဲ့သည်။ ဤကဲ့သို့ ဘေးအန္တရာယ်မှ လွတ်အောင်ပြောခြင်းသည် ဆင်ငှေ့ရန်ရှောင်ပြောသော စကားများဖြစ်ပေသည်။

အောင်သူရိန်အဖို့တော့ ဆင်ငှေ့ရန်ရှောင်စကားကို ပြောလိုက်ရခြင်းမှာ အသက်အန္တရာယ်မှ လွတ်မြောက်ရန်အတွက် မဟုတ်ပေ။ သူနှင့်အောင်ဗျူဟတို့၏ နှစ်ကိုယ်ခွဲပြဿနာမှာ ရှင်းဖြဖို့ အချိန်က ယူရဦးမည်ဖြစ်သည်။

သို့ဖြစ်၍ အောင်သူရိန်မှာ ရှင်းပြမနေတော့ဘဲ ဆင်ငှေ့ရန်ရှောင်စကားကို သုံးခဲ့ခြင်းပေ။

တမူထူးခြားနေသော အောင်သူရိန်၏အပြုအမူတို့ကြောင့် ချစ်ရည်ဝင်းလဲ့မှာ ဆက်၍မေးမနေတော့ပေ။ အောင်သူရိန်၏ မိဘများအိမ်သို့သာ သူမ၏ကားကလေးနှင့် မောင်းပို့နေသည်။

အောင်သူရိန်မှာ သူ့အိမ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ကားပေါ်မှ အမြန်ဆင်းကာ တိုက်တွင်းသို့ဝင်ပြေးရင်း 'မေမေ ရေ… မေမေ သားပြန်လာပြီ'ဟူ၍ သူ့မိခင်ကြီး ဒေါ်မြနှင်းရီကို အော်ခေါ်နေသည်။

သူ၏အော်ခေါ်သံကြောင့် ဒေါ်မြနှင်းရီမှာ အိမ်ဖော်မကလေးနှင့်အတူ မီးဖိုခန်းတွင် ချက်ပြုတ်နေရာမှ အမြန်ထွက်လာခဲ့သည်။

'ဟဲ့သား… ဒါက ဘယ်လိုဖြစ်လာရတာလဲ၊ အလန့်တကြားနိုင်လိုက်တာဟယ်'

ဒေါ်မြနှင်းရီက အံ့ဩသံနှင့် ပြန်ပြောနေသည်။

ထိုပြောသံကြားရတော့မှ အောင်သူရိန်မှာ မိမိအရင် အောင်ဗျူဟက ရောက်နေသည်ကို သတိပြုမိသွားသည်။

သို့ဖြစ်၍ သူသည် ပေါကြောင်ကြောင်လုပ်ကာ ပြန်ပြောနေရသည်။

'အဟဲ… သားက မေမေ့ကို တမင်လန့်ဖျပ်သွားအောင်လုပ်လိုက်တာပါ မေမေရယ်၊ ဟဲ… ဟဲ… ဟဲ'

အောင်သူရိန်မှာ စကားအဆုံးတွင် မိခင်ကြီးကို ပွေ့ဖက်ထားပြန်သည်။ ချစ်ရည်ဝင်းလဲ့မှာလည်း သူတို့အနီးသို့ ပြုံးချိုသောမျက်နှာနှင့် ရောက်လာခဲ့သည်။

'ဟောတော့… ဒါကကော ဘာဖြစ်ရပြန်တာလဲ၊ သားရဲ့အပြုအမူတွေက ဆန်းလိုက်တာ၊ အခုမှ ဩစတေးလျက ပြန်ရောက်လာတာကျနေတာပဲ'







www.burmeseclassic.com

www.burmeseclassic.com



'ဒါထက် ဖေဖေကော မေမေ၊ အိမ်အပေါ်ထပ်မှာလား'

'ဟောတော့... ဒါက ဘာဖြစ်ရပြန်တာလဲ၊ သားဖေဖေ မနက်ကတည်းက အရေးပေါ်လူနာရှိလို့ ထွက်သွားခဲ့တာ သား လည်း အသိပဲဟာ'

အောင်သူရိန်မှာ အလိမ်မပေါ်စေရန် စကားကို လျှော့ချ ရပြန်သည်။

'ဟုတ်ပါတယ် မေမေရဲ့၊ သားက ပြန်လာပြီမှတ်လို့ပါ ဟဲ... ဟဲ...'

ချစ်ရည်ဝင်းလှဲ့က ဒေါ်မြနှင်းရီကို လှမ်းတိုင်နေသည်။

'အန်တီ...အခုဝတ်ထားတဲ့ ကိုကို့အဝတ်တွေကို သတိ ပြုမိရဲ့လား၊ သေသေချာချာကြည့်ပါဦး၊ ဒီအိမ်က ထွက်သွား တုန်းကအဝတ်နဲ့ သူအခုဝတ်ထားတဲ့ အဝတ်တွေဟာ နာရီဝက် အတွင်းပြောင်းလဲသွားလို့ သမီးမေးတာကို သူ မဖြေဘူး၊ အန်တီ ပဲ မေးကြည့်ပါဦး'

ချစ်ရည်ဝင်းလှဲ့ကပြောမှ ဒေါ်မြနှင်းရီမှာလည်း အောင် သူရိန်ဝတ်ထားသော အဝတ်တို့ကို သတိပြုသွားမိခဲ့သည်။

'ဟယ်... ဟုတ်ပါရဲ့၊ သား စောစောကဝတ်သွားတာ က ဒန်ဟီးစပို့ရှပ် (Dunhill Sports Shirts) နဲ့ Flannel Gre ဖလဲန်နယ်ဂရေး ဘောင်းဘီရှည်ပါ၊ အခုဝတ်ထားတာက ပုဆိုးနဲ့ ရှပ်အင်္ကျီဆိုတော့ ဘယ်လိုဖြစ်သွားရတာလဲ၊ မေမေ့ကို ပြောပါ ဦး'





မိခင်ကြီးက မေးနေ၍ အောင်သူရိန် မည်သို့လိမ်လည်၍ အဆင်ပြေအောင်ဖြေရမည် စဉ်းစားနေသည်။

သူ စဉ်းစားနေခိုက်မှာပင် မိခင်ဖြစ်သူ ဒေါ်မြနှင်းရီ၏ ပြောသံမှာ နောက်တစ်ကြိမ်ပေါ်လာခဲ့သည်။

'ဟဲ... ဟဲ... အခုမှ မေမေ ရိပ်မိတယ်၊ သားဟာ ဆယ်တန်းကျောင်းသားဘဝတုန်းက အကျင့်တွေ ပြန်ပေါ်လာ ပြန်ပြီထင်တယ်၊ ဟုတ်လား'

'ဗျာ... ဆယ်တန်းကျောင်းသားဘဝတုန်းက အကျင့် ဟုတ်လား၊ သားတော့ မေမေပြောတာ နားမလည်ဘူး'

'အင်း... သားကလည်း မေ့တတ်လိုက်တာ၊ သား ဆယ်တန်းကျောင်းသားဘဝတုန်းက အိမ်ကဝတ်သွားတဲ့ အဝတ် အထည်အကောင်းတွေကို တခြားဆင်းရဲတဲ့ ကျောင်းသားတွေရဲ့ အဝတ်ဟောင်းတွေနဲ့ မကြာခဏ လဲဝတ်တတ်တယ်လေ၊ အခု လည်းပဲ သားဟာ ငယ်ငယ်တုန်းက အကျင့်အတိုင်း သားကိုယ် ပေါ်မှာဝတ်ဆင်ထားတဲ့ အဖိုးတန်အဝတ်တွေကိုပေးပြီး သူတို့ဆီ က အဝတ်ကိုလဲပြီးဝတ်ခဲ့လို့ အိမ်ကဝတ်သွားတဲ့ အဝတ်အစား တွေအစား အခုအဝတ်တွေနဲ့ ပြောင်းသွားခဲ့တာမဟုတ်လား၊ ဟဲ... ဟဲ...'

မိခင်ကြီး၏စကားကို ကြားရမှ သူလည်း ငယ်ငယ် တုန်းက သူ အဝတ်ကောင်းများကို ဆင်းရဲသောသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များ၏အဝတ်နှင့် လဲလှယ်ဝတ်ခဲ့သည်ကို ပြန်သတိရသွားခဲ့သည်။

ထိုသို့ သတိရသည့်အတိုင်း ယခုကိစ္စကိုလည်း သူက ချော်လဲရောထိုင်လုပ်ရတော့သည်။

'အပြီး… မေမေက မှတ်ဉာဏ်တွေ အခုထက်ထိ ကောင်းသေးတယ်နော်၊ မှန်ပါတယ်… သားဟာ မေမေပြော ခဲ့တဲ့အတိုင်း ဆင်းရဲတဲ့ ကျွန်တော့်အသိတစ်ယောက်နဲ့ တွေ့ခဲ့လို့ လဲဝတ်ခဲ့တာပါ၊ သူကလည်း အရွယ်ရော အရပ်ရော ကျွန်တော်နဲ့ တူနေတော့ ဟန်ကျသွားတာပေါ့၊ ဟား… ဟား… ဟား… ဟား'

'သာဓုခေါ်ပါတယ် သားရယ်၊ ဆင်းရဲတဲ့လူကို သားက အခုလို အဝတ်ကောင်းတွေပေးကောင်းပါတယ်၊ ကဲ… ကဲ… သားလည်း ဆာနေရောပေါ့၊ မေမေတို့ ထမင်းစားကြရအောင်၊ သမီးဝင်းလှဲ့လည်း တစ်ခါတည်းဝင်စားကွယ်'

'ဟုတ်ကဲ့ အန်တီ'

ချစ်ရည်ဝင်းလှဲ့က သဘောတူခဲ့သော်လည်း အောင် သူရိန်မှာတော့ အခက်တွေ့နေရသည်။

နံနက် ၁၀ နာရီခန့်က သူနှင့် ရွှေဖျိုင်းတို့ တရုတ်ဆိုင် တွင် နံနက်စာကို စားပြီးခဲ့၍ပင်။

ယခု ထပ်စားပါက စား၍ဝင်မည်မထင်ပေ။

'မေမေ… ကျွန်တော်တော့ သိပ်မဆာသေးလို့ မစား





သေးဘူး၊ မေမေတို့ပဲ စားကြပါ'

'ဟယ်… မဟုတ်တာဘဲ၊ သားက ဘာတွေများ လမ်း မှာစားခဲ့လို့လဲ၊ မဆာရင်လည်း နည်းနည်းတော့စား၊ ချစ်ရည် ဝင်းလှဲ့လည်း ဝင်စားမယ်ဟာ'

ချစ်ရည်ဝင်းလှဲ့ကလည်း ဝင်ပြောနေသည်။

'ဟုတ်သားပဲ ကိုကိုရဲ့၊ ညီမနဲ့ ကိုကို ထမင်းလက်ဆုံ မစားရတာ သုံးနှစ်နီးနီးကြာနေလို့ အတူစားကြစို့'

အောင်သူရိန်လည်း ဆက်မငြင်းနိုင်တော့ဘဲ မစားချင် စားချင်နှင့် ထမင်းကို ဟန်မပျက်ဝင်စားနေရတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ်)

## လူမှန် နေရာမှန် ဖြစ်ပေမယ့်လည်း

ကျွန်တော်တို့သည် အောင်သူရိန်၏အခန်းကို ခေတ္တရပ်နားပြီး အောင်ဗျူဠအခန်းကို ဆက်ရမည်ဆိုသော်-

အောင်ဗျူဠမှာ သူတို့ရွာမှ လူကြုံများတွေ့လိုတွေ့ငြား ရှာဖွေရန် ချစ်ရည်ဝင်းလှဲနှင့်အတူ ထွက်လာခဲ့သည်။

သို့သော် ချစ်ရည်ဝင်းလှဲကိုတော့ ထိုအကြောင်းမသိစေလို၍ ရွှေတိဂုံဘုရားဖူးမည်ဟု အကြောင်းပြကာ အနောက်ဘက်မုခ်သို့ အပို့ခိုင်းခဲ့သည်။

ချစ်ရည်ဝင်းလှဲက သူမလည်း သူနှင့်အတူ ဘုရားဖူးမည်ဆိုသည်ကိုပင် ဟသ်ာတသင်္ဘောဆိပ်သို့ မသွားနိုင်မည်စိုး၍ ပရိယာယ်ဆင်ကာ ပြော၍ တားမြစ်ခဲ့ရသည်။





ချစ်ရည်ဝင်းလှဲ မောင်းသော ရုပါရှဖ်ကားကလေး အနောက်ဘက်မုခ်မှ ထွက်သွားအပြီးတွင် ဂကကအငှားယာဉ်နှင့် ဟသ်ာတသင်္ဘောဆိပ်သို့သွားရန် လုပ်သေးသည်။

ပြီးမှ ရွှေတိဂုံစေတီတော်ကြီးသို့ရောက်မှတော့ ဘုရားဖူးဘဲ မသွားချင်၍ အနောက်ဘက်မုခ်တစ်ခုတည်းတွင်သာရှိသော Escalater (အက်စ်ဒကယ်လ်လေတာ)ခေါ် လျှပ်စစ်လှေကားမှ ရင်ပြင်ပေါ်သို့ တက်သွားခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီးတွင်ရှိ သူ၏နေ့နံဖြစ်သော တနင်္ဂနွေထောင့်တွင် ရေဖိုး အလှူငွေကိုထည့်၍ ရေသပ္ပာယ်ခဲ့သည်။

ထို့နောက် ရွှေတိဂုံစေတီတော်ကြီးအား သုံးပတ်ပတ်ကာ ညှိပြီးမှ လာစဉ်ကအတိုင်း အနောက်ဘက်မုခ်သို့ ပြန်ဆင်းသည်။

ထိုကမှတစ်ဆင့် ကကအငှားယာဉ်ကိုငှား၍ ဟသ်ာတ သင်္ဘောဆိပ် ကပ်ထားရာကမ်းနားဘက်သို့ သွားခဲ့သည်။

ထိုနေရာသို့ အရောက်တွင် အောင်ဗျူဠက ကားသမားကို ကျသင့်ငွေများပေးကာ ကားပေါ်မှဆင်းခဲ့သည်။

အောင်ဗျူဠမှာ ဟသ်ာတသင်္ဘောဆိုက်ကပ်ထားရာ ဇောတားအတိုင်းဆင်းကာ သူ၏အသိအကျွမ်းကို ရှာနေခဲ့သည်။

ဆယ့်ငါးမိနစ်ခန့် ဟသ်ာတနှစ်ထပ်သင်္ဘောကြီးပေါ်၌ သူတို့ ရွာတွင် နေထိုင်သူများကို ရှာနေသော်လည်း မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



'ရွာက အမေ့ဆီကို ငါ ဘယ်လိုအကြောင်းကြားရပါ့မလဲ'

အောင်ဖျူ စိတ်ပျက်နေသည်။

ထို့နောက်တော့ အောင်ဖျူမှာ ဟင်္သာတမြို့သွားမည့် သင်္ဘောပေါ်မှ ပြန်ထွက်လာခဲ့ပြီး ဗောတံတားအတိုင်း လျှောက်ကာ ပြန်လာခဲ့သည်။

သူ့အနေနှင့် ရွှေဖျိုင်းတစ်ယောက်ရှိနေသော လက်ဖက်ရည်ဆိုင်ဘက်သို့ လျှောက်သွားခဲ့မိသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ရွှေဖျိုင်းမှာလည်း လမ်းမဆီသို့ ကြည့်နေစိုက်မို့ အောင်ဖျူကို မြင်တွေ့သွားခဲ့သည်။

တွေ့လျှင်တွေ့ချင်းတော့ ရွှေဖျိုင်းမှာ အောင်ဖျူမှ ဟုတ်ရဲ့ လားဟူ၍ သံသယဖြစ်သွားခဲ့သေးသည်။

ရွှေဖျိုင်း သံသယဖြစ်မည်ဆိုလည်း ဖြစ်စရာပေ။

သူမထံမှ အောင်သူရိန်ထွက်သွားစဉ်က ပုဆိုးနှင့် ရှပ်အင်္ကျီလက်ရှည်နှင့် ဖြစ်သည်။

ယခု နာရီဝက်ခန့်သာကြာသေးသော အချိန်တွင် မျက်လှည့်ပြလိုက်သလို ဘောင်းဘီရှည်နှင့် ပါတိတ်အင်္ကျီကို ဝတ်ထားသောကြောင့်ပင်။

တစ်ဦးက အောင်သူရိန်၊ တစ်ဦးက အောင်ဖျူဖြစ်နေသည်ကိုတော့ ရွှေဖျိုင်းက မသိရှာပေ။





သူမထံသို့ ရောက်လာခဲ့သော အောင်ဖျူကို အောင်သူရိန်ဟုထင်ကာ အံ့ဩမဆုံးဖြစ်နေသည်။

သို့သော် ရွှေဖျိုင်းမှာ ကြာရှည်စွာအံ့ဩမနေနိုင်ပါ။

သူမရှေ့သို့ ရောက်လာခဲ့သော အောင်ဖျူကို လှမ်းခေါ်လိုက်သည်။

'ဟဲ့… ငအောင် ဒါက ဘယ်လိုဖြစ်သွားတာလဲဟင်'

ရွှေဖျိုင်း၏အသံကြောင့် အောင်ဖျူက အသံလာရာသို့ လှမ်းကြည့်မိသည်။

လုံးဝမျှော်လင့်မထားသော ရွှေဖျိုင်းဖြစ်နေသည်ကို တွေ့လျှင် သူ့မျက်စိကို မယုံကြည်နိုင်အောင်ဖြစ်သွားသည်နှင့်အတူ သူ၏နှုတ်ဖျားမှ အာမေဋိတ်သံကြီးပါ ပေါ်ထွက်သွားခဲ့သည်။

'ဟိုက်… သောက်ပလုတ်တုတ်တုတ် ရွှေဖျိုင်းပါလား'

'အလို… ဒါက ဘယ်လိုဖြစ်သွားရတာလဲ ငအောင်ရယ်၊ အခုမှ ငါ့ကို တွေ့ရမြင်ရသလို တအံ့တဩဖြစ်နေပါလား၊ နာရီဝက်အတွင်း စောစောက နင်ဝတ်ခဲ့တဲ့ ပုဆိုးနဲ့ အင်္ကျီအစား ဘာကြောင့် ဘောင်းဘီရှည်နဲ့ ပါတိတ်အင်္ကျီလက်တို ဖြစ်သွားရတာလဲ၊ ငါဖြင့် အံ့ရော'

ရွှေဖျိုင်းက အံ့ဩကလေးနှင့် အောင်ဖျူကို မေးနေသည်။

'အံ့မနေနဲ့ ရွှေဖျိုင်းရေ၊ စောစောက လုံချည်နဲ့ လူဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ရုပ်ချင်းချွတ်စွပ်တူနေတဲ့ အောင်သူရိန်ဖြစ်ပြီး အခု နင့်ရှေ့မှာ ရောက်နေတဲ့သူကမှ အောင်ဖုန့်အစစ်ပဲ' ဟူ၍ အောင်ဖုန့် ပြော ပြချင်သည်။ သို့သော် မဖြစ်သေးပေ။

'**ခုရုပ်မှနောင်ရှင်း**' ဟူသည့်စကားလို ရုပ်လက်စနှင့် ဆက်ရုပ်ထားပြီး နောင် သူနဲ့ အောင်သူရိန်တို့ ဆုံကြတော့မှ ရှင်းကြမည်ဟု အောင်ဖုန့် ပိုင်းဖြတ်ထားလိုက်သည်။

ပိုင်းဖြတ်သည့်အတိုင်း အမှန်အတိုင်း မပြောတော့ဘဲ လိမ်ညာ၍ ပြန်ပြောနေသည်။

'အဟဲ... ဒါက ဒီလိုပါ၊ ငါ စက်ဘပုနိုင်ငံကို မသွားခင် တုန်းက ဟို အလုံဘက်မှာနေတဲ့ ငါ့အသိရဲ့အိမ်မှာ တစ်လ လောက်နေခဲ့ရသေးတယ်၊ အခု အဲဒီအိမ်ကိုသွားရင်းနဲ့ ဟိုတုန်းက ဝတ်ခဲ့တဲ့ အဝတ်တွေက ဒီအိမ်မှာရှိနေသေးလို့ ငါက အခု ကိုယ်ပေါ်မှာ ဝတ်ထားခဲ့တဲ့ အဝတ်တွေနဲ့လဲပြီး ဝတ်ခဲ့လို့ပါ ဟဲ... ဟဲ'

'ဒါဆို နင်ဝယ်ထားခဲ့တဲ့ ပစ္စည်းတွေ သင်္ဘောဆိပ်ကို ပို့တော့မလား'

ရွှေဖျိုင်းက ပြောနေပြန်သည်။

'ဟေ... ဘာပစ္စည်းတွေဝယ်ထားလို့လဲဟ၊ နင်တစ် ယောက်တည်း ဝယ်ထားတာလား၊ အစ်ကိုကြီးဘမောင်ကော မပါဘူးလား'





အောင်ဖုန့်မှာ အောင်သူရိန်နှင့် ရွှေဖျိုင်းတို့ တီဗီနှင့် ဒီဗီဒီယိုစက်ဝယ်ထားသည်ကို မသိ၍ ယခုလို မေးနေခြင်းပင်။

'ဟဲ့... ငအောင်၊ နင် ဘာတွေပြောနေတာလဲ၊ နင်နဲ့ငါ နောက်တုန်းက ပန်းဆိုးတန်းကိုသွားပြီး နင့်အိမ်မှာသုံးဖို့ တီဗီနဲ့ ဒီဗီဒီယိုစက် ဝယ်ခဲ့တယ်လေ၊ အဲဒီလိုဝယ်ပြီး ဒီဆိုင်ကို ယူလာခဲ့ တာဟာ၊ နင် ဘာတွေပေါက်နေတာလဲ၊ ပြီးတော့ အစ်ကိုဘမောင် လည်း ငါတို့နဲ့အတူ ပါလာတာမှ မဟုတ်တာ'

'ဟုတ်သားပဲ ဖုန့်ရ၊ မင်းဟာလေ နောက်စရာမရှိ မိန်းချင်းကိုအကြောင်းရိုက်ပြီး နောက်နေတာကိုး၊ ဟား... ဟား... ဟား... ဟား...'

ထိုစကားကို ပြောလိုက်သူမှာ သူတို့၏ရွာသား လက် ဖက်ရည်ဆိုင်ရှင် ဦးသာလှဖြစ်သည်။

'ဟာ... ဦးလေးသာလှပါကလား၊ ဘယ်တုန်းက ရန်ကုန်ကို ရောက်နေတာလဲ'

အောင်ဖုန့်က သူငယ်စဉ်က ရွာတွင် သိကျွမ်းခဲ့ဖူးသော ဦးသာလှကို တွေ့ရလျှင် ဝမ်းသာအားရနှင့်မေးနေသည်။

'အဲဗျ... ဒီကောင်ဟာ မိဖျိုင်းကိုသာမကဘူး၊ ငါ့ကိုပါ ဆက်ပြီးအကြောင်းရိုက်နေပါကလား၊ ဟား... ဟား... ဟား... ဟား...'

'ဟင်... ဘယ်လိုကြောင့်လဲ ဦးလေးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်ရမှာလဲ… လွန်ခဲ့တဲ့ တစ်နာရီကျော် လောက်က မင်းနဲ့ငါ ထိုင်ပြီး စကားပြောနေကြတာကို အခုမှ မြင်တွေ့ကြတဲ့ပုံမျိုးနဲ့ ငါ့ကိုပါ အကြောင်းရိုက်နေလို့ ပြောတာ ကွ၊ တော်တော်နောက်တဲ့ကောင်ကွာ'

ထိုအခါကျမှ ဖြစ်ရပ်အဖုံဖုံ အလုံးစုံကို အောင်ဗျူရှ နိုပ်မိသွားတော့သည်။

'အဟီး… ကျွန်တော်လည်း ဦးလေးကို မြင်ရလို့ ရွှေ ဖျိုင်းကို အကြောင်းရိုက်လက်စနဲ့ ဆက်ပြီးအကြောင်းရိုက်နေတာ ပါ၊ ဟား… ဟား… ဟား… ဟား…'

အောင်ဗျူရှ အလိမ်မပေါ်စေရန် ချော်လဲရောထိုင်လုပ် ရသည်။

'ကဲ… ကဲ… ပြောစမ်းပါဦး ရွှေဖျိုင်း၊ စောစောတုန်း က တို့ဝယ်လာတဲ့ တီဗီနဲ့ ဗီဒီယိုစက်တွေကို ဘာနဲ့တင်မယ်လို့ ပြောခဲ့သလဲ၊ ငါလည်း ရန်ကုန်ရောက်မှ သတိက အရမ်းမေ့ တာဟ'

အောင်ဗျူရှက နောက်တစ်ကြိမ်မမှားစေရန် ရွှေဖျိုင်းကို အစ်ထုတ်နေသည်။

'နင် မေ့တတ်ရင်လည်း ငါက သတိရအောင် ပြော တာပေါ့၊ နင်စောစောက ပြောတာကတော့ ဒီပစ္စည်းတွေကို ဟသ်ာတသင်္ဘောနဲ့တင်ပြီးသွားမယ်လို့ ပြောခဲ့တယ်လေ၊ သတိ ပြီလား'





ရွှေဖျိုင်းမှာ အောင်ဗျူရှ တကယ်သတိမေ့သည်အထင် နှင့် ယခုလို ပြောပြနေသည်။

'ဟုတ်ပြီ…ဒါဆိုရင် အစီအစဉ်ပြောင်းမယ်၊ ဟသ်ာတ သင်္ဘောနဲ့ မလိုက်တော့ဘူး၊ အငှားကားကို ငှားသွားမယ်၊ ဒါမှ တို့ရွာကို မြန်မြန်ရောက်မှာဟ'

'ဟဲ့… ကားကိုသာငှားသွားရင် သင်္ဘောစီးတာထက် ဆယ်ဆလောက်ကုန်လိမ့်မယ်ထင်တယ်၊ မြန်တာတော့ မှန်ပါ တယ်'

'ကိစ္စမရှိဘူး၊ စက်ဘီပုကနေ သုံးနှစ်နီးနီး ငါရှာထားခဲ့ တဲ့ငွေတွေဟာ ဒီလောက်တော့ ဖြုန်းနိုင်ပါတယ်၊ ဒီတော့ အငှား ကားကို ငါ လိုက်ရှာပြီး ငှားလိုက်ဦးမယ်၊ ဟုတ်လား'

မှန်ပေသည်။ အောင်ဗျူရှမှာ ယုံကြည်စိတ်ချရသော သူတို့ရွာမှလူကြုံနှင့် တွေ့ရလျှင် မိခင်ကြီးကိုပေးရန် တစ်ထောင် ဘန်ငွေစက္ကူနှစ်သိန်း သူ့တွင်ပါလာသည်။

'အေးလေ… နင့်သဘောပဲ'

ရွှေဖျိုင်းက သူ့ဆန္ဒအတိုင်း လိုက်လျောလိုက်သည်။

အောင်ဗျူရှက သူတို့အနီးတွင် ရပ်နေသော ဆိုင်ရှင် ဦးသာလှအား ပြောင်ချော်ချော်နှင့် ပြောပုံက-

'ဦးလေးသာလှရေ… ကျွန်တော် ကားသွားငှားလိုက်ဦး မယ်၊ မိဖျိုင်းကိုသာ ဘယ်မှမသွားရအောင် သံကြိုးနဲ့ ခိုင်ခိုင်မြဲ



www.burmeseclassic.com

www.burmeseclassic.com



ထားပေတော့ဗျို့၊ ဟား… ဟား… ဟား… ဟား…'

အောင်ဖုန်း ပြောပြီးထွက်အသွား ရွှေမျိုးက နောက်မှ နေ၍ သူ့ကို လှမ်းတုတ်နေသည်။

'သေနာကောင်… ငါ့ကို သံကြိုးနဲ့ အချည်ခံ… ခွေးများမှတ်နေသလားဟဲ့၊ ဟွန်း'

တစ်ဖက်တွင်လည်း အောင်သူရိန်မှာ ထမင်းစားပြီး နောက် ဧည့်ခန်းတွင်ရှိနေသော မဟော်ဂနီရောင် စန္ဒရားကြီးဆီသို့ သွားခဲ့သည်။

ထို့နေ့…တော့ အောင်သူရိန်မှာ သုံးနှစ်နီးပါး မတီး ခဲ့ရသော သူ၏စန္ဒရားကြီးကို တီးချင်စိတ်ပေါက်လာသည်။

သို့ဖြစ်၍ အောင်သူရိန်မှာ စန္ဒရားတီးရန်အတွက်သာ ထားသော ထိုင်ခုံ၌ ထိုင်သည်။

ပြီးတော့ သူသည် စန္ဒရားအဖုံးကိုဖွင့်၍ စန္ဒရားကို တီးနေတော့သည်။ သူတီးနေသော သီချင်းမှာ စန္ဒရားလုထွက် သီကုံးထားပြီး တွံတေးသိန်းတန် သီဆိုခဲ့သော နာမည်ကျော် 'ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်' သီချင်းပင်။

သူစန္ဒရားတီးနေခိုက် သူ၏ဖခင် ဦးသက်ထွန်းမောင်မှာ ပြန်ရောက်လာသည်။

သူစန္ဒရားတီးနေမှုကြောင့် သူ၏အနီးသို့ သူ့မိဘနှစ်ပါး ရော ချစ်ရည်ဝင်းလှဲ့တို့ပါ အနီးသို့ရောက်လာကြသည်။





'အလို… ငါ့သားက စန္ဒရားတီးချင်တော့လည်း မပြော ဆိုဘဲ တီးတော့တာပဲနော်၊ ဟိုနေ့တွေက ဖေဖေက နားထောင် ချင်လို့ တီးခိုင်းတော့လည်း သားက ကြေးထူနေတယ်'

ဦးသက်ထွန်းမောင်က အောင်သူရိန် စန္ဒရားတီးနေသည် ကိုကြည့်ရင်း ပြောနေသည်။

ချစ်ရည်ဝင်းလှဲ့ကလည်း ထောက်ခံချက်ပေးသည်။

'ဟုတ်တယ် အန်ကယ်၊ အခုလို ကိုကို စန္ဒရားတီးမှန်း သိရင် သမီးလည်း အိမ်ကဂစ်တာကို ယူခဲ့ပါတယ်၊ အခုပြန်ယူ လိုက်ရမလား၊ သိပ်မကြာပါဘူး'

'နီး… နီး… ယူမနေနဲ့တော့၊ နောက်နေ့ကျမှ ယူ လာပါ၊ အခု ကိုကိုတီးတာကိုသာ နားထောင်ပါကွယ်'

အောင်သူရိန်ပြောအပြီး ဒေါ်မြနှင်းရီကလည်း ပြောနေ သည်။

'သားရယ်…စန္ဒရားချည်းတီးမနေပါနဲ့၊ သားရဲ့ သီချင်း သံကိုလည်း ကြားချင်တယ်'

အောင်သူရိန်မှာ မိခင်ကြီး၏ဆန္ဒအတိုင်း အတီးသာမက ဘဲ သီချင်းကိုပါ ဆိုပြနေရသည်။

'ကဲ… ဖေဖေနဲ့ မေမေတို့ရေ အိမ်ပေါ်တက်ပြီး ရေချိုး လိုက်ဦးမယ်နော်'

အောင်သူရိန်က စန္ဒရားအဖုံးကိုပြန်ပိတ်ကာ သူ့မိဘများ ကို ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ရေချိုးပြီးရင် ဘယ်သွားဦးမလဲ၊ ညီမ စောင့်နေမယ်လေ'

ရွှေရည်ဝင်းလဲ့က အောင်သူရိန်ကို လှမ်းပြောနေသည်။

'စောင့်မနေပါနဲ့ကွာ… ကိုကို ရေချိုးပြီး တစ်ရေးလောက် အိပ်ဦးမလို့၊ ညက စာဖတ်များသွားလို့ အိပ်တာနောက်ကျသွားတယ်လေ'

'ကောင်းပြီ… ဒါဖြင့် ညီမသွားမယ်၊ မနက်ဖြန်မှ ကိုကို့ကိုလာခေါ်မယ်'

'အိုကေ'

အောင်သူရိန် ပြန်ပြောရင်း အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။ အိမ်ပေါ်ထပ်ရှိ သူ၏အိပ်ခန်းသို့ရောက်လျှင် သူ၏အဝတ်ဗီရိုကြီးကိုဖွင့်ကာ သူ့အဝတ်တွေကို စစ်ကြည့်နေသည်။

'အလိုလို… ငါ့အယောင်ဆောင်ထားတဲ့ ကောင်သား ငါ့အဝတ်တွေကို ထင်တိုင်းကြဲနေတယ်ထင်တယ်၊ အကုန်လုံးကို ပွသရမ်းလို့'

အောင်သူရိန်မှာ သူ၏အဝတ်ဗီရိုကို ဖွင့်ကြည့်ရင်း ရေရွတ်နေသည်။ ရေရွတ်ပြီး ဗီရိုကို ပြန်ပိတ်၍ ရေချိုးခန်းသို့ အသွား သူ၏ဂေါက်အိတ်ကို သတိရကာ ရှာကြည့်မိသည်။

'ဟိုက်… ငါ့ဂေါက်အိတ်က ဘယ့်နှယ်ကြောင့် ခုတင်အောက် ရောက်နေရတာလဲ၊ ဒီကောင်သားကြည့်ရတာ ဂေါက်ရိုက်





တတ်ပုံမရဘူး၊ အိတ်ကို ထောင်မထားဘူး၊ ခုတင်အောက်မှာ လှဲထားတယ်၊ တောက်…'

အောင်သူရိန် ပြောရင်း ခုတင်အောက်၌ရှိနေသော သူ၏ဂေါက်အိတ်ကိုယူကာ ယခင် သူ ထားနေကျနေရာဖြစ်သော ဗီရိုဘေး၌ထောင်ထားသည်။ ပြီးမှ ရေချိုးခန်းဆီသို့ ထွက်သွားခဲ့သည်။

ရေချိုးပြီးလျှင် စွပ်ကျယ်လက်စကကိုဝတ်ကာ ယမန်နေ့ညက သဘော်စီးခဲ့ရ၍တစ်ကြောင်း၊ ရွှေဗိုင်းနှင့် လေကန်ခဲ့ရ၍ တစ်ကြောင်းမို့ သူ့မှာ အိပ်ရေးပျက်ရသည်။

ယနေ့နံနက်တွင် ထမင်းစားခဲ့သည်ကလည်း များသွားခဲ့၍ ရေချိုး၍အပြီးတွင် သူသည် အိပ်ချင်လာသည်။

'အင်း… ငါ မအိပ်ရတာ သုံးနှစ်လောက်ရှိတဲ့ ငါ့ခုတင်ပေါ်မှာ တစ်မှေးလောက်အိပ်လိုက်ဦးမှပဲ'

အောင်သူရိန်မှာ တစ်ကိုယ်တည်းပြောရင်း သူ၏ခုတင်ပေါ်တွင် ကိုယ်ကြီးကိုပစ်လှဲချသည်။

ခဏအကြာတွင် သူသည် အိပ်ပျော်သွားခဲ့သည်။

ညနေငါးနာရီခန့်တွင် သူသည် အိပ်ပျော်ရာမှ နိုးလာခဲ့သည်။ နိုးလျှင်နိုးချင်း သူ့ခုတင်နှင့် လက်တစ်ကမ်းတွင်ရှိသော စာရေးစားပွဲခုံ၌ တင်ထားခဲ့သော သူ၏အိုမီဂါလက်ပတ်နာရီကို ယူကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်… ဇောက်ကျိုးနည်း ညနေငါးနာရီထိုးတော့မှာ ပါကလား၊ ရွှေဖျိုင်းတော့ ငါ့ကိုမျှော်နေတော့မှာပဲ၊ ငါက ဟို တောသား အောင်ဗျူဟပြန်အလာကို စောင့်နေတာ၊ ဒီကောင်က အခုအထိ ပေါ်မလာဘူး၊ ဘယ်ကိုများ သွားနေတယ်မသိဘူး၊ အင်း… ဒီတောသားကိုစောင့်နေရင် ရွှေဖျိုင်းကို ပစ်ထားသလို ဖြစ်နေမယ်၊ မဖြစ်ဘူး…မဖြစ်ဘူး၊ ရွှေဖျိုင်းဆီကို ငါအမြန် သွားမှပဲ'

အောင်သူရိန်မှာ ရွှေဖျိုင်းအတွက် စိတ်ပူပင်ကာ အဝတ် များကိုအမြန်လဲကာ အောက်ထပ်သို့ပြေးဆင်းခဲ့သည်။

သူ ယခုဝတ်သောအဝတ်မှာ သူ့အိမ်သို့လာစဉ်က ဝတ်ခဲ့ သော မာစရိုက်လုံချည်နှင့် ရှပ်အင်္ကျီဖြူများပင်။

အောက်ထပ်သို့ရောက်လျှင် တိုက်ရှေ့ပန်းခြံထဲတွင် သူ့ ဖခင်နှင့် မိခင်ကြီးတို့ အညောင်းပြေ လမ်းလျှောက်နေကြသည်ကို တွေ့ရသည်။

သူသည် သူ့မိဘများရှိရာသို့ အမြန်ပြေးသွားပြီး ဖခင် ဦးသက်ထွန်းမောင်ကို ပြောသည်။

'ဖေဖေ… သား အပြင်သွားလိုက်ဦးမယ်နော်'

'ဟ… မိုးပဲချုပ်တော့မယ်၊ သားက ဘယ်သွားဦးမလို့ လဲ၊ ကားယူသွားလေ'

'မယူတော့ဘူး ဖေဖေ၊ အိမ်ကကားယူရတာ ရှုပ်ပါ





တယ်၊ အငှားယာဉ်စီးပြီးသွားတော့မယ်'

အောင်သူရိန်မှာ သူ့မိဘများ၏ပြန်အပြောကိုပင် မစောင့် တော့ဘဲ ခြံပြင်သို့ အမြန်ပြေးထွက်သွားခဲ့သည်။

အောင်သူရိန်သည် မူလပထမတွင်တော့ အိမ်ကကားကို ယူမောင်းရန် ကြံရွယ်ခဲ့သည်။

သို့သော် ထိုအကြံကို သူ့ဘာသာသူ **ဗီတိုအာဏာသုံး၍** ပယ်ချခဲ့သည်။

အကြောင်းကတော့ အောင်ဗျူဟအစစ်ပြန်လာလျှင် သူနှင့် လူချင်းလဲလှယ်၍ ရွှေဖျိုင်းရှိရာသို့ ပြောကာလွှတ်မည်ဟု စိတ် ကူးထားခဲ့သည်။ ယခု အောင်ဗျူဟက ပေါ်မလာ၍ သူသာလျှင် ရွှေဖျိုင်းထံသို့ ပြန်သွားရပေမည်။

ရွှေဖျိုင်းထံသို့ရောက်လျှင် သူ့အနေနှင့် အိမ်ပြန်ရန် မဖြစ် တော့ပေ။ ဟသ်ာတသဘော်ကြီးနှင့် ရွာသို့ ပြန်လိုက်သွားရ ပေမည်။

ထိုသို့ လိုက်သွားပါက သူယူလာခဲ့သော အိမ်မှ ကားကို သည်အတိုင်းပစ်ထားရတော့မည်။ ကားကိုပစ်ထားလျှင် ကား သူခိုးလက်သို့ မလွဲမသွေ ပါပြီးသားပင်။

သည်တော့ သူက အိမ်ကကားကိုမယူဘဲ တစ်ကိုယ် တည်း ထွက်လာခဲ့ခြင်းပင်။ သူ့မိဘတွေကတော့ သူ့အပြုအမူကို ကြည့်၍ အံ့သြနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရိန် ခြံအပြင်သို့ရောက်လျှင် အဆင်သင့်ပင် တစ်ဖက်မှလာနေသော ကကအငှားယာဉ်ကိုမြင်၍ လက်ပြကာ တားသည်။

'ဟသံာတသဘော်ာဆိပ်ကို သွားချင်တယ်၊ ဘယ်လောက်ပေးရမလဲ'

အောင်သူရိန် ကကဒရိုင်ဘာကို မေးနေသည်။

'ထောင့်ငါးရာပေးပါ ဆရာ'

'ကောင်းပြီ… အမြန်သာမောင်းပေးစမ်းပါ'

အောင်သူရိန်ပြန်ပြောရင်း ကားမောင်းသူ၏ ထိုင်ခုံဘေးဘက်၌ တက်ထိုင်သည်။

ဟသံာတသဘော်ာကြီး ဆိုက်ကပ်ရာ သဘော်ာဆိပ်သို့ရောက်လျှင် အောင်သူရိန်မှာ ကျသင့်သောကားခကိုရှင်း၍ ကားပေါ်မှ အမြန်ဆင်းခဲ့သည်။

ကားပေါ်မှ ဆင်းပြီးနောက် ရွှေဇျိုင်းကို စောင့်နိုင်းထားသော ဦးသာလှ၏လက်ဖက်ရည်ဆိုင်သို့ အမြန်ပြေးသွားခဲ့သည်။

လက်ဖက်ရည်ဆိုင်တွင် ရွှေဇျိုင်းကို မတွေ့ရလျှင် သူ့မှာ စိတ်ပူသွားတော့သည်။ သူရောက်သွားချိန်တွင် လက်ဖက်ရည်ဆိုင်ရှင်ဦးသာလှ မရှိပေ။ ကိစ္စတစ်ခုနှင့် အပြင်ထွက်သွားနေသည်။ အောင်သူရိန်မှာ ရွှေဇျိုင်းကို မတွေ့ရ၍ စားပွဲထိုးကလေးကိုမေးနေသည်။





'ဟေ့… ဒီမယ် ညီလေး၊ စောစောက အစ်ကိုထားသွားတဲ့ ရွှေဇျိုင်းဆိုတဲ့အမျိုးသမီး ဘယ်ထွက်သွားလဲကွ'

သူ၏အမေးကို စားပွဲထိုးကလေးက ပြန်မဖြေသေးဘဲ ရယ်နေသည်။

'ဟေ့ကောင်… ငါမေးနေတာကိုတော့ မဖြေသေးဘဲ ဘာဖြစ်လို့ ရယ်နေရတာလဲကွ'

'ရယ်ဆို အစ်ကိုက အဝတ်အစားအမျိုးမျိုးပြောင်းပြီး ဒီဆိုင်မှာ ဟာသတွေလာလုပ်နေတာကိုး၊ အစ်ကို့ကိုယ်အစ်ကို ဘမ္ဘာကျော်မျက်လှည့်ဝိဇ္ဇာကြီး **ဒေးဗစ်ကော်ပါဖီး**လို့ ထင်နေသလားဗျာ၊ ဟား… ဟား… ဟား… ဟား'

'ဟ · ညီလေးရ ဒီစကားတွေကို ဘာလို့ မင်းက ပြောနေရတာ လဲကွ၊ ရှင်းပြစမ်းပါဦး'

'ရှင်းပြစရာ လိုသေးသလား အစ်ကိုရာ၊ မနက်ဆယ့်နှစ်နာရီလောက်ကတည်းက အစ်ကိုဟာ မမရွှေဇျိုင်းကို အငှားကားနဲ့ လာခေါ်သွားတဲ့ဟာ၊ အဲဒီတုန်းက အစ်ကိုဟာ ဘောင်းဘီလက်ရှည်ကြီးနဲ့၊ အဲ…အဲ… ယောင်လို့ ဘောင်းဘီရှည် ပါတိတ်အင်္ကျီလက်တိုနဲ့လေ၊ ဟော… အခု ပုဆိုးနဲ့ ရှပ်အင်္ကျီလက်ရှည်ကိုပြန်ဝတ်ပြီး ကျွန်တော်တို့ကို အကြောင်လာရိုက်နေလို့ ရယ်နေတာပါ'

စားပွဲထိုးကလေး၏စကားကို နားထောင်ရင်း အောင်သူ



www.burmeseclassic.com

www.burmeseclassic.com



ရိန့် သဘောပေါက်သွားတော့သည်။ သူမရှိတုန်း ထူးထူးဆန်းဆန်း အောင်ဖျူ့ရောက်လာပြီး ရွှေဖျိုင်းနှင့် သူဝယ်ထားခဲ့သော တီဗီနှင့် ဗီဒီယိုစက်ကိုပါယူ၍ သူ့ရွာသို့ ကားငှားကာ သွားရမည်ဟု သူ တစ်ထစ်ချတွက်ထားလိုက်သည်။

ထိုသောအခါမှ အောင်သူရိန်မှာ ရွှေဖျိုင်းအတွက် စိတ်အေးရတော့သည်။

'အင်း··· ဒီအတိုင်းဆိုရင်တော့ Right Man Right Place လူမှန်နေရာမှန် ပြန်ရောက်ကုန်ပြီမို့ ငါလည်း ငါ့မိဘတွေနဲ့ ဟန်မပျက် အေးအေးဆေးဆေး နေရပေတော့မယ်၊ သူလည်း သူ့ရွာမှာ သူ့အမေ သူချစ်သူနဲ့နေရပြီကော၊ အင်း··· တို့နှစ်ယောက်အဖြစ်က တော်တော့်ကို ဆန်းကြယ်ပါကလားနော်၊ ဟား···ဟား··· ဟား··· ဟား'

အောင်သူရိန် စိတ်ထဲမှ အထက်ပါအတိုင်းတွေးကာ တဟားဟားနှင့် ရယ်နေမိတော့သည်။

ရွှေဖျိုင်းအတွက် စိတ်အေးရပြီမို့ သူလည်း လာစဉ်က အတိုင်း ကကအငှားယာဉ်ကိုစီးကာ အိမ်ပြန်သွားခဲ့တော့သည်။

❖

(တစ်ဆယ့်တစ်)

## ကျားဆိုသည်မှာ

အောင်ဖျူ့မှာလည်း အောင်သူရိန်လိုပင်။ မတွေ့ရတာ ကြာလှပြီဖြစ်သော မိခင်ဒေါ်အေးနွယ်၏ အိမ်သို့ရောက်လျှင် 'အမေရေ··· သားပြန်လာပြီဗျ' ဟုအော်ကာ အိမ်ထဲသို့ ပြေးဝင်သွားခဲ့သည်။

ဘမောင်ကတော့ သူတို့ရောက်လာသည်သိရ၍ သူ့အိမ်မှ အပြေးအလွှားရောက်လာပြီး ကားပေါ်မှ တီဗီနှင့်ဗီဒီယိုစက်တို့ကို ညီမဖြစ်သူ ရွှေဖျိုင်းနှင့်အတူ အိမ်ဘက်သို့ သယ်ယူပေးနေသည်။

'ဟဲ့··· သား မင်းနယ်ကျွာ ရန်ကုန်ကိုသွားတာ နှစ်ရက်သုံးရက်ပဲကြာသေးတာ၊ သုံးနှစ်လောက်ခွဲခွာခဲ့ရတဲ့ စက်ဘူ ·· ဘ ပြန်လာသလိုဖြစ်နေရသလားလို့ အဟီး'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးနွယ်က အံ့ဩသံနှင့် အောင်ဗျူဟာကို ပြောပြီး ရယ်နေသည်။

'အဟဲ… အမေကလည်း သားနဲ့ကွဲကွာနေတာ သုံးနှစ်နီးပါးရှိနေပြီမို့ အမေ့ကိုတွေ့ရရင် အရှင်လိုပဲ သုံးနှစ်လောက်ကွဲကွာနေတယ်ထင်ပြီး ပွေ့ဖက်မိတာပေါ့၊ အမေက စိတ်ဆိုးလို့လား'

'ပြောမှပြောရက်ပလေ သားရယ်၊ အမေ့ဝမ်းထဲမှာ ကျေနပ်မဆုံး ပီတိဖုံးနေတာပေါ့'

ဒေါ်အေးနွယ်ပြန်ပြောနေခိုက် ဘမောင်ကလည်း အောင်ဗျူဟာကို လှမ်းပြောသည်။

'ဟော့ကောင် ဗျူဟာ၊ မင်းကိုယ်မင်းများ အရုပ်ကလေးမှတ်နေလို့ အခုလို အမေကို ချွဲနေတာလားကွ၊ ဟား… ဟား… ဟား'

'ဟာ…ပြားကိုးဆယ် အစ်ကိုကြီးဘမောင်၊ နေကောင်းတယ်နော် အဟီး'

'ဗုဒ္ဓေါ မြတ်စွာဘုရား… ကယ်တော်မူပါ'

'ဒါက ဘယ်လိုဖြစ်သွားရတာလဲ၊ မြွေကိုက်ခံရလို့လား အစ်ကိုကြီးရ၊ အဟီး…'

'ဘာဖြစ်ရမှာလဲ… မင်းမေးပုံကြီးက အခုမှ လူချင်းတွေ့တာ တျနေတာပဲ၊ မင်း စက်ဘူက ပြန်လာကတည်းက





တွေ့ကြပြီးတဲ့ဟာ၊ ဘာ ကြောင်နေတာလဲ၊ လေဆိပ်မှာလာကြိုတုန်းကလည်း တို့မောင်နှမကို ခင်ဗျားတို့လူမှားနေပြီ၊ ကျွန်တော်က ဗျူဟာမဟုတ်ဘူး၊ အောင်သူရိန်ပါဆိုပြီး လူတွေရှေ့မှာအကြောင်ရိုက်ပြီး အရှက်ခွဲခဲ့တာ အမှတ်ရသေးသလား၊ ဟွန်း'

အောင်ဗျူဟာမှာတော့ ဘမောင်ပြောသော စကားများကိုနားထောင်ရင်း ပြုံးနေမိသည်။

သူတို့တစ်တွေမှာ အောင်သူရိန်ကို သူနှင့်မှားကာ ရွာကိုခေါ်ခဲ့ပြီး သူ့ကိုတော့ အောင်သူရိန်အမှတ်နှင့် ချစ်ရည်ရွှန်းလဲ့တို့က ခေါ်သွားခဲ့ကြပုံကို မျက်စိထဲ မြင်ယောင်လာ၍ ပြုံးမိခြင်းပင်။

'အစ်ကိုကြီးကလည်းဗျာ… ကျွန်တော်ဟာ အခုလိုပဲ နောက်ပြောင်တတ်တယ်ဆို ဘ အသိသားနဲ့၊ အမယ် အခုမှ အစ်ကိုကြီးရုပ်ကို သေသေချာချာကြည့်မိတယ်'

အောင်ဗျူဟာမှာ စကားကိုလှီးလွှဲ၍ ပြောဆိုလိုက်၍ အခုလို လိုက်ခြင်းပင်။

'ဒီလိုကြည့်မိတော့ ငါ့ရုပ်က ချောလာသလား၊ မချောဘူးလား၊ အဟီး'

'အင်း… ပြောရမယ်ဆိုရင် ကျွန်တော် စက်ဘူမသွားခင်တုန်းက အစ်ကိုကြီးရုပ်ဟာ လုံးဝမလှဘူး'

'အခု စက်ဘူက မင်းပြန်လာတော့ ငါ့ရုပ်က လှတယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'မိုးပြီး အကျည်းတန်သွားတယ်ဗျ၊ ဟား… ဟား… ဟား… ဟား…'

'တယ်… ဒီအခေါ်ဘင်'

'အစ်ကို ဘမောင်နဲ့ အောင်တို့ ဘာလေကာန်နေကြတာလဲ၊ တီဗီနဲ့ဗီဒီယိုတွေ ဘယ်မှာထားကြမယ်ဆိုတာ စီစဉ်ကြဦးလေ'

သူတို့အနီးသို့ ရွှေဖျိုင်းရောက်လာပြီး ပြောနေသည်။

'ဟ… မိဖျိုင်းရ… တီဗီတွေ ဗီဒီယိုကိစ္စထက် မီးစက်ကိစ္စကလုပ်ရဦးမယ်၊ တို့မှာ မီးစက်မရှိဘဲ ဒါတွေပြလို့ ဘယ်ရမလဲ'

ထိုစကားကိုကြားရလျှင် ဘမောင်က အံ့သြသံနှင့် လှမ်းပြောနေသည်။

'တယ်… ဗျူဟတို့ကတော့ ပေါက်ပြနေပြန်ပြီ၊ မင်းဟာ စင်္ကာပူနိုင်ငံကပြန်လာမှ တယ်မေ့တတ်နေသကိုးကွ'

'ဘယ်လိုကြောင့်လဲ အစ်ကိုဘမောင်ရ'

အောင်ဗျူဟ နားမလည်ဟန်နှင့် မေးသည်။

'ဘယ်လိုကြောင့်ရမှာလဲ၊ မင်းပဲ ရန်ကုန်မသွားခင် မီးစက်ဝယ်ဖို့ ငွေထုတ်ပေးခဲ့တယ်လေ၊ ဒါကြောင့် ဟသာတမြို့မှာရှိတဲ့ မီးစက်ဆိုင်ကနေ ဝယ်လာခဲ့တဲ့ဟာ၊ ဟိုမယ် မမြင်ဘူးလား'





ဘမောင်က မီးစက်ထားရာနေရာကို လက်ညှိုးထိုးပြသည်။

အောင်ဗျူဟမှာ ချော်လဲရောထိုင်လုပ်ရပြန်သည်။

'အပဲ… ဟုတ်သားပဲ၊ ကျွန်တော်လည်း အစ်ကိုကြီးပြောသလို စင်္ကာပူကပြန်လာမှ အရမ်းကို မေ့တတ်နေတယ်နော်၊ အဟီး'

အောင်ဗျူဟ၏ စကားအဆုံးတွင် ရန်ကုန်မြို့မှ ဝယ်လာခဲ့သော တီဗီနှင့် ဗီဒီယိုစက်ကိုထားရန် ပြုလုပ်နေကြသည်။

'ဒါထက် ကျွန်တော့်ကို မြန်မာ့ရိုးရာ လက်ဝှေ့သင်ပေးခဲ့တဲ့ ဖထီးကြီးကော အခု ဘယ်မှာနေလဲ၊ ရွာမှာပဲ နေသေးသလား'

အောင်ဗျူဟက သူ့ဆရာ စိန်မိုးပျံခေါ် ကရင်လူမျိုး ဖထီးကြီးအား သတိရစွာနှင့်မေးနေသည်။

'အဲ… ဟုတ်သားပဲ၊ မင်းကလည်း စင်္ကာပူကပြန်လာကတည်းက မင်း မမေးလို့ ငါကလည်း မေ့ပြီးမပြောမိဘူး၊ ဖထီးကြီးဟာ စင်္ကာပူနိုင်ငံကို မင်းသွားပြီး လေးလလောက်အကြာမှာ ဟိုဘက်ရွာကို ပြောင်းသွားပြီး သိပ်မကြာဘူး၊ တစ်နှစ်လောက်အကြာမှာ ဆုံးသွားခဲ့တယ်လေ'

'ဟာ… ဖြစ်မှဖြစ်ရလေတယ်ဗျာ၊ ကျွန်တော်သွားတုန်းကတော့ ကျွန်းကျွန်းမာမာပဲဟာ၊ ဒါဆို ဖထီးမြုပ်နှံထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကိုသွားပြီး ဖထီးကို ကန်တော့လိုက်ဦးမယ်၊ အစ်ကိုကြီး လိုက်ပြဗျာ'

'ငါ လိုက်ပြမယ်လေ၊ အစ်ကိုဘမောင်ကို ခေါ်မနေနဲ့၊ ဖထီးရဲ့ရုပ်အနကို ငါလည်း လိုက်ပို့ခဲ့လို့ သိပါတယ်၊ နင် ဘယ်တော့သွားမှာလဲ'

ရွှေဖျိုင်းက အောင်ဖျူရွှကို မေးနေသည်။

'အခု အချိန်ရှိသေးတာပဲ၊ အခုပဲ သွားကန်တော့ကြရအောင်'

'သွားလေ…… ငါလိုက်ပို့ပေးပါ့မယ်'

ရွှေဖျိုင်း၏ စကားအဆုံးတွင် အောင်ဖျူရွှမှာ သူ၏ဆရာ ဖထီးကိုကန်တော့ရန် အိမ်ပေါ်မှ ထွက်သွားခဲ့ကြသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူတို့မှာ အောင်ဖျူရွှ၏ ရန်ဖက် ရန်လင်းနှင့် ရွာအပြင်လယ်ကွင်းထဲတွင် မျက်နှာချင်းဆိုင်မိကြသည်။

ရန်လင်းမှာ လွန်ခဲ့သောရက်များ၌ သူ တွေ့ခဲ့ရသော အောင်သူရိန်အထင်နှင့် အောင်ဖျူရွှကို ပမာမခန့်ကြည့်ကာ မေးနေသည်။

'အဟဲ… တွေ့ရပြန်ပြီကော၊ ဒီစုံတွဲ ဘယ်သွားကြမလို့လဲ၊ ငါ့ဆီကိုလာပြီး ဒူးထောက်အညံ့ခံတာတော့ မဟုတ်ပါဘူးနော်၊ ဟား… ဟား… ဟား… ဟား'





ရန်လင်း၏ ပြောစကားကြောင့် စိတ်ဆတ်သော အောင်ဖျူရွှမှာ ဒေါသတွေ ပေါက်ကွဲသွားတော့သည်။

'ဟေ့ကောင်… ခွေးစကားပြောမနေနဲ့၊ မင်းလိုကောင်မျိုးကို ငါက ဒူးထောက်အညံ့ခံရအောင် ငါနဲ့ယှဉ်တိုင်း ဘယ်နှခါများ မင်းက ငါ့ကို နိုင်ဖူးလို့လဲ၊ ပြောစမ်းပါဦး ငမိုက်သားရဲ့၊ ဗွန်း'

ရန်လင်းမှာ ရက်တရက် အပြောအဆိုရော အမူအရာပါ လွန်ခဲ့သောရက်များက တွေ့ခဲ့ရသော အောင်ဖျူရွှနှင့် လုံးဝမတူဘဲ ပြောင်းလဲသွားမှုကြောင့် အံ့အားသင့်သွားခဲ့သည်။

'အလို့… ဒီတစ်ခါ မင်းပြောပုံဆိုပုံဟာ အရင်တစ်နေ့တွေကြတုန်းကနဲ့မတူဘဲ လုံးလုံးကြီးကို ပြောင်းလဲသွားပါလား ကွ၊ ဟိုရက်တွေတုန်းကတော့ မင်းပြောပုံဆိုပုံတွေဟာ သူရဲဘောကြောင်တဲ့ဟန်မျိုးနဲ့ပြောခဲ့တယ်၊ ဟော… အခုတော့ တစ်မျိုးဖြစ်သွားပြီ၊ ဟဲ… ဟဲ…'

'ဒီမယ် ရန်လင်း၊ မဟုတ်တာတွေ ပြောမနေနဲ့၊ ငါဟာ ဘယ်တုန်းကမှ သူရဲဘောကြောင်တဲ့စကားတွေ မပြောဘူး၊ ငါ့နာမည်က ဖျူရွှတဲ့၊ ဖျူရွှဆိုတာ ပါဠိလိုပေးထားတာ မြန်မာလိုဆိုရင်ကျားတဲ့ကွ၊ ကျားဆိုတဲ့သတ္တဝါဟာ ဘယ်တော့မှ ကြောက်စိတ်မရှိဘူး၊ လာမယ့်ဘေးကို ရဲရဲဝံ့ဝံ့ပြေးတွေ့တတ်တယ်၊ အမြီးကုတ်ပြီး မပြေးဘူး၊ ဒီတော့ ပြောစမ်း၊ မင်း ဘာလုပ်ချင်သလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အခုချက်ချင်း စိတ်မကျေပွဲ ၌ချင်သလား၊ ငါကတော့ အသင့်

သူငယ်ချင်း၊ ဟဲ... ဟဲ...'

အနီးတွင်ပါလာသော ရွှေဖျိုင်းမှာတော့ အောင်ဖု

သတ္တိရှိရှိနှင့်ပြောနေသောစကားတွေကြောင့် အလွန်အ...

နေတော့သည်။

အောင်ဖုလ္လထံမှ ရဲရဲဝံ့ဝံ့နှင့် စိန်ခေါ်သံကြောင့် ရန်လင်း

မှာ ကြောက်ဒူးတုန်သွားတော့သည်။

သူနှင့် အောင်ဖုလ္လတို့မှာ ဗလချင်းပဲယှဉ်ယှဉ်၊ သတ္တိချင်း

ပဲယှဉ်ယှဉ်၊ လက်ဝှေ့ပညာချင်းပဲယှဉ်ယှဉ် လုံးဝလုံးဝ မယှဉ်နိုင်

ဖြစ်နေသည်ကို သူ သိသည်။

ယခု မခံချင်သောစိတ်နှင့် အောင်ဖုလ္လနှင့် ဖိုက်ကြလျှင်

သူသာလျှင် မရှုမလှနှင့် လူ့ဘဝက ထွက်သွားရလိမ့်မည်။

သို့ဖြစ်၍ ရန်လင်းမှာ မယှဉ်ရဲတော့ဘဲ အောင်ဖုလ္လ

တောင်းပန်စကား ပြောနေရတော့သည်။

'အဟီး... ငါက မင်းကို စ,နေတာပါကွာ၊ မင်း

လည်း ဒေါ်ချည်းပဲကိုး၊ ကဲ... ကဲ... မင်းတို့နှစ်ယောက်လည်း

သွားစရာရှိတယ်မဟုတ်လား၊ သွားကြပေတော့၊ ငါလည်း သွား

စရာရှိနေလို့ပါ'

ရန်လင်းစကားအဆုံးတွင် ရွှေဖျိုင်းက စက်ဆုပ်သော

မျက်နှာနှင့် ရန်လင်းကိုကြည့်ပြီး မေးနေသည်။





'ဟဲ့... နင် ထွက်မသွားနဲ့ဦး၊ နင်နဲ့ အောင်ဟာ အခု

လာမယ့်စနေနေ့မှာ လက်ဝှေ့ထိုးဖို့ ချိန်းထားခဲ့တယ်မဟုတ်လား၊

ဒီပွဲကိုဖျက်သိမ်းမှာလား အတည်ပြုပေးရမှာလားဆိုတာ ပြောခဲ့ဦး

လေဟယ်'

'အာ... အာ... ဖျက်... ဖျက်... ဖျက်သိမ်းလိုက်ပါ

ဟာ၊ ငါ မထိုးတော့ပါဘူး၊ ကဲ... ငါ သွားတော့မယ်'

ရန်လင်းက ထိတ်ထိတ်ပျာပျာနှင့် သူတို့အနီးမှ လစ်

ထွက်သွားတော့သည်။

'သူနဲ့ ဟိုတစ်ခါတွေ့ကတည်းက ...လို အပြတ်ပြော

လိုက်ရင်ပြီးတဲ့ဟာ၊ အဲဒီတုန်းကတော့ နင်ဟာ ပျော့ညံ့ညံ့လုပ်

ခဲ့တာကိုး၊ နင်ပြောခဲ့တာတွေ နားထောင်ရင်း နင့်ကို အားမလို

အားမရဖြစ်ခဲ့ရတယ်၊ အခုမှပဲ အောင်ဖုလ္လပီသစွာနဲ့ ပြောလိုက်

တော့ ဟိုအကောင်ရန်လင်း ဖျားသွားပြီမဟုတ်လား၊ ခစ်...

ခစ်... ခစ်'

ရွှေဖျိုင်းမှာ အောင်ဖုလ္လက ရန်လင်းကိုပြောလိုက်သော

စကားများကြောင့် အလွန်အားရကျေနပ်သံနှင့် ပြောနေသည်။

အောင်ဖုလ္လမှာတော့ ရွှေဖျိုင်းပြောနေပုံကို နားမလည်၍

ပြန်မေးနေသည်။

'နေပါဦး မိဖျိုင်းရဲ့၊ နင်ဘာတွေပြောနေတာလဲ၊ ငါဟာ

ဘယ်တုန်းကမှ ဒီရန်လင်းဆိုတဲ့ကောင်ပေါ်မှာ ပျော့ညံ့ညံ့လုပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ၊ အမြဲတမ်း ငါဟာ အခုလိုပဲ ပြောခဲ့တဲ့ဟာ’

‘ငအောင်ရယ်… စက်ဘုပူက ပြန်လာမှ နင်မေ့တတ်တယ်ဆိုတာ အရမ်းကိုမှန်နေပြီ၊ ဘာဖြစ်လို့ ဒီလောက်တောင် မေ့တတ်နေရ‌ဘာလဲ၊ ကဲ… ကဲ… ရန်လင်းနဲ့ နင်ဖြစ်ပုံတွေကို နင်မေ့တတ်လို့ သတိမရသေးရင် ငါကပဲ ပြောပြပါ့မယ်ဟယ်’

ရွှေဖျိုင်းက အောင်ဖျူ့ တကယ်သတိမေ့နေသည့် အထင်နှင့် ရန်လင်းနှင့် လွန်ခဲ့သောရက်များက တွေ့ဆုံခဲ့ကြပုံကို ပြန်ပြောပြနေတော့သည်။

ရွှေဖျိုင်း ပြာပြတော့မှ အောင်ဖျူ့မှာလည်း နားလည်သဘောပေါက်သွားခဲ့သည်။

✤

(တစ်ဆယ့်နှစ်)

## Gold Heron

နောက်တစ်နေ့နံနက်တွင် အောင်သူရိန်မှာ သူ့အိမ်မှဖုန်းနှင့် မတွေ့ရတာကြာပြီဖြစ်သော သူ့သူငယ်ချင်း တင်မောင်သန်းထံသို့ ဖုန်းဆက်သည်။

‘ဟေ့ကောင်ကြီး… တင်မောင်သန်း၊ ငါ့ဆီကို ဘာဖြစ်လို့ မလာတာလဲကွ’

အောင်သူရိန်မှာ တစ်ဖက်မှ တင်အောင်သန်း၏ထူးသံအကြားတွင် အထက်ပါအတိုင်း ပြောနေသည်။

‘ဟင်… သေနာကျ၊ မေးမှ မေးရက်ပလေတယ်၊ နင့်ကောင်းမှုကြောင့် ငါ့မှာ အိမ်ထဲကုပ်နေရတာ တစ်ပတ်လောက်ရှိပြီ၊ မင်းကတော့ လာကြည့်ဖော်တောင်မရဘဲ အပြစ်ကတင်နေသေးတယ်၊ ဟွန်း…’



www.burmeseclassic.com

www.burmeseclassic.com



'ဟေ…မင်းပြောတာတွေ ငါ မသိဘူး၊ ဘာကိစ္စ အိမ်ထဲမှာ ကုပ်နေရတာလဲ၊ မင်းရဲ့အုံ့အင်ကြီးက ဆူလို့လား၊ ဒါမှမဟုတ် ဖျားနေလို့လား၊ ငါ့ကို အမှန်အတိုင်း သံတော်ဦးတင်စမ်း ဟဲ… ဟဲ'

အောင်သူရိန်မှာ တကယ်မသိ၍ မေးနေခြင်းဖြစ်သည်။

သူ့အယောင်ဆောင် အောင်ဗျူ၏ ဂေါက်သီးတံနှင့် ရိုက်မိ၍ တင်မောင်သန်း၏ညို့သကျည်းကို ထိမှန်၍ လမ်းမလျှောက်နိုင်ဘဲ ယခုလို အိမ်တွင်းအောင်းနေခြင်းကို သူ လုံးဝမသိ။

သို့သော် တင်မောင်သန်းကတော့ သူ့ကို အောင်သူရိန် တမင်အကြောင်ရိုက်၍ မေးနေသည်ထင်ကာ ဒေါကန်နေလေသည်။

'ဟေ့… သေနာကောင် သိလျက်သားနဲ့ မသိယောင်ဆောင်ပြီး မေးမနေနဲ့၊ မင်းစကား ဒီမှာတင်ရပ်၊ အခု ငါ့ကိုဖုန်းဆက်တာ ဘာကိစ္စရှိလို့လဲ'

'ဘာကိစ္စရှိရမှာလဲ၊ မင်းနဲ့ ဂေါက်မရိုက်ရတာ ကြာလှပြီမို့ ဂေါက်ကွင်းကိုသွားပြီး မင်းနဲ့အတူ ဂေါက်ရိုက်မလို့ပေါ့ တော့ရဲ့၊ ဟဲ… ဟဲ…'

အောင်သူရိန်ထံမှ ဂေါက်ရိုက်မည်ဟူသော စကားကြောင့် တင်မောင်သန်းမှာ အထိတ်တလန့် ဖြစ်သွားတော့သည်။





'ဟိုက်… မြတ်စွာဘုရား ကယ်တော်မူပါ၊ သူ ဂေါက်ကွင်းသွားဖို့ တပည့်တော်ကို ခေါ်နေပြန်ပြီ၊ ဒီတစ်ခါဆိုရင် ခြေထောက်ဟာ ဒဏ်ရာသာမကဘဲ တွင်တွင်ကျိုးတော့မှာပါကလား၊ ကယ်တော်မူကြပါ၊ ဒီအတိုင်း ထိုင်ကြည့်မနေကြပါနဲ့၊ ကြောက်လှပါပြီခင်ဗျ'

တင်မောင်သန်း၏အသံတွေမှာ တစ်ဖက်တွင် ဖုန်းခွက်ကိုင်ကာ နားထောင်နေသော အောင်သူရိန်မှာ အလုံးစုံကြားနေရသည်။

'ဟာ… ဟေ့ကောင်ကြီး၊ ဒါက ဘယ်လိုဖြစ်နေရတာလဲ၊ ပေါက်သွားလို့လား၊ ဒါမှမဟုတ် နင့်အခန်းထဲကို အယ်လ်ကိုင်းဒါးအကြမ်းဖက်သမားတွေဝင်လာလို့ အခုလို ကြောင်သွားရတာလားကွ၊ ဟား…. ဟား… ဟား… ဟား'

'ကြောင်တာ မဟုတ်ဘူးဟေ့၊ မင်းနဲ့ ဂေါက်သီးတွဲကစားရမှာကို ကြောက်လို့ကွ'

'ဟဲ… ဟဲ… ဒီတစ်ခါတော့ မကြောက်ပါနဲ့ကွာ၊ ငါက ဩစတေးလျမှာ အလုပ်ရှုပ်နေလို့ ဂေါက်မကစားဖြစ်တာ ကြာပါပြီ၊ ဒါကြောင့် ငါ့လက်တွေဟာ အရင်လို ကောင်းချင်မှ ကောင်းမှာမို့ မင်းဟာ မနိုင်စဖူး ငါ့ကို နိုင်နိုင်ပါတယ်ကွာ၊ ဒီတော့ ငါလာခေါ်မယ်၊ အိမ်ကသာ အမြီးကလေးကုပ်ပြီး စောင့်နေ'



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရိန်က ပြောပြောဆိုဆိုနှင့် ဖုန်းခွက်ကို ချလိုက်သည်။

တင်မောင်သန်းမှာ ဂေါက်ကွင်းသို့မလိုက်လိုကြောင်း ငြင်းမည်ကြံသော်လည်း ငြင်းခွင့်မရလိုက်တော့ပေ။

အောင်သူရိန်အနေနှင့် ဂေါက်ကွင်းသွား၍ ဂေါက်ရိုက်လိုခြင်းမှာ အခြားကြောင့်မဟုတ်ပေ။

ညက သူမက်ခဲ့သော အိပ်မက်ကြောင့်ဖြစ်သည်။ အိပ်မက်ထဲတွင် သူနှင့် တောသူမကလေးရွှေဖျိုင်းတို့ တစ်ဦးလက်ကိုတစ်ဦးဆွဲကိုင်ကာ မြစ်ကမ်းနဖြေတစ်လျှောက် ပျော်ရွှင်စွာပြေးလွှားဆော့ကစားနေသည်ဟု မက်ခဲ့၍ပင်။

အမှန်တော့လည်း သူမှာ ရွှေဖျိုင်းတို့ရွာတွင် နေခဲ့စဉ်က အိပ်မက်ထဲကအတိုင်း ကစားခဲ့ဖူးသည်။

ထိုသို့ တကယ်ပင် ကစားခဲ့ဖူး၍ ယခုလို အိပ်မက်ထဲတွင်မက်ပြခဲ့သည့်အခါ အောင်သူရိန်မှာ ရွှေဖျိုင်းကို အောက်မေ့သလိုလို ဖြစ်လာခဲ့သည်။

ရွှေဖျိုင်းကို အောက်မေ့၍ ရွာသို့သွားဖို့လည်း မဖြစ်ပေ။

ရွှေဖျိုင်းချစ်သူ အောင်ဖုန့က ရောက်နေပြီမဟုတ်လော။

တစ်ဖန် သူ့မှာကလည်း လူကြီးချင်းစေ့စပ်ထားသော ချစ်သူ ချစ်ရည်ဝင်းလွဲ့ ရှိနေသည်မဟုတ်လော။

ယခင်ကတော့ အောင်သူရိန်မှာ ချစ်ရည်ဝင်းလွဲ့ကလွဲ၍





အခြားအမျိုးသမီးများကို စိတ်ဝင်စားခဲ့သူ မဟုတ်ပေ။

ယခု ရွှေဖျိုင်းတည်းဟူသော အလှပဂေး တောသူကလေးကိုတွေ့တော့ နောက်ထပ် သူစိတ်ဝင်စားရမည့် အမျိုးသမီးတစ်ဦး တိုးပွားလာသည်ဟု ထင်မိသည်။

ထို့ကြောင့် သူ ဂေါက်ကွင်းသို့သွားလိုသော အကြောင်းကတော့-

(တစ်) ညကမက်ခဲ့သောအိပ်မက်ကြောင့် ရွှေဖျိုင်းအား သတိရအောက်မေ့နေခြင်းကို မေ့ပျောက်စေရန်

(နှစ်) မရိုက်ဖြစ်တာကြာလှပြီဖြစ်သော ဂေါက်ကိုလည်း ရိုက်လိုခြင်းကြောင့်နှင့်

(သုံး) သူ့ သူငယ်ချင်း တင်မောင်သန်းမှာ သူ ဩစတေးလျနိုင်ငံမှပြန်လာကတည်းက မတွေ့ရသေး၍ တွေ့လိုစိတ်ကြောင့်တစ်ကြောင်း။

ထိုသို့သော အကြောင်းသုံးချက်ကြောင့် ဂေါက်ကွင်းကို သွားခြင်းပင်။

အောင်သူရိန်မှာ ဂေါက်အိတ်ကြီးကိုဆွဲ၍ အိမ်ပေါ်ထပ်မှ ဆင်းလာခဲ့သည်။

'အလို… သား ဂေါက်ရိုက်သွားမလို့လား'

အောက်ထပ်တွင်ရှိနေသော သူ့မိခင်ဒေါ်မြနှင်းရီက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် မေမေ၊ သား ဂေါက်ကွင်းမသွားတာ ကြာလှပြီမို့ သွားမှာပါ'

ထိုစကားကိုကြားရလျှင် အနီးတွင်ရှိနေသော ဦးသက်ထွန်းမောင်က အံ့သြသံနှင့် လှမ်းပြောနေသည်။

'ဟ… သားရ ဟိုတစ်ပတ်တုန်းကလည်း တင်မောင်သန်းလာခေါ်လို့ သားသွားခဲ့တယ်လေ၊ သားက တယ်မေ့တတ်တာကိုး၊ ဟဲ… ဟဲ'

အောင်သူရိန်မှာလည်း ဖခင်ကြီး၏စကားကြောင့် လျှော့ချလိုက်ရပြန်သည်။

'အဲ… ဟုတ်သားပဲ၊ သားက မေ့ပြီးပြောလိုက်မိတာပါ၊ ဖေဖေ့ကားကို သားယူသွားမယ်နော်'

'ဟေ… မင်း ကားမောင်းချင်ပြီလား၊ မင်း ပြန်လာစတုန်းကတော့ ဒီရန်ကုန်မှာ ကားတွေကလည်းရှုပ်၊ လမ်းစည်းကမ်းဥပဒေကလည်းတင်းကျပ်လို့ ကားမမောင်းသေးဘဲ လေ့လာဦးမယ်ဆို'

ထိုအမေးအတွက်လည်း အောင်သူရိန်မှာ လျှော့ချလိုက်ရပြန်သည်။

'ဟုတ်ကဲ့… သား လေ့လာလို့ပြီးပြီမို့ ဒီကနေ့တော့ အစမ်းမောင်းကြည့်မလို့ပါ ဖေဖေ'

သူတို့ ပြောနေခိုက်မှာပင် ချစ်ရည်ဝင်းလဲ့မှာ သူမကိုယ်





ပိုင်မောင်းသောကားနှင့် ရောက်လာခဲ့သည်။

'ဟော… သမီးချစ်ရည်ဝင်းလဲ့ ရောက်လာပြီ၊ သူ့ကားနဲ့ ဂေါက်ကွင်းမသွားဘူးလား'

ဦးသက်ထွန်းမောင်က အောင်သူရိန်ကို မေးနေသည်။

'သူ့ကားနဲ့တော့ မသွားဘူး၊ သူ့ကားကို ဒီမှာထားပြီး ဖေဖေ့ပါဂျဲရိုးနဲ့ပဲသွားမယ်၊ သူ့ကိုလည်း ခေါ်သွားမယ် ဖေဖေ'

အောင်သူရိန် ပြောနေစဉ် ချစ်ရည်ဝင်းလဲ့မှာ သူတို့အိမ်းသို့ ရောက်လာသည်။

ဂေါ့ဖ်အိတ်ကြီးဆွဲကာ ရပ်နေသော အောင်သူရိန်ကိုမြင်လျှင် ချစ်ရည်ဝင်းလဲ့ မေးသည်။

'ကို အခု ဂေါက်ကွင်းသွားမလို့လားဟင်'

'ဟုတ်တယ်… ရွှေဗျိုင်းရဲ့ ကိုကို၊ ဟိုက်…'

အောင်သူရိန်မှာ သူမှားချေါ်လိုက်မိသော အမည်ကြောင့် ဟိုက်ခနဲအာမေဋိတ်သံပေးကာ ဒက်သိစတော့နဲ့ ရပ်ပစ်လိုက်ရသည်။ အမှန်တော့ သူ့စိတ်တွင်းမှ ပြောသည်က 'ဟုတ်တယ် ဝင်းလဲ့ရဲ့' ဟု ပြောရန်ပင်။

သို့သော် နှုတ်ကတော့ သူစိတ်စွဲနေသော ရွှေဗျိုင်းအမည် ထွက်သွားခဲ့သည်။

'အို… ကိုကို ညီမကို ဘယ်လိုခေါ်လိုက်တာလဲ၊ ဘာလဲ… ညီမကို ငှက်တိရစ္ဆာန်လို သဘောထားပြီး ရွှေဗျိုင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်တာလား၊ ပြောစမ်း'

ချစ်ရည်ဝင်းလွဲက မခံချင်သံကလေးနှင့် အောင်သူရိန်ကို မေးနေသည်။

'မဟုတ်ပါဘူးကွာ… ယောင်ပြီးခေါ်မိတာပါ'

အောင်သူရိန်က ရှုံ့မဲ့ဆည်၍ ပြန်ပြောနေသည်။

သူ့မိဘများကတော့ သူတို့ကိုကြည့်ပြီး ရယ်နေကြသည်။

'အဲဒီ ယောင်တယ်ဆိုတာက ဘယ်လိုကြောင့်လဲ၊ ရွှေဗျိုင်းဆိုတာက ညီမထင်သလို ငှက်တိရစ္ဆာန်မဟုတ်ဘဲ အမျိုးသမီးရဲ့အမည် ဖြစ်နေလို့လား'

ချစ်ရည်ဝင်းလွဲက ထင်ကြေးနှင့် ပြောနေသော်လည်း အောင်သူရိန်အတွက် ထိုထင်ကြေးမှာ ဘဝင်မအေးစရာမို့ ရင်လေးကာသွားခဲ့ရသည်။

'ညီမမေးနေတာကို ဖြေလေ ကိုကို'

ချစ်ရည်ဝင်းလွဲ ထပ်မံ၍မေးနေသည်။

အမေးပုစ္ဆာက မနေ့ထုတ်ကာ မေးနေတော့ အောင်သူရိန်မှာလည်း အဖြေအတွက် အမြန်စဉ်းစားကာ ဖြေရတော့သည်။

'ကိုင်း… ဒီလောက်သိချင်ရင်လည်း ပြောပြရတာပေါ့၊ ဒီလို ညီမရဲ့၊ ကိုကို ဩစတေးလျမှာနေတုန်းကပေါ့၊ တစ်နေ့





တော့ သူငယ်ချင်းတွေနဲ့အတူ ဩစတေးလျနိုင်ငံရဲ့ ပင်လယ်ကမ်းခြေကို အပျော်ခရီး ထွက်ခဲ့ကြတယ်၊ အဲဒီလို ထွက်လာခိုက်မှာပဲ ကိုကိုတို့ရှိနေကြတဲ့ ပင်လယ်ကမ်းခြေဆီကို ဗျိုင်းတစ်အုပ်ရုတ်တရက်ပျံလာခဲ့ကြတယ်၊ အဲဒီအထဲမှာ ဗျိုင်းတစ်ကောင်ဟာ ဗျိုင်းတို့အရောင် ဖြူဖြူဖွေးဖွေး မဟုတ်ဘဲ ရွှေရောင်ကြီးနဲ့ဖြစ်နေလို့ ပင်လယ်ကမ်းခြေကလူတွေက Gold Heron (ဂိုးဒ်ဟဲရွန်း) ရွှေဗျိုင်းလို့ ဝိုင်းအော်ကြတယ်လေ၊ အဲဒီရွှေဗျိုင်းကို ကိုကို ညတုန်းက အိပ်မက်ထဲမှာ မက်ခဲ့လို့ ညီမကိုယောင်ပြီး ရွှေဗျိုင်းလို့ ခေါ်လိုက်မိတာပါကွယ်၊ ညီမကို ငှက်တိရစ္ဆာန်နဲ့ နှိုင်းလိုက်တာ မဟုတ်ပါဘူး၊ ဆောရီးပဲနော်'

အောင်သူရိန်က ချစ်ရည်ဝင်းလွဲ စိတ်ကျေနပ်စေရန် ကြံဖန်၍ အမြန်စဉ်းစားကာ အဖြေပေးလိုက်ရသည်။

'အဲဒီ ရွှေဗျိုင်းငှက်ကလေးက သိပ်လှသလား သားရဲ့'

မိခင်ဖြစ်သူ ဒေါ်မြနှင်းရီက စိတ်ဝင်စားသံနှင့် အောင်သူရိန်ကို မေးနေသည်။

'ဟာ… အရမ်းလှတာ မေမေရဲ့၊ ဒါကြောင့် လူတွေက ဝိုင်းအော်ကြတာပေါ့'

'အိန်း… သားမြင်ရတဲ့ ရွှေအဆင်းရှိတဲ့ရွှေဗျိုင်း ဘယ်လောက်ပဲလှလှ ငါ့သမီးချစ်ရည်ဝင်းလွဲရဲ့အလှကိုတော့ မီမယ်မထင်ပါဘူးကွာ၊ ဟား… ဟား… ဟား… ဟား'



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထွန်းမောင် အရှန်းဝင်ဖောက်လိုက်သည်။

သူတို့တစ်တွေလည်း ရယ်နေသည်။

'ကဲ… ဖေဖေနဲ့မေမေ သား ဂေါက်ကွင်းကိုသွားတော့မယ်၊ ညီမရော လိုက်မယ်မဟုတ်လား၊ လိုက်ရင် ညီမကားကိုထားပြီး ကိုကိုနဲ့လိုက်ခဲ့တော့'

ချစ်ရည်ဝင်းလဲ့လည်း အောင်သူရိန်ပြောသည့်အတိုင်း သူမ၏ကားကိုထား၍ လိုက်သွားခဲ့သည်။

အောင်သူရိန်မှာ တင်မောင်သန်းကိုပါဝင်ခေါ်၍ ဂေါက်ကွင်းသို့ သူ့ကားကို မောင်းသွားခဲ့သည်။

'ဒီကောင်က ကိုကိုနဲ့ ဂေါက်ပြိုင်ရိုက်ရမှာ ကြောက်နေလို့ ဂေါက်မရိုက်ချင်ဘူးလို့ ဖုန်းထဲက ငြင်းနေသေးတယ် ညီမရဲ့'

အောင်သူရိန်မှာ တင်မောင်သန်းကို ဝင်ခေါ်ခဲ့ပြီးနောက် ဂေါက်ကွင်းရှိရာသို့သွားခိုက် အထက်ပါအတိုင်း ချစ်ရည်ဝင်းလဲ့ကို ပြောပြနေသည်။

ထိုစကားကို တင်မောင်သန်းကြားရလျှင် ပြန်ပြောသည်။

'ငါက မင်းနဲ့ ဂေါက်ရိုက်ရမှာကို ကြောက်လို့ ငြင်းနေတာ မဟုတ်ဘူး၊ မင်းရဲ့ဂေါက်တံ မှန်မှာကြောက်လို့ ငြင်းနေတာကွ၊ ခွေးကောင်ရဲ့…'





'အပိုတွေ ပြောနေစမ်းပါနဲ့ တင်မောင်သန်းရာ၊ မင်းဟာ ဂေါက်ရိုက်တိုင်း ငါ့ကိုအမြဲရှုံးနေလို့မယှဉ်ရဲတော့ဘဲ အခုလိုပေါက်တတ်ကရစကားတွေပြောနေတာမဟုတ်လား၊ ဟား… ဟား… ဟား… ဟား'

ဤအကြိမ်တွင် ကားနောက်ကူရှင်ခုံပေါ်တွင် ထိုင်နေသည့် တင်မောင်သန်းမှာ မည်သို့မျှပြန်မပြောတော့ဘဲ သူ့မျက်နှာကိုသာ မဲ့ပြနေသည်။

'ကဲ…တင်မောင်သန်း၊ မင်း အရင်ရိုက်မှာလား၊ ငါ အရင်ရိုက်ရမှာလား'

အောင်သူရိန်မှာ ဂေါက်ကွင်းသို့ ရောက်ပြီးနောက် ဂေါက်ရိုက်ရန်အတွက် ဂေါက်တံကိုထုတ်ယူရင်း တင်မောင်သန်းကို မေးနေသည်။

'မင်းပဲ အရင်ရိုက်ပါ၊ နောက်မှ ငါရိုက်မယ်'

'သြော်ရိုက်… ဒါဆိုရင် ငါစပြီးရိုက်တော့မယ်၊ သေသေချာချာသာကြည့်ထား၊ Hit the ball into a hole. ဖြစ်သွားအောင် တစ်ချက်တည်းနဲ့ ရိုက်ပြမယ်'

အောင်သူရိန်က ခပ်ကြွားကြွားကလေးပြောရင်း ဂေါက်တံနှင့်ဂေါက်သီးကို ရိုက်ရန်ပြင်သည်။

တင်မောင်သန်းကတော့ အောင်သူရိန် ဂေါက်သီးမရိုက်မီ အရင်လို သူ့ညီ့သကျည်းကို ဂေါက်တံနှင့် မထိစေရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



သံခေါက်ကုလားထိုင်တစ်လုံးကိုယူကာ သူ့ရှေ့တွင် ထောင်ထား ပြီး သူကတော့ ခေါက်ကုလားထိုင်နောက်၌ ပုန်းနေတော့သည်။

အောင်သူရိန်မှာ တင်မောင်သန်း၏ အပြုအမူကြောင့် အံ့သြသံနှင့် လှမ်းမေးနေသည်။

'ဟေ့ကောင်ကြီး… ဒါက ဘာလုပ်နေရတာလဲ ကတည်းကွာ… မင်းပြုမူပုံကိုကြည့်ရတာ စစ်မြေပြင်မှာ သတင်း ဓာတ်ပုံသွားယူကြတဲ့ ဓာတ်ပုံသတင်းထောက်တွေလို ကုလား ထိုင်ကို ကာဗာယူပြီး ပုန်းနေလိုက်တာ၊ မင်းကိုယ်မင်း စစ်မြေ ပြင်ကိုရောက်နေတယ်ထင်လို့လား ခောက်ရူးရဲ့၊ ဒါဟာ ဘေး ကင်းတဲ့ဂေါက်ကွင်း၊ ရူးသလိုပေါသလိုလို လုပ်မနေနဲ့ကွ'

ချစ်ရည်ဝင်းလဲ့ကတော့ သူတို့ကိုကြည့်၍ ရယ်နေ သည်။

'ရူးသလိုလို ပေါသလိုလိုလုပ်နေတာ မဟုတ်ဘူးဟေ့၊ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ရမယ်တဲ့၊ ဒါကြောင့် အခုလို ဝပ်နေတာကွ'

'ခက်လိုက်တာ တင်မောင်သန်းရာ၊ အဲဒီစကားတွေ မင်းပြောရအောင် ဘာတွေများ မင်း ဖြစ်ထားလို့လဲ၊ ပြောစမ်း'

'ဟော… မင်း မသိဘူးလား၊ အေးလေ… မင်းကတော့ ခံရတဲ့ကောင်မှမဟုတ်ဘဲ၊ မေ့ထားနိုင်တာပေါ့၊ ငါက ခံရတဲ့ ကောင်ဆိုတဲ့ **နဲ့ဗားဖော်ဂက်(တ်)** ဘယ်တော့မှ မမေ့နိုင်ဘူး'





တင်မောင်သန်းမှာ ပြောရင်း ဝပ်နေရာမှထကာ အောင် …ကြောင့် ဂေါက်တံမှန်ထားခဲ့သော သူ့ညို့သကျည်းကိုပြရန် …ဆိုးကို မ,ယူလိုက်သည်။

'တွေ့လား… ဒီမယ် မင်းရဲ့ဂေါက်တံကြောင့် ကံ …ကောင်းလို့ ငါ့မှာခြေမကျိုးခဲ့တာ၊ အခုထက်ထိ ဆေးပတ်တီး …ည်းထားရတာကိုသာ မင်း ကြည့်ပေတော့'

ထိုအခါတွင်တော့ အောင်သူရိန်မှာ ရိပ်မိသွားခဲ့သည်။ သူ့အယောင်ဆောင် တောသားအောင်ဗျူ့လက်ချက်မှန်း သိသွားတော့သည်။

'အင်း…. တောသားအောင်ဗျူ့ကတော့ မဟုတ်က …တ်ကတွေတော့ အတော်လုပ်တဲ့ကောင်ပဲ၊ တင်မောင်သန်းပြော …ထောက်တော့ ဒီကောင်ဟာ ဂေါက်မရိုက်တတ်ဘဲ ဂေါက်လာ …ရိုက်လို့ အခုလို တင်မောင်သန်းရဲ့ ညို့သကျည်းကို ရိုက်မိတာပဲ၊ …ဒီတော့ ငါဟာ အောင်…ကိုယ်စား တင်မောင်သန်းကို တောင်း …န်မှပဲ'

အောင်သူရိန် စိတ်တွင်းမှပြောရင်း တင်မောင်သန်းကို …တောင်းပန်နေတော့သည်။

'ဆောရီးကွာ… မင်း အခုလောက် ဒဏ်ရာပြင်းပြင်း …ရမယ်မထင်လို့ ငါ့လက်ကဂေါက်တံကို မင်းဆီ တမင်ပစ်လိုက် …တာပါ၊ အရိုးတွေဘာတွေတော့ ကျိုးမသွားဘူးမဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ငါ စိတ်မကောင်းပါဘူးကွာ

အောင်သူရိန်၏တောင်းပန်မှုကြောင့် တင်မောင်သန်းလည်း ကျေနပ်သွားတော့သည်။

သူတို့သုံးဦးသား ဝေါက်ရိုက်ကြပြီးနောက် နာမည်ကြီးစားသောက်ဆိုင်တွင် နံနက်စာ စားနေကြသည်။

(တစ်ဆယ့်သုံး)

## အချစ်ခွဲတမ်းချခြင်းလော

အောင်သူရိန်က တောသူမကလေး ရွှေဖျိုင်းကို မမေ့နိုင်ဘဲ သတိရနေသလို တောသား အောင်ဗျူဟာလည်း မြို့ကြီးသူ ချစ်ရည်ဝင်းလဲ့ကို မေ့မရနိုင်ဖြစ်နေသည်။

ချစ်ရည်ဝင်းလဲ့ကို မေ့မရဖြစ်နေ၍ ရန်ကုန်မြို့သို့ မည်သည့်အကြောင်းပြကာ သွားရမည်ကို အမျိုးမျိုး စဉ်းစားကြည့်နေသည်။

ရန်ကုန်မြို့သို့ သူသွားလျှင် ရွှေဖျိုင်းက ရွာတွင်နေခဲ့မည်မဟုတ်။

သူနှင့် အတင်းလိုက်မည်သာ။

သည်တော့ ရွှေဖျိုင်းလိုက်လိုက လိုက်ပစေ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့သို့ရောက်လျှင် ရွှေဖျိုင်းကို တည်းခိုခန်းတွင်ထားခဲ့ပြီး သူတစ်ဦးတည်း အောင်သူရိန်၏ အိမ်သို့သွားရန် ဆုံးဖြတ်ထားသည်။

အောင်သူရိန်နှင့် လူကြီးမိဘများ မသိရှိ မရိပ်မိကြခင် ရန်တွေ့ဆုံဖို့ အောင်ဖျူ စိတ်ကူးထားသည်။

မည်သို့သောအကြောင်းတွေကြောင့်မသိ၊ သူ ချစ်ရည်ဝင်းလှဲ့ကို စွဲလမ်းနေသလို အောင်သူရိန်မှာလည်း ရွှေဖျိုင်းကို စွဲလမ်းနေလိမ့်မည်ဟု အလိုလို ထင်မြင်နေသည်။

သူတို့နှစ်ဦးမှာ ရပ်ရည်ချင်းချတ်စွပ်တူညီရုံမကဘဲ စိတ်ချင်းလည်းတူညီနေကြမည်ဟု သူက ထင်နေသည်။

အောင်သူရိန်၏စိတ်ထဲတွင် ရွှေဖျိုင်းနှင့် မတွေ့မီက သူ၏ဖူးစာရှင်မှာ ချစ်ရည်ဝင်းလှဲ့ဟု ထင်မှတ်ထားခဲ့သည်။

သူ့လိုပင် အောင်ဖျူမှာလည်း သူ၏ဖူးစာရှင်မှာရွှေဖျိုင်းသာဖြစ်ရမည်ဟု ကျိန်းသေတွက်ဆထားခဲ့သည်။

သို့သော် ဖူးစာကံဟူသည်မှာ ဆန်းကြယ်လှသည်။

မျှော်လင့်ထားသော ကိစ္စတွေမှာ မျှော်လင့်သည့်အတိုင်းဖြစ်မလာသလို မမျှော်လင့်သော ကိစ္စတွေကလည်း ရုတ်တရက်ဖြစ်ပေါ်လာတတ်သည်။

အောင်သူရိန်နှင့် အောင်ဖျူတို့မှာလည်း ထိုအတိုင်းပင်ဖြစ်နေသည်။





တစ်နေ့တွင် အောင်ဖျူက မိခင်ဖြစ်သူ ဒေါ်အေးနွယ်အား ဤသို့ပြောကာ ခွင့်တောင်းသည်။

'အမေ… သား ရန်ကုန်ကို သွားလိုက်ဦးမယ်၊ တခြားကိစ္စကြောင့်တော့ မဟုတ်ပါဘူး၊ သားရဲ့ ပတ်(စ်)ဘွတ်ခ်ကို သက်တမ်း သွားတိုးဖို့ပါ'

'သားပြောတဲ့ ဘိုစကားကို အမေနားမလည်ပါဘူး၊ သွားချင်ရင်သွားပေါ့၊ အဲ… သိပ်တော့ မကြာစေနဲ့၊ ရွှေဖျိုင်းကိုရော ခေါ်သွားမလား'

ဒေါ်အေးနွယ်က ခွင့်ပြုနေသည်။

'အဟဲ… ကျွန်တော်မခေါ်လည်း မိဖျိုင်းက လိုက်မှာမို့ ခေါ်သွားမယ်လေ၊ အမေ ဘာမှာဦးမလဲ၊ လိုချင်တာရှိရင် မှာလိုက်လေ၊ သား အပြန်မှာ ဝယ်လာခဲ့မယ်'

'အမေ မမှာတတ်ပါဘူး၊ သားဝယ်ချင်တာသာ ဝယ်ခဲ့ပေါ့၊ အဲ… အဲ… အခုအချိန် ရန်ကုန်မှာ ဒူးရင်းသီးတွေ ပေါချင်ပေါနေမှာ၊ ဒီတော့ အမေကိုးကွယ်တဲ့ ဆရာတော်အတွက် တစ်လုံးလောက်တော့ ဝယ်ခဲ့ပေါ့'

ဒေါ်အေးနွယ်ထံမှ သွားခွင့်ရ၍ အောင်ဖျူမှာ ရွှေဖျိုင်းနှင့်အတူ ဟသ်ာတမြို့သို့ ထွက်လာခဲ့သည်။

ဟသ်ာတမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ သင်္ဘောနှင့် သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့သို့ရောက်လျှင် ရွှေဗျိုင်းကို သူတို့နှင့်အသိ ဦးသာလှ၏လက်ဖက်ရည်ဆိုင်တွင် ထားခဲ့ပြီး သူကတော့ အောင်သူရိန်၏မိဘများနေထိုင်ရာ ကမ္ဘာ့ဧလမ်းသို့ ကကအငှားယာဉ်နှင့်သွားခဲ့သည်။

သူ့စိတ်ထဲတွင် အောင်သူရိန့်အိမ်၌ ရှိမည်မထင်ပေ။

အချိန်ကလည်း နံနက် ကိုးနာရီကျော်ခန့်မို့ ဂေါက်ရိုက်ဝါသနာပါသော အောင်သူရိန်မှာ ဂေါက်ကွင်းသာရှိနေမည်ဟု အောင်ဗျူဟက ယုံကြည်နေသည်။

သို့ဖြစ်၍ သူငှားလာခဲ့သော ကကအငှားယာဉ်ကို ခြံထဲသို့အဝင်မခိုင်းဘဲ ခြံဝ၌သာရပ်ခိုင်းသည်။

ကကဒရိုင်ဘာအား ကျသင့်ငွေကိုပေး၍ အောင်သူရိန်တို့ ခြံတွင်းသို့ ဝင်သွားခဲ့သည်။

တိုက်တွင်းသို့ သူအရောက်တွင် အောင်သူရိန်၏ မိဘနှစ်ပါးနှင့် ဧည့်ခန်းဝတွင် ဆုံမိကြသည်။

'ဟ… သား အခု ဘယ်ကပြန်လာတာလဲ၊ ဖေဖေတို့က အိမ်အပေါ်မှာပဲ သားရှိနေသေးတယ်ထင်နေတာ'

ဦးသက်ထွန်းမောင်က အံ့သြသံနှင့် အောင်ဗျူဟကို မေးနေသည်။ ထိုအမေးကြောင့် အောင်ဗျူဟမှာ ရုတ်တရက် မည်သို့ပြန်ဖြေရမည်မသိ ဖြစ်နေသေးသည်။

နောက်မှ ပါးစပ်ထဲတွေ့ရာကို ဖြေချလိုက်သည်။





'ဪ… ဒါ… ဒါ… ဒါကတော့ မ… မနက်တုန်းက သားဆီကို တင်မောင်သန်းဖုန်းဆက်ပြီးခေါ်လို့ ဖေဖေတို့မနိုးခင် သား သွားခဲ့လို့ပါ'

'ဪ… ဒီလိုလား၊ အခု သားပြန်လာတာကကောတွယ်၊ သားဝတ်ထားတဲ့ အဝတ်တွေကလည်း ကြွေမွနေတာပဲ'

'အဟီး… ကြွေမွဆို သားလည်း ညကဝတ်ပြီးအိပ်ခဲ့တဲ့ အဝတ်တွေနဲ့ပဲ သွားခဲ့တာကို၊ အခုမှ အဝတ်ပြန်လဲမလို့ ပြန်လာတာပါ၊ ပြီးရင် တင်မောင်သန်းဆီကို ပြန်သွားရဦးမယ် ဖေဖေ'

အောင်ဗျူဟပြောရင်း အိမ်ပေါ်ထပ်သို့ အပြေးကလေး တက်သွားခဲ့သည်။ သူ အိမ်ပေါ်ထပ်သို့ တက်ချိန်တွင် အောင်သူရိန်မှာ အိပ်ခန်းနှင့်တွဲထားသော ရေချိုးခန်းထဲတွင် ရေချိုးကောင်းနေဆဲဖြစ်သည်။

အောင်ဗျူဟကတော့ မသိသေးဘဲ အောင်သူရိန်၏ အိပ်ခန်းကိုဖွင့်၍ ဝင်သွားခဲ့သည်။

အိပ်ခန်းထဲသို့ရောက်လျှင် သူသည် အကြောဆန့်ချင်သဖြင့် ခုတင်ပေါ်တွင် သူ့ကိုယ်ကြီးကို ပစ်လှဲကာ မျက်စိကိုမှိန်းလျက် ဖိမ်ခံနေသည်။

အောင်သူရိန်မှာ အောင်ဗျူဟရောက်နေသည်ကို မသိ၍ ရေချိုးအပြီး၌ သူ၏ရေစိုနေသောကိုယ်ကို မျက်နှာသုတ်ပဝါနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပွတ်တိုက်ရင်း ရေချိုးခန်းတံခါးကိုဖွင့်၍ အိပ်ခန်းသို့ ဝင်လာသည်။ ဤတွင် သူ၏ခုတင်ပေါ်တွင် ပက်လက်လှန်ကာ ဖိမ်ခံနေသောအောင်ဗျူရှကို ပထမဆုံးအကြိမ် သူ မြင်သွားခဲ့သည်။

သူ၏နှုတ်ဖျားမှလည်း 'ဟယ်'ခနဲ ထွက်သွားခဲ့သည်။

သူ၏အသံကြောင့် ခုတင်ပေါ်တွင် ပက်လက်လှန်ကာ ဖိမ်ခံနေသော အောင်ဗျူရှမှာလည်း ချက်ချင်းထထိုင်လိုက်မိသည်။

အောင်သူရိန်က အောင်ဗျူရှကို လက်ညှိုးထိုးရင်း ပြောသည်။

'မင်း… မင်း… အောင်သူရိန်'

'ခင်… ခင်ဗျားက အောင်ဗျူရှ'

အောင်ဗျူရှကလည်း သူ့ကို ပြန်ပြောနေသည်။

နှစ်ဦးစလုံး နာမည်တွေလည်း မှားခေါ်လိုက်သည်။

'ဟာ…ဘယ်ကလာ အောင်ဗျူရှရမှာလဲ၊ ငါက အောင်သူရိန်လေ'

'အဲ… ဟုတ်သားပဲ၊ ခင်ဗျားကစပြီး မှားခေါ်တော့ ကျွန်တော်ပါရောယောင်ပြီး ခေါ်လိုက်မိတာပဲ'

'အေး… အေး… ဟုတ်တယ်၊ မင်းက အောင်သူရိန်၊ ငါက အောင်ဗျူရှ'

'မဟုတ်ဘူးလေ… မှားနေပြန်ပြီ၊ ကျွန်တော်က အောင်သူရိန် ခင်ဗျားက အောင်ဗျူရှ'





'အာ… မဟုတ်ဘူး၊ မင်းက…'

'ဟုတ်တယ်… ကျွန်တော်က အောင်သူရိန်'

'မဟုတ်ဘူးလေ… ငါက အောင်သူရိန်၊ မင်းက အောင်ဗျူရှ'

'ဟုတ်တယ်… ဟုတ်တယ်… ခင်ဗျားက အောင်ဗျူရှ၊ ကျွန်တော်က… ဟာ… မဟုတ်ဘူး… မဟုတ်ဘူး၊ မှားနေပြန်ပြီ'

သူတို့နှစ်ဦး အမည်မှန်ဆီကို မရောက်ကြဘဲ အံ့အားသင့်နေသောစိတ်တွေကြောင့် မဟုတ်ဘူး၊ ဟုတ်တယ် လုပ်နေခိုက် အပြင်ဘက်မှ ဦးသက်ထွန်းမောင်၏မေးသံ ပေါ်လာခဲ့သည်။

'ဟေ့ သား… အခန်းထဲမှာ ဘယ်သူနဲ့ စကားပြောနေတာလဲဟင်'

ထိုမေးသံကြောင့် နှစ်ဦးသား မျက်လုံးပြူးကုန်ကြသည်။

'ဟာ… ဒုက္ခပဲ၊ တို့အသံတွေ ဖေဖေ ကြားသွားပြီထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ'

အောင်သူရိန်က စိတ်ပူသံနှင့် အောင်ဗျူရှကို ပြောနေသည်။

'ဘာမှလုပ်မနေနဲ့၊ ကျွန်တော် ခင်ဗျားရဲ့ ခုတင်အောက်မှာ ဝင်ပုန်းနေမယ်'



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖျူဝ္ပပြောရင်း ခုတင်အောက်သို့ ပုန်းရန်ပြင်သည်။

အောင်သူရိန်က နောက်မှဆွဲထားရင်း ပြောသည်။

'ဟာ…ဟေ့…ဒီခုတင်အောက်မှာ ပုန်းမနေနဲ့၊ မလုံခြုံဘူး၊ ရေချိုးခန်းထဲမှာသာ သွားပုန်းနေ'

အောင်သူရိန် ပြောသည့်အတိုင်း အောင်ဖျူဝ္ပမှာ ရေချိုးခန်းသို့အပြေးသွားကာ ပုန်းနေလိုက်ရသည်။

အောင်သူရိန်လည်း ပိတ်ထားသော သူ၏အိပ်ခန်းတံခါးကို သွား၍ဖွင့်သည်။ အခန်းဝတွင် သူ၏ဖခင်ကြီး ရပ်နေသည်ကို တွေ့ရသည်။

'သား အခန်းထဲမှာ ဘယ်ကချေ့သည် ရောက်နေတာလဲ'

ဦးသက်ထွန်းမောင်က အောင်သူရိန်ကို မေးနေသည်။

'ဘယ်သူမှ မရောက်ပါဘူး ဖေဖေရဲ့၊ ဘာဖြစ်လို့ မေးတာလဲ ဖေဖေ'

'ဘာဖြစ်ရမှာလဲ… ဖေဖေ ဒီအိမ်ပေါ်ကို တက်လာတုန်းက သားရဲ့အခန်းထဲမှာ မဟုတ်ဘူး၊ ဟုတ်တယ် ဆိုတဲ့ ငြင်းခုန်သံတွေ ကြားရလို့ပေါ့'

ဖခင်ကြီး၏စကားကြောင့် အောင်သူရိန်မှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

ပြီးမှ အဆင်ပြေအောင် အမြန်ပြန်ပြောလိုက်ရသည်။





'ဟာ… ဖေဖေကလည်း အဲဒီ ဖေဖေကြားတဲ့အသံတွေဟာ သား စောစောကဖွင့်နေတဲ့ FM ရေဒီယိုက လာတဲ့အသံတွေပါ၊ ဒါကို ဖေဖေက ချေ့သည်နဲ့သားပြောတဲ့ အသံတွေ ထင်နေတာကိုး၊ ဟား… ဟား…. ဟား… ဟား…'

သူ့အပြောကို ဖခင်ဦးသက်မောင်က သံသယမဝင်ဘဲ ယုံကြည်သွားခဲ့သည်။

'ဩော်… ဒီလိုလား၊ ဖေဖေက ချေ့သည်နဲ့ စကားပြောနေတယ် ထင်လို့ပါ၊ ဒါထက် နေပါဦး၊ သားကို ကြည့်ရတာ ရေချိုးနေတယ်နဲ့တူတယ်'

'ဟုတ်တယ် ဖေဖေ'

'၁… ခင်းဟာက မဟုတ်သေးပါဘူး၊ ခုနင်ကမှ အပြင်က ပြန်လာခဲ့တာ လေးမိနစ်လောက်ပဲရှိဦးမယ်၊ အခု ရေချိုးခန်းက ထွက်လာတယ်ဆိုတော့ သားရေချိုးတာ မမြန်လွန်းဘူးလား'

'ဟာ… ဖေဖေကလည်း ရေချိုးတာ ဒီလောက်မြန်ပါ့မလား၊ ဖေဖေ့ရဲ့အသံကြားလို့ သား တစ်ပိုင်းတစ်စနဲ့ ရေချိုးခန်းက ထွက်လာခဲ့တာပါ'

အောင်သူရိန်က ဖခင်ကြီးကို လိမ်ညာလိုက်ရသည်။

'ဩော်… ဩော်… ဒါဆို ငါ သွားတော့မယ်'

'ဒါ ဖေဖေကော ဒီအိမ်ပေါ်ထပ်ကို ဘာလာလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ထဲ။ သားစိတ်ထဲမှာ ဖေဖေ ဆေးခန်းကိုသွားပြီလို့ ထင်နေတာ'

'ဖေဖေလည်း သွားမလို့ပဲ၊ ဒီကနေ့ ဖေဖေနဲ့တွေ့ရမယ့် လူနာတစ်ယောက်ရဲ့ဆေးမှတ်တမ်း အိပ်ခန်းမှာကျန်နေခဲ့လို့ တက်အယူမှာ သားရဲ့အခန်းက အသံတွေကြားရလို့ လာမေးတာပါ၊ 'ကဲ... ကဲ... သားလည်း ရေဆက်ချိုးတော့၊ ဖေဖေ ဆေးခန်း သွားမယ်'

ဖခင်ကြီးထွက်သွားလျှင် အောင်သူရိန်လည်း အခန်းတံခါးကိုပြန်ပိတ်ကာ အောင်ဇေယျာရှိနေသော ရေချိုးခန်းကို ခေါက်၍ပြောနေသည်။

'ဟေ့... အထဲကကောင် ဖေဖေ ထွက်သွားပြီ၊ ရေချိုးခန်းထဲက ထွက်လာတော့'

အောင်သူရိန်၏ပြောသံကြောင့် အောင်ဇေယျာမှာ ရေချိုးခန်းမှ ထွက်လာခဲ့သည်။

'ဝိုး... တော်ပါသေးရဲ့၊ ကျွန်တော့်စိတ်ထဲမှာ ဖေဖေတို့ သိသွားပြီလို့ထင်ပြီး လန့်နေတာဗျ'

'အခုမှတော့ လန့်မနေနဲ့တော့၊ ငါမေးတာကိုသာ ဖြေစမ်း'

အောင်သူရိန်က အောင်ဇေယျာမျက်နှာကို စေ့စေ့စပ်စပ် ကြည့်ကာ ပြောနေသည်။

'ဟုတ်ကဲ့... မေးမှာသာ မေးပါ၊ ဖြေပါ့မယ်'





'နေဦး... နေဦး၊ ငါ့ရဲ့အမေးပုစ္ဆာမထုတ်ခင် မင်းနဲ့ငါဟာ ရုပ်ရည်ရော အလုံးအထည်ရော ဘာကြောင့်တူနေရတာလဲ၊ အမြွှာညီအစ်ကိုတော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါက မြို့သား၊ မင်းက တောမှာမွေးခဲ့တဲ့ တောသား'

'အေးဗျာ... ဟုတ်တယ်နော်၊ ဒါကြောင့်လည်း ခင်ဗျားတို့မိဘတွေနဲ့ အသိတွေကရော ကျွန်တော့်အမေနဲ့ ရွာကလူတွေပါ ကျွန်တော်တို့နှစ်ယောက်ကို တစ်ယောက်တည်းမှတ်ပြီး မှားနေကြတာဗျ'

အောင်ဇေယျာကလည်း အောင်သူရိန်၏စကားကို ထောက်ခံနေသည်။

'မှန်တယ်... မင်းနဲ့ငါဟာ ခွဲခြားမရအောင် တူညီနေသမယ့် အမြွှာညီအစ်ကိုဆိုတာတော့ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုရင် ငါ့မိဘတွေက ငါတစ်ဦးတည်းကိုပဲ မွေးထားခဲ့သလို မင်းအမေ ဒေါ်အေးနွယ်ကလည်း မင်းတစ်ဦးတည်းကိုပဲ မွေးခဲ့တာမဟုတ်လား'

'မှန်ပါတယ်... ကျွန်တော်က တစ်ဦးတည်းသော သားပါ'

'အေးလေ... အမြွှာညီအစ်ကိုမဟုတ်ဘဲ တို့နှစ်ယောက်ဟာ ရုပ်တွေကတူနေလို့ ပြဿနာတွေက အခုလို ရှုပ်ကုန်ကြတာပေါ့၊ ကဲ... ကဲ... အဲဒါက ထားပါတော့၊ မင်း အခု



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုလာတာ ဘာကိစ္စရှိလို့လဲ၊ မင်းနဲ့ ရုပ်ချင်းခွဲမရအောင်တူနေတဲ့ ငါ့ကို တွေ့ချင်မြင်ချင်နေလို့လား'

'ဟုတ်ကဲ့… ခင်ဗျားရဲ့အမေးတွေကို ဖြေရမယ်ဆိုရင် တစ်အချက် ခုနင်က ခင်ဗျားပြောသလို ကျွန်တော်ဟာ ခင်ဗျား… တွေ့ချင်တာရယ်၊ ဒုတိယအချက်ကတော့ ချစ်ရည်ဝင်းလှဲ့… တွေ့ချင်လို့ပါ'

'ဟော… ချစ်ရည်ဝင်းလှဲ့နဲ့ မင်းက ဘာကိစ္စတွေ့ချင်… တာလဲ၊ သူဟာ ငါ့ချစ်သူလည်းဖြစ်၊ မကြာခင် ငါနဲ့ လက်ထပ်… တော့မယ့် ဇနီးလောင်းလေ'

'ခင်ဗျား ချစ်ရည်ဝင်းလှဲ့နဲ့လက်ထပ်တော့မလို ကျွန်… တော့်ချစ်သူရွှေဖျိုင်းနဲ့လည်း လာမယ့်တန်ဆောင်မုန်းလမှာ နှစ်… ဖက်မိဘတွေက လက်ထပ်ပေးစားကြဖို့ရက်ကို သတ်မှတ်ထား… ပြီးကြပြီလေဗျာ'

'အဲဒီလိုဆိုရင်လည်း မင်းက ဘာကိစ္စ ချစ်ရည်ဝင်းလှဲ့… ကိုတွေ့ချင်နေရတာလဲ၊ သူ့ကို ငါ့အယောင်ဆောင်ပြီး သူနဲ့နေခဲ့… ရတဲ့ကိစ္စတွေကို မင်းကရှင်းပြပြီး တောင်းပန်ချင်လို့လား၊ အဲဒီ… လိုဆိုရင် တောင်းပန်မနေနဲ့တော့၊ သင့်တော်တဲ့အချိန်ကျမှ သူ့ကို… ရော ငါ့မိဘတွေကိုရော ငါ ရှင်းပြပါ့မယ်လေ'

'အာ… အာ… အဲဒီလိုလည်း မဟုတ်သေးဘူးဗျ… ချစ်ရည်ဝင်းလှဲ့ကို ကျွန်တော်တွေ့ချင်တာက အင်း… ဖုံးကွယ်…





…မနေတော့ပါဘူး၊ တောသားပီပီ လိမ်ညာမှုကင်းကင်းနဲ့ အမှန်အတိုင်းပြောရရင် ခင်ဗျားရဲ့ချစ်သူ ချစ်ရည်ဝင်းလှဲ့ကို မမေ့နိုင်ဘဲ သူ့ကိုချစ်မိနေလို့ သူနဲ့တွေ့ဖို့လာခဲ့တာပဲဗျ၊ စိတ်မဆိုးနဲ့နော်'

'ဟိုက်… ခသာက်ပလုတ်တုတ်တုတ် မင်းက ငါ့ချစ်သူ ချစ်ရည်ဝင်းလှဲ့ကို ချစ်နေတယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'နေပါဦး… မင်းမှာ ချစ်သူရွှေဖျိုင်းလည်းရှိ သူနဲ့လည်း မကြာခင် လက်ထပ်တော့မှာမဟုတ်လား'

'ဒါလည်း အမှန်ပါပဲ'

'အဲဒီလို ရွှေဖျိုင်းနဲ့ လက်ထပ်မယ့်ကြားက ငါ့ချစ်သူ ချစ်ရည်ဝင်းလှဲ့ကိုလည်း မင်းက ချစ်ကြိုက်နေတယ်ပေါ့'

'မှန်ပါတယ်ဗျာ'

'ဟာ… မင်း တော်တော်လောဘကြီးတဲ့ကောင်ပဲ၊ တို့မှာရှိတာက အမျိုးသမီးနှစ်ယောက်တည်းရှိတာကို မင်းတစ်ဦးတည်းက အကုန်သိမ်းကြုံးယူသွားလို့ဖြစ်ပါ့မလားကွ၊ ငါ့အတွက်လည်း ချန်ထားဦးမှပေါ့၊ ဟား… ဟား… ဟား… ဟား'

အောင်သူရိန် ပြောပြီးရယ်နေသည်။

'ဟဲ… ဟဲ… ခင်ဗျားလည်း အပိုတွေပြောမနေပါနဲ့၊ ကျွန်တော့်စိတ်ထင်ပြောရရင် ခင်ဗျားဟာ ချစ်ရည်ဝင်းလှဲ့ထက် ရွှေဖျိုင်းကို ပိုပြီးမေတ္တာစိတ်တော ပိနေတယ်မဟုတ်လား၊ အမှန်…



www.burmeseclassic.com

www.burmeseclassic.com



ပြောနော် အဟီး…'

အောင်ဗျူဟာ၏အမေးကို အောင်သူရိန် ချက်ချင်းအဖြေမပေးသေးဘဲ ပြုံးနေသေးသည်။

'အေးကွ…မင်းထင်တာမှန်တယ်၊ ငါကလည်း မြို့ကြီးသားပီပီ မလိမ်မညာဘဲ ပြောရရင် ချစ်ရည်ဝင်းလွဲထက် ရွှေဖျိုင်းကို ငါ့မေတ္တာတွေပိုနေမိတယ်၊ ဒါကြောင့် ရွှေဖျိုင်းနဲ့တွေ့ဖို့ မင်းတို့ရွာကိုသွားချင်နေတာ၊ အခု မင်းက ရောက်လာတော့ တို့နှစ်ယောက် အရင်ကလို လူချင်းလဲလိုက်ရင် မကောင်းဘူးလားကွ၊ မင်းသဘောကရော ဘယ်လိုလဲ'

'ဟာ… ခင်ဗျားနဲ့ ကျွန်တော်ဟာ ရုပ်ချင်းသာတူတာမဟုတ်ဘူး၊ စိတ်ချင်းလည်း တူနေတာကိုး၊ ကျွန်တော်ကလည်း ခင်ဗျားပြောသလို လူချင်းလဲပြီးနေကြဖို့ အခုလိုလာခဲ့တာပေါ့ဗျ'

အောင်ဗျူဟာကလည်း ဝမ်းသာအားရနှင့် အောင်သူရိန်ကို ပြန်ပြောနေသည်။

'ကောင်းပြီ… ဒါဆိုရင် အချိန်ဆွဲမနေတော့ဘူး၊ မင်းက ငါ့အယောင်ဆောင်ပြီး ဒီမှာနေခဲ့၊ ငါကတော့ ရွာကိုသွားပြီး ရွှေဖျိုင်းနဲ့ပြေးတွေ့လိုက်မယ်၊ ဟဲ… ဟဲ…'

'အာ… အာ… နေဦးလေဗျာ၊ ဘာကိစ္စ ရွာကိုသွားရမှာလဲ'

'ဟော…ဒါက ဘာဖြစ်သွားရပြန်တာလဲ၊ ငါကရွှေဖျိုင်းနဲ့ သွားတွေ့မှာကို မင်းက စိတ်ပြောင်းပြီး သဝန်တိုသွားလို့လား'



'သဝန်တိုလို့ မဟုတ်ပါဘူး၊ ရွှေဖျိုင်းနဲ့ တွေ့ချင်ရင် ရွာကိုသွားဖို့မလိုလို့ပါ၊ သူက ကျွန်တော်နဲ့ ရန်ကုန်ကို ပါလာတယ်လေ'

'မင်းနဲ့ ရန်ကုန်ကို ပါလာတယ်၊ နို့… သူ့ကို ဘယ်မှာထားခဲ့လဲ'

'ဟသာ်တာသဘောဆိုက်တဲ့ ဆိပ်ကမ်းကို သွားတဲ့လမ်းဘက်မှာဖွင့်ထားတဲ့ ဦးသာလှလက်ဖက်ရည်ဆိုင်မှာလေ၊ ခင်ဗျားလည်း သိသားပဲ'

'ကောင်းပြီ… ငါ သိတယ်၊ ငါ အခုပဲသွားလိုက်မယ်၊ အဲ…အဲ…နေဦး၊ မင်းကိုယ်ပေါ်မှာ အခုဝတ်ထားတဲ့ အဝတ်တွေကိုချွတ်ပြီး ငါ့ကိုပေးလေ၊ ဒါမှ ရွှေဖျိုင်းမရိပ်မိမှာပေါ့'

အောင်သူရိန် ပြောသည့်အတိုင်း အောင်ဗျူဟာမှာ သူ့ကိုယ်ပေါ်မှအဝတ်များကိုချွတ်၍ အောင်သူရိန်၏ ဗီရိုတွင်းမှ အဝတ်တွေနှင့် လဲဝတ်နေသည်။

'ကဲ… ကဲ… အဝတ်လဲပြီးပြီမို့ ငါသွားတော့မယ်၊ မင်းသာ ဒီကလူတွေ မရိပ်မိအောင် အဆင်ပြေသလိုနေပေါ့'

'ဟာဗျာ… အောင်ဗျူဟာကလည်း လော်လိုက်တာ'

'ဟေ့…ဟေ့…ဘယ့်နှယ်ကြောင့် မင်းနာမည်ကို ခေါ်ပြန်တာလဲကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ…ဟဲ…ဒီတစ်ခါ မှားခေါ်တာမဟုတ်ဘူး၊ ခင်ဗျား ဟာ အောင်ဗျူဟအဖြစ်နဲ့သွားမှာမို့ နှုတ်ကျိုးအောင် တမင်ခေါ် လိုက်တာ၊ ကျွန်တော့်ကိုလည်း အောင်သူရိန်လို့ ခေါ်ပေတော့'

'ကောင်းပါပြီဗျာ… မင်းပြောသလိုခေါ်ပါ့မယ်၊ ကဲ… နောက် ဘာများမှာစရာရှိလဲ၊ မရှိရင် ငါသွားတော့မယ်'

'မသွားနဲ့ဦး… မှာစရာတွေရှိသေးတယ်၊ ခင်ဗျားရွာကို ရွှေဗျိုင်းနဲ့အတူ ပြန်တဲ့အခါ အမေမှာလိုက်တဲ့ ဒူးရင်းသီးရယ် မင်းဂွတ်သီးရယ်၊ ရွာဦးထိပ်က ဆရာတော်ကိုကပ်ဖို့ ဝယ်သွားဗျ ကျန်တခြားပစ္စည်းတွေကိုတော့ ရွှေဗျိုင်းနဲ့တိုင်ပင်ပြီးသာ ဝယ်ပြ ပေတော့၊ ဒါတွေ ဝယ်ပြီးရင် ရန်ကုန်က မြန်မြန်ခွာကြဗျာ မတော် ခင်ဗျားအသိတွေနဲ့တိုးရင် အလိမ်ပေါ်မှာစိုးလို့၊ နောက် ပိုက်ဆံအလုံအလောက်ယူသွား၊ ခင်ဗျားမှာ မလွယ်ရင် ကျွန်တော့် မှာ ပါလာတဲ့ ပိုက်ဆံတွေပေးလိုက်မယ်၊ ယူသွားမလား'

'မလိုပါဘူးကွာ၊ ပိုက်ဆံအတွက်တော့ လုံးဝမပူနဲ့ ငါ့မှာ အလျှံပယ်ရှိတယ်၊ မင်းပြောတဲ့ဟာတွေသာ မကဘူး ရွှေဗျိုင်းနဲ့ မင်္ဂလာဆောင်ဖြစ်ရင် ကုန်ကျမယ့်ငွေတွေအတွက်ပါ ငါ ယူသွားမယ်ကွ'

'ဟိုး… ဟိုး… ဆတ်ဘွတ်ကရိုး ရွှေဗျိုင်းနဲ့ မင်္ဂလာ ကိစ္စကို အရင်စလို မလုပ်နဲ့ဦးဗျာ၊ တောင်းပန်ပါတယ်'

အောင်ဗျူဟက မျက်လုံးပြူးမျက်ဆံပြူးနှင့်ပြောတာ တားနေသည်။





'မင်းက ဘာကိစ္စတားနေရတာလဲ၊ ငါနဲ့ရွှေဗျိုင်း မင်္ဂလာ ဆောင်မှာကို သဘောမတူလို့လားကွ'

'သဘောမတူလို့မဟုတ်ဘူး၊ တူပါတယ်၊ ဒါပေမဲ့ အခုလို အလျင်စလိုတော့ မလုပ်စေချင်ဘူး၊ ဘာကြောင့်လဲဆို တော့ ခင်ဗျားချစ်သူ ချစ်ရည်ဝင်းလွဲဟာ ကျွန်တော့်ကို သူ့ငယ် ချစ် အောင်သူရိန် မဟုတ်ဘဲ တောသားအောင်ဗျူဟမှန်းသိသွားရင် ကျွန်တော် မျှော်လင့်ထားသလို သူ့မေတ္တာရမရဆိုတာ မသေချာ ဘူး၊ ရရင် ပြဿနာမရှိပေမယ့် မရရင်တော့ ကျွန်တော့်မှာ တောကချစ်သူ ရွှေဗျိုင်းလည်းမရ၊ ချစ်ရည်ဝင်းလွဲကိုလည်းမရဘဲ ဖွတ်မရ ဓားမဆုံးဖြစ်မှာ စိုးလို့ပါဗျာ'

'မင်းကလည်း ပန်ပူလိုက်တာ၊ အဲလေ… ယောင်လို့၊ ပူပင်လိုက်ရတာ၊ ရွှေဗျိုင်းလည်းမရ၊ ချစ်ရည်ဝင်းလွဲကိုလည်း မရရင် စိတ်ပျက်မနေဘဲ ကုသိုလ်ရမယ့်အလုပ်ကို လုပ်ပေါ့ကွာ'

'ဗျာ… ဘာကုသိုလ်ရမယ့်အလုပ်ကို လုပ်ရမှာလဲ'

'ဘုန်းတော်ကြီးဘဝနဲ့ တစ်သက်လုံး နေလိုက်ပေါ့ကွာ၊ ဟား… ဟား… ဟား… ဟား'

'ဟာဗျာ… မဝတ်ချင်ပါဘူး၊ နောက်မနေစမ်းပါနဲ့'

'ကဲပါဗျာ… စိတ်ခတ်ကျမနေပါနဲ့၊ ငါလည်း ရွှေဗျိုင်း နဲ့ အလျင်စလိုမင်္ဂလာမဆောင်သေးပါဘူး၊ မင်းရဲ့သတင်းကောင်း ကို စောင့်နေမှာပါ၊ ကျေနပ်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကျွန်တော် စိတ်ချလိုက်တော့မယ်၊ ခုနင်က ကျွန်တော် ပြောတာတွေကို ဝယ်သွားနော်၊ မေ့မသွားနဲ့ဦး'

'စိတ်ချပါ … မမေ့ပါဘူး၊ မင်းလည်း ငါသွားပြီး တစ်နာရီလောက်နေမှ အောက်ကိုဆင်းနော်၊ ချက်ချင်း လိုက်ဆင်းမလာနဲ့ဦး'

အောင်သူရိန်က ပြောလျှင် အောင်ဗျူဟက ခေါင်းညိတ်ပြသည်။

'ဒါဆို ငါသွားမယ်'

အောင်သူရိန်က ပြောရင်း အိပ်ခန်းတွင်းမှ ထွက်သွားသည်။

❖

(တစ်ဆယ့်ခေး)

## လစ်ပြေးသွားရသူ

အောင်သူရိန်မှာ အောင်ဗျူဟအဖြစ် အယောင်ဆောင်ကာ ရွှေဗျိုင်းနှင့် ရွာပြန်သွားသလို-

အောင်ဗျူဟမှာလည်း အောင်သူရိန်အဖြစ် ဟန်မပျက် ရန်ကုန်တွင် ဆက်နေသည်။

ထိုရက်အတွင်း အောင်ဗျူဟမှာ ချစ်ရည်ဝင်းလဲ့နှင့်ချည်း အမြဲတမ်း မခွဲမခွာတွဲနေတော့သည်။

ထိုသို့ ရုပ်ရည်တူသူနှစ်ဦး လူကြီးမိဘများနှင့် ချစ်သူတို့ကို အယောင်ဆောင်၍ မျက်လှည့်ပြနေခဲ့ကြသည်။

အောင်သူရိန်အဖို့ ရွှေဗျိုင်းနှင့်အတူတွဲကာ အောင်ဗျူဟအဖြစ်အယောင်ဆောင်ရာတွင် မည်သည့်ပြဿနာမှ မဖြစ်ပေါ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆော်လည်း အောင်သူရိန်အဖြစ် သရုပ်ဆောင်ပြနေသော အောင်ဗျူဟမှာတော့ မကြာခင် ပြဿနာပေါ်လာခဲ့တော့သည်။

ထိုပြဿနာကား -

အောင်သူရိန် ကွန်ပျူတာပညာသင်ကြားခဲ့သော ဩစတေးလျနိုင်ငံရှိ တက္ကသိုလ်မှ ပါမောက္ခကြီး Albert Roland မြန်မာနိုင်ငံသို့ လာမည့်စနေနေ့တွင် ရောက်တော့မည်မို့ လေဆိပ်သို့ အောင်သူရိန်ကို လာကြိုရန် Fax နှင့် ဦးသက်ထွန်းမောင်၏ ဆေးခန်းသို့ ပို့လိုက်သည်။

ထို Fax ကိုရလျှင်ရချင်း ဦးသက်ထွန်းမောင်မှာ အောင်သူရိန်အယောင်ဆောင် အောင်ဗျူဟထံသို့ ဖုန်းနှင့် အကြောင်းလှမ်းကြားလိုက်သည်။ ထိုအချိန်တွင် အောင်ဗျူဟမှာ ချစ်ရည်ဝင်းလှဲ့နှင့်အတူ ရန်ကုန်ကန်တော်ကြီးထဲတွင် ရှိနေကြခိုက်ဖြစ်သည်။

အောင်ဗျူဟတွင် အောင်သူရိန်၏ Hand Phone ရှိသည်။ ထိုဟဲဒ်ဖုန်းသို့ ဦးသက်ထွန်းမောင်က ဆေးခန်းမှနေ၍ လှမ်းဆက်လိုက်ခြင်းပင်။

'ဟဲလို… အောင်သူရိန်လား'

'မဟုတ်ဘူး အောင်ဗျူ၊ အဲ… အဲ… ဟုတ်ပါတယ်၊ အခုဆက်တာ ဘယ်သူလဲဗျာ'

အောင်ဗျူဟမှာ ဦးသက်ထွန်းမောင်၏အသံကို မကျက်မိ၍ ယခုလို ပြန်မေးနေခြင်းပင်။





'ဟာ… သားရ၊ မင်းရဲ့အဖေအရင်းခေါက်ခေါက်ကြီး အသံကိုတောင် မမှတ်မိဘူးလား'

ထိုသို့ပြောမှ အောင်ဗျူဟမှာ ဦးသက်ထွန်းမောင်မှန်း သိသွားတော့သည်။

'ဟာ… ဖေဖေ စိတ်မဆိုးနဲ့နော်၊ သားတို့က ကန်တော်ကြီးထဲရောက်နေတော့ လူသံ ငှက်သံတွေနဲ့ ဆူညံနေလို့ အသံကို မမှတ်မိ ဖြစ်သွားတာပါ၊ တောင်းပန်ပါတယ် ဖေဖေ'

အောင်ဗျူဟက အမြန်ပြန်၍ တောင်းပန်နေသည်။

သူ၏ဘေးတွင်ရှိနေသော ချစ်ရည်ဝင်းလှဲ့ကတော့ မည်သို့မှမပြောဘဲ ငြိမ်သက်စွာ နားထောင်နေသည်။

'အဲဒါတွေ ထားလိုက်ပါတော့၊ ငါ ဖုန်းဆက်ပြီး ပြောချင်တာကတော့ မင်းရဲ့ ဩစတေးလျက ကွန်ပျူတာပါမောက္ခကြီး **အယ်လ်ဘတ်ရိုလဲင်**ဟာ လာမယ့်စနေနေ့ကျရင် ရန်ကုန်ကို လာမှာမို့ သူ့ကို ရန်ကုန်က နိုင်ငံတကာလေဆိပ်မှာ လာကြိုပါဆိုပြီး ဖက်စ်နဲ့ပို့လိုက်တယ်၊ ဒါကို မင်းသိအောင် ဆက်ပြီး အသိပေးတာပဲ'

'ဟိုက်… ဒုက္ခပဲ'

အောင်ဗျူဟမှာ ဩစတေးလျနိုင်ငံမှ ပါမောက္ခကြီးလာသည်မို့ သူ့ကို ကြိုဆိုခိုင်းကြောင်း သိရ၍ အထက်ပါအတိုင်း အာမေဋိတ်သံကြီး ထွက်သွားခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ဒါက ဘာဖြစ်သွားတာလဲ၊ အန်ကယ်က ဘာ
ပြောလိုက်လို့လဲ'

ချစ်ရည်ဝင်းလဲ့က နားမလည်ဟန်နှင့် အောင်ဇူလွှကိုမေး
နေသည်။

'ဘာမှမပြောပါဘူး၊ ဩစတေးလျက ကိုကို့ကို ကွန်
မျူတာသင်ပေးခဲ့တဲ့ ပါမောက္ခကြီး ရန်ကုန်ကိုလာမယ်ဆိုလို့ပါ'

'အဲဒါကိုများ ကိုကိုက ဘာဖြစ်လို့ အလန့်တကြား
ဖြစ်သွားရတာလဲ'

'အလန့်တကြားဖြစ်တာ မဟုတ်ပါဘူး၊ လန့်သွားလို့
အဲ··· ဟုတ်ပါဘူး၊ ဝမ်းသာသွားလို့ပါ၊ ဟဲ··· ဟဲ'

အောင်ဇူလွှမှာ ဣန္ဒြေကို မနည်းဆောင်ကာ ဟန်မပျက်
ပြောနေရသည်။

'ဟန်··· ကိုကိုဝမ်းသာပုံကလည်း တစ်မျိုးကြီးပဲ၊ ဘယ်
နေ့လာမှာတဲ့လဲ'

'အခုလာမယ့် စနေနေ့ရောက်မယ်တဲ့၊ အဲဒီနေ့မှာ ကိုကို
က လေဆိပ်မှာသွားကြိုရမယ်လေ'

'ဒါဆို ညီမလည်း လိုက်ခဲ့မယ်နော်၊ ကိုကို့ပါမောက္ခ
ကြီးကို မြင်ဖူးချင်လို့ပါ'

ချစ်ရည်ဝင်းလဲ့က ဝမ်းသာအားရနှင့် ပြောနေသည်။

အောင်ဇူလွှမှာတော့ ခေါင်းရှုပ်နေသူမို့ အင်တစ်လုံးသာ





န်ပြောနိုင်သည်။ သူတို့လည်း ကန်တော်ကြီးတွင် ဆက်၍အချိန်
ကြာ်းမနေဘဲ ချစ်ရည်ဝင်းလဲ့မောင်းသောကားနှင့် အိမ်ပြန်လာ
ခဲ့ကြသည်။

အောင်သူရိန်၏အိမ်သို့ရောက်လျှင် ချစ်ရည်ဝင်းလဲ့မှာ
ားပေါ်မှမဆင်းတော့ဘဲ အောင်ဇူလွှကို နှုတ်ဆက်၍ ပြန်သွားခဲ့
သည်။

အောင်ဇူလွှမှာတော့ စိတ်ပျက်လက်ပျက်နှင့် အပေါ်ထပ်
အိပ်ခန်းသို့ တန်း၍တက်သွားခဲ့သည်။

အိပ်ခန်းသို့ဝင်ပြီးနောက် ခုတင်ပေါ်တွင် သူ့ကိုယ်ကြီးကို
ပစ်လှဲကာ စဉ်းစားခန်းဝင်နေလိုက်သည်။

စိတ် ရှုပ်နေ၍ သူ့ကိုယ်ပေါ်မှ အဝတ်များကိုပင် သူ့မှာ
လဲနိုင်။

'ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ အောင်သူရိန်ရဲ့ ပါမောက္ခ
ကြီးလာတော့မယ်တဲ့၊ တခြားလူတွေကိုတော့ အောင်သူရိန်အဖြစ်
ညာလို့ ရမယ်၊ ဒီပါမောက္ခကြီးကိုတော့ ညာလို့ရမှာမဟုတ်ဘူး၊
ဘာကြောင့်လဲဆိုတော့ ငါက အောင်သူရိန်လို ကွန်ပျူတာမှ
တတ်တာ၊ သူရောက်လာရင် ကွန်ပျူတာအကြောင်းပဲ မေးမှာပဲ၊
ြန်မာနိုင်ငံသို့ သူလာပုံထောက်ရင် အလကားအလည်သက်
သက်လာတာတော့ မဖြစ်နိုင်ဘူး၊ ရန်ကုန်မြို့မှာ ကွန်ပျူတာနဲ့
တ်သက်တဲ့နည်းပညာတွေပို့ချဖို့လား၊ ဒါမှမဟုတ် ပြပွဲဖိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖို့လား၊ တစ်ခုခုတော့ လုပ်မှာပဲ၊ အဲဒါတွေလုပ်ရင် သူ့တာဝန် အောင်သူရိန်ဟာ မကူညီလို့မရဘူး၊ ကူညီရလိမ့်မယ်။ ဒါဆိုရင် ရွာမှာရောက်နေတဲ့ အောင်သူရိန်ဆီကို အချိန်မီသွားအကြောင်း ကြားရကောင်းမလား။

အောင်ဗျူဟမှာ ခုတင်ပေါ်တွင် ပက်လက်လှန်ရင်း အထက်ပါအတိုင်း တွေးတောနေသည်။

'အင်း... အောင်သူရိန်ဆီ အကြောင်းကြားပြီး ဒီမှာနေ နိုင်ရင် ငါနဲ့ ချစ်ရည်ဝင်းလဲ့လည်း ပြန်ဆုံဖို့မလွယ်တော့ဘူး ဘာကြောင့်လဲဆိုတော့ ငါဟာ အောင်သူရိန်မဟုတ်ဘဲ အောင် ဗျူဟဖြစ်တယ်ဆိုတာကို ဒီကလူကြီးတွေသိအောင် စာရေးပြီး အသိပေးရမှာမို့ပဲ၊ အခုအချိန်ကျမှတော့ လူကြီးတွေကို ဆက် မလိမ်ချင်တော့ဘူး၊ အမှန်ကိုဖော်ထုတ်ပြီး အသိပေးလိုက်တာ ကောင်းပါတယ်လေ'

အောင်ဗျူဟမှာ ပြတ်သားသော ဆုံးဖြတ်ချက်ကို ချလိုက် တော့သည်။ ထိုနေ့ည ထမင်းစားပြီးချိန်မှစ၍ အောင်ဗျူဟမှာ အပြင်သို့ မထွက်တော့ပေ။

အိမ်အပေါ်ထပ်ရှိ အိပ်ခန်းတွင်းရှိ စားပွဲခုံပေါ်၌ ထိုင်၍ အောင်သူရိန်၏ မိဘများထံသို့ ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို ဖော်ထုတ်ကာ ရေးနေသည်။

နောက်တစ်နေ့ နံနက် ၆ နာရီခန့်တွင် အောင်ဗျူဟမှာ





သူ ညကရေးခဲ့သောစာကို အိတ်တွင်ထည့်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

စာအိတ်ပေါ်တွင် ဖေဖေ ဦးသက်ထွန်းမောင်နှင့် မေမေ ဒေါ်မြနှင်းရီသို့ဟူ၍ လိပ်တပ်ထားသည်။

ထိုစာကို လူကြီးများ အိပ်ရာမှနိုးလာပါက အလွယ် တကူ မြင်နိုင်စေရန် ဧည့်ခန်းတွင်းရှိ စားပွဲခုံပေါ်တွင် တင်ထားခဲ့ သည်။

ထို့နောက်တော့ အောင်ဗျူဟမှာ စိတ်ထိခိုက်စွာနှင့် အောင်သူရိန်၏အိမ်မှ ထွက်လာခဲ့သည်။

ခြံဝင်းအပြင်သို့ရောက်လျှင် သူသည် ဟင်္သာတသွား သင်္ဘောကြီးဆိုက်ကပ်ရာသို့ ကကအငှားယာဉ်ကို ငှား၍သွားခဲ့ သည်။

ပထမတွင် ဟင်္သာတသင်္ဘောကြီးနှင့် ဟင်္သာတမြို့သို့ သွားရန် စိတ်ကူးသေးသည်။

'ဟာ... မဖြစ်သေးပါဘူး၊ အောင်သူရိန်ရဲ့မိဘတွေဟာ ငါရေးထားခဲ့တဲ့စာကိုဖတ်ပြီး ဟင်္သာတသင်္ဘောထွက်မယ့် ဆိပ်ကမ်းကိုလိုက်လာရင် ငါ့ကို တွေ့သွားကြလိမ့်မယ်၊ ဒီတော့ အငှားကားကိုငှားပြီး ပုသိမ်ကိုသွားမယ်၊ ပုသိမ်မြို့ကမှ ဟင်္သာတ ကို ကားနဲ့ဖြစ်ဖြစ်၊ သင်္ဘောမီရင်လည်း သင်္ဘောနဲ့ဖြစ်ဖြစ် ငါ သွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



**အောင်ဗျူဟ**မှာ အထက်ဖော်ပြပါ ဆုံးဖြတ်ချက်အတိုင်း **ရန်ကုန်မှ** ပါဘာလေကာအငှားယာဉ်နှင့် ပုသိမ်သို့ငှားသွားခဲ့သည်။

ပုသိမ်သို့ရောက်မှ ထွက်လုဆဲဖြစ်နေသော ဟသိတမြို့သွား နှစ်ထပ်သင်္ဘောကြီးနှင့် လိုက်ပါသွားခဲ့သည်။

အောင်သူရိန်၏မိဘများမှာ နံနက်(၇)နာရီခန့်တွင် အိပ်ရာမှ နိုးလာကြချိန် မျက်နှာသစ်၊ သွားတိုက်ကိစ္စများလုပ်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။

အောက်ထပ်တွင် တံမြက်စည်းလှဲနေသော အိမ်ဖော်မလေးကို ဒေါ်မြနှင်းရီက မေးနေသည်။

'ဟဲ့… မညို၊ ညည်းအစ်ကို အိပ်ရာက မထသေးဘူးလား'

'ဟုတ်ကဲ့… မထသေးဘူးထင်တယ်၊ အောက်ဆင်းလာတာ မတွေ့ရဘူး'

အိမ်ဖော်မကလေးက ပြန်ပြောပြီး တံမြက်စည်းကို လှဲမြဲဆက်၍လှဲနေသည်။

ဦးသက်ထွန်းမောင်နှင့် ဒေါ်မြနှင်းရီတို့ကတော့ ထမင်းစားခန်းဆီသို့ ဆက်၍လျှောက်ကာ ဝင်သွားကြသည်။

'ဟ… စားပွဲပေါ်မှာ စာအိတ်တစ်အိတ်ပါလား၊ မှန်းစမ်း… ဘယ်သူ့စာအိတ်ပါလိမ့်'

ဦးသက်ထွန်းမောင်မှာ မျက်စိလျင်သူပီပီ စားပွဲပေါ်တွင်တင်ထားသော စာအိတ်ကိုတွေ့၍ ပြောလိုက်သည်။ ပြီးတော့သူသည် စာအိတ်ပေါ်၌ လိပ်တပ်ထားသော အမည်များကို ဖတ်ကြည့်မိသည်။





'ဟယ်… စာအိတ်ပေါ်မှာ တို့နာမည်တွေရေးထားပါလား၊ ဘယ်သူများပါလိမ့်၊ သားအောင်သူရိန့်ရဲ့လက်ရေးတော့ မဟုတ်ဘူး'

ဦးသက်ထွန်းမောင် ပြောရင်း စာအိတ်ကိုဖွင့်၍ အတွင်းတွင် ရှိစာရွက်ကို ဆွဲထုတ်နေသည်။

'ကဲ… ကိုသက် ကျွန်မပါ ကြားရအောင် အသံကျယ်ကျယ်နဲ့ ဖတ်စမ်းပါရှင်'

ဒေါ်မြနှင်းရီကပြောလျှင် ဦးသက်ထွန်းမောင်မှာ အောင်ဗျူဟ ရေးခဲ့သောစာကို အောက်ပါအတိုင်း အသံကျယ်ကျယ်နှင့် ဖတ်ပြနေသည်။

အောင်ဗျူဟရေးထားသော စာကတော့-

*ဖေဖေဦးသက်ထွန်းမောင်နှင့် မေမေဒေါ်မြနှင်းရီတို့ခင်ဗျာ*

*ရိုသေစွာနှင့် သား ဒီစာကိုရေးသားလိုက်ပါသည်။ အခုဒီစာကို ရေးခဲ့သူမှာ ဖေဖေ မေမေတို့၏သားအရင်း အောင်သူရိန် မဟုတ်ပါ။*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ အောင်ဗျူဟာဖြစ်ပါသည်။

ကျွန်တော်နှင့် အောင်သူရိန်တို့ဟာ ညီရင်းအစ်ကို အမြွှာတွေလည်းမဟုတ်၊ သွေးမျိုးတော်စပ်သူတွေတောင် မဟုတ်ကြသော ဘယ်ဘဝကအကျိုးပေးလည်းမသိ၊ ရုပ်ရည်ရော၊ အရပ်အမောင်းရော၊ အသက်အရွယ်ပါ ရုပ်ရှင်ဇာတ်ကားများထဲတွင် နှစ်ကိုယ်ခွဲ၍ ရိုက်ထားခဲ့သလို ထူးထူးဆန်းဆန်း တူညီနေပါသည်။

ထိုကဲ့သို့ တူညီနေသည့်အတွက်လည်း လေဆိပ်တွင် လူများကာ ယခုလို ဖေဖေနှင့်မေမေတို့အိမ်သို့ ကျွန်တော် ရောက်လာခဲ့ရပါသည်။

ကျွန်တော်ဟာ ၁၀ တန်းပင် မအောင်မြင်သေးပါ။

ကျွန်တော့်မိခင် ဒေါ်အေးနွယ်က ရှိသမျှပစ္စည်းများကို ရောင်းတန်ရောင်း ပေါင်တန်ပေါင်လုပ်ကာ ကျွန်တော့်ကို စင်္ကာပူ နိုင်ငံသို့ Job အလုပ်လုပ်ရန် စေလွှတ်ခဲ့ပါသည်။

ကျွန်တော့်ဖခင်ကြီးမှာ ကျွန်တော် လူ့လောကသို့ မရောက်မီကတည်းက ကားအက်ဆီးဒင့်ဖြစ်ကာ ဆုံးသွားခဲ့ ကြောင်း မေမေပြောပြ၍ သိခဲ့ရပါသည်။ စင်္ကာပူနိုင်ငံတွင် ကျွန်တော်ဟာ နှစ်နှစ်ကျော်သုံးနှစ်နီးပါး ကျုရာအလုပ်ကြမ်းများ ကို လုပ်ကိုင်ကာ ရသည့်ငွေများကို စုဆောင်းခဲ့ပါသည်။

စင်္ကာပူနိုင်ငံသုံးဒေါ်လာများ အတော်အတန်ရလျှင် ကျွန်တော်ဟာ မိခင်ကြီးဒေါ်အေးနွယ်နှင့် ကိုယ့်မွေးဖွားရာ အမိ





နိုင်ငံတော်ကို လွမ်းသဖြင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပါသည်။

ထိုသို့ ပြန်လာရာတွင် တိုက်ဆိုင်ချင်တော့ ဖေဖေနှင့် မေမေတို့ လေဆိပ်တွင် အောင်သူရိန်ကို အကြိုလွှတ်လိုက်သော တင်မောင်သန်းနှင့် ချစ်ရည်ဝင်းလွဲတို့နှင့် ဆုံတွေ့ရပါသည်။

သူတို့က ကျွန်တော့်ကို အောင်သူရိန်အမှတ်နှင့် လူမှား၍ ခေါ်ပါသည်။

ကျွန်တော်က မဟုတ်ကြောင်း အတန်တန်ငြင်းဆန်နေခဲ့ စေကာမူ သူတို့က လက်မခံဘဲ ကျွန်တော် အကြောင်းရိုက်နေ သည်ဟုထင်ကာ မရမကဆွဲခေါ်ခဲ့၍ ကျွန်တော် အောင်ဗျူဟာ ဖေဖေနှင့် မေမေတို့ထံ ရောက်လာခဲ့ရပါသည်။

ကျွန်တော့်လိုပင် အောင်သူရိန်ကိုလည်း ကျွန်တော့်မိခင် လွှတ်လိုက်သော ကိုဘမောင်နှင့် ရွှေဗျိုင်းအမည်ရှိ မောင်နှမ နှစ်ဦးက မှား၍ သူတို့ရွာသို့ ခေါ်ဆောင်သွားခဲ့ကြပါသည်။

ထိုသို့ ရုပ်ရည်တူညီနေကြသော ကျွန်တော်တို့ကို ဖေဖေနှင့် မေမေတို့ကရော ကျွန်တော့်အမေနှင့် ရွာကလူတွေပါ ယနေ့အထိ မသိကြသေးပါ။ ကျွန်တော်တို့နှစ်ယောက်ကလည်း အသိမခံကြသေးဘဲ အတတ်နိုင်ဆုံး ဖုံးဖိထားခဲ့ကြပါသည်။

ထိုသို့ ဖုံးဖိထားရခြင်းအကြောင်းကလည်း ကျွန်တော်တို့ နှစ်ဦးတွင် ရည်မှန်းချက်ကိုယ်စီ ရှိနေသောကြောင့်ပင်။

ထိုရည်မှန်းချက်မှာ အခြားမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရိန်က ကျွန်တော့်သူငယ်ချင်း ရွှေဖိုးအပေါ်တွင် ချစ်ကြိုက်၍သွားသလို ကျွန်တော်ကလည်း ချစ်ရည်ဝင်းလွဲ့အပေါ်တွင်ချစ်ကြိုက်စိတ်တွေ ဝင်သွားသောကြောင့်ပင်။

ဖေဖေနှင့် မေမေတို့၏သား အောင်သူရိန်မှာ ပညာဘက်ကကြည့်ကြည့် ဥစ္စာနေဘက်ကကြည့်ကြည့် ပြီးပြည့်စုံနေသောသူဌေးသားတစ်ဦးမို့ ရွှေဖိုးနှင့် လက်ထပ်ထိမ်းမြားခြင်းကိစ္စမှာ ပြဿနာမရှိပေမယ့် ကျွန်တော့်လို တောသားလည်းဖြစ်၊ ပညာလည်းမစုံ၊ ငွေကြေးအနေနှင့်လည်း ပြည့်စုံသူမဟုတ်သဖြင့် ချစ်ရည်ဝင်းလွဲ့လို မြို့ကြီးသူလည်းဖြစ်၊ ငွေကြေးကလည်းပြည့်စုံ ဘွဲ့ရပညာတတ်တစ်ဦးနှင့် လက်ထပ်ထိမ်းမြားဖို့ဆိုသည်မှာ ဖြစ်နိုင်ချေ အလွန်နည်းပါးလှသည်။

**'ရေအိုင်ငယ်ထဲက ဖားပြုတ်က ကြိုးကြာငှက်အသားကို စားချင်သလို'**ဖြစ်နေပါသည်။

သို့သော် ချစ်ရည်ဝင်းလွဲ့၏ မေတ္တာကို မရနိုင်မှန်းသိလျက်နှင့် ကျွန်တော်ကတော့ သူနှင့်အတူတွဲနေရလျှင် စိတ်ချမ်းသာသည်မို့ အောင်သူရိန်နှင့်တိုင်ပင်ပြီး လူချင်းလဲကာ ယခုလို အယောင်ဆောင်ဘဝနှင့်နေထိုင်နေခြင်း ဖြစ်ပါသည်။

ယခုမူ ချစ်ရည်ဝင်းလွဲ့နှင့်ဆက်လက်၍နေထိုင်ရန် မဖြစ်တော့ချေ။ အောင်သူရိန်၏ ကွန်ပျူတာနည်းပြဆရာကြီးမှာ ရန်ကုန်မြို့သို့ရောက်လာမည်မို့ မကြာမီ အလိမ်ပေါ်ကုန်ပါတော့





သည်။ ထိုသို့ အလိမ်မပေါ်မီ ကျွန်တော်လည်း ဖေဖေနှင့် မေမေတို့အိမ်မှ အမြန်ခွာခဲ့ရခြင်းဖြစ်ပါသည်။

အောင်သူရိန်အဖြစ်နှင့် ဖေဖေ မေမေတို့အပေါ် လိမ်ညာခဲ့ခြင်းအတွက် ကျွန်တော့်အပေါ် ခွင့်လွှတ်ပေးရန် ဤစာနှင့်အတူ မှိုင်းကန်တော့တောင်းပန်လိုက်ပါသည်။

ချစ်ရည်ဝင်းလွဲ့အပေါ်တွင်လည်း အောင်သူရိန်အဖြစ်ဟန်ဆောင်ကာ ချစ်သူတွေဖြစ်နေခဲ့ခြင်းအတွက်လည်း ကျွန်တော်က တောင်းပန်လိုက်သည်ကို ဖေဖေနှင့် မေမေတို့က ကျွန်တော့်ကိုယ်စား ပြောကြားပေးစေလိုပါသည်။

ယခု ကျွန်တော်နေထိုင်ရာ ဟင်္သာတခရိုင်တွင်ရှိ နှင်းပုလဲရွာသို့ရောက်လျှင် ဖေဖေနှင့်မေမေတို့၏သား အောင်သူရိန်ကို သူ့ဆရာပါမောက္ခကြီး ရန်ကုန်လာမည့်အကြောင်းကို ပြောပြပြီး လွှတ်လိုက်ပါမည်။ စာကလည်း အတော်ရှည်လျားသွားပြီမို့ ဤနေရာတွင် အဆုံးသတ်လိုက်ပါသည်။

ဤစာနှင့်အတူ ဖေဖေ မေမေတို့အား

သား အောင်ဗျူဟ ကန်တော့ခဲ့ပါသည်ခင်ဗျား။

**အောင်ဗျူဟ**

'ဟယ်...လက်စသတ်တော့ ဒီနှစ်ကောင်ဟာ ကိုယ့်ကြီးတွေကို မျက်လှည့်ပြနေခဲ့ကြတာကိုး၊ ဒါကြောင့် သူတို့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကအဝတ်တွေဟာ နာရီဝက်အတွင်း အမျိုးမျိုး ပြောင်းခဲ့တာကိုး၊ တော်လည်းတော်တဲ့ ကောင်တွေကွာ၊ ဟား… ဟား… ဟား… ဟား'

စာဖတ်၍အဆုံးတွင် ဦးသက်ထွန်းမောင်က ပြောပြီး ရယ်နေသည်။ ဒေါ်မြနှင်းရီကတော့ မရယ်နိုင်ဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်နှင့် ခပ်ငြိမ်ငြိမ်ထိုင်နေသည်။

'ဟုတ်ပြီ… ဟုတ်ပြီ… သူပဲဖြစ်ရမယ်၊ သူမှ သူ အစစ်ပဲ'

ဒေါ်မြနှင်းရီက ရှေ့တွင်ရှိနေသော စားပွဲခုံကိုပုတ်၍ ရုတ်တရက် ပြောလိုက်သည်။

'ဟာ… ဘာတွေများဟုတ်နေတာလဲ ရီရီရဲ့၊ ကိုယ့်ကို ရှင်းပြစမ်းပါဦး'

ဦးသက်ထွန်းမောင်က နားမလည်ဟန်နှင့် မေးနေသည်။

'ဟုတ်ဆို ဒီနှစ်ယောက်ဟာ ဟိုလွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်လောက်တုန်းက ကျွန်မတို့တွေ့ခဲ့ကြတဲ့မအေးနွယ်ရဲ့ သားတွေပေါ့ရှင်'

ဒေါ်မြနှင်းရီမှာ ပြန်ပြောရင်း လွန်ခဲ့သော ၂၅ နှစ်ခန့်က ဖြစ်ရပ်တွေကို မျက်စိထဲတွင်တရေးရေး ပြန်လည်မြင်ယောင်လာနေတော့သည်။

✤

## (တစ်ဆယ့်ငါး)

## အတိတ်မှ အရိပ်များ

လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ခန့်က ဖြစ်ပါသည်။

နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဦးသက်ထွန်းမောင်နှင့် သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်မကြီး ဒေါ်မြဒေါ်နှင်းရီတို့မှာ အိမ်ထောင်သက်တမ်း ငါးနှစ်ကျော် ခြောက်နှစ်နီးပါးရှိနေသည့်တိုင် သားသမီးတစ်ဦးတစ်ယောက်မှ မထွန်းကားသေးပေ။

သူတို့နှစ်ဦးစလုံး ထိပ်တန်းဆရာဝန်ကြီးတွေမို့ သားသမီးမရသောအကြောင်းကို နောက်ဆုံးပေါ် ဆေးပညာနည်းတို့နှင့် အမျိုးမျိုးစမ်းသပ်၍ သူတို့ကိုယ်သူတို့ စစ်ဆေးကြည့်ခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ဆရာဝန်ကြီး ဦးသက်ထွန်းမောင်



www.burmeseclassic.com

www.burmeseclassic.com



တွင် မည်သည့်ချုတ်ယွင်းချက်မှမရှိသော်လည်း ဆရာဝန်မကြီး ဒေါ်မြနှင်းရီတွင်မူ ချုတ်ယွင်းချက်ရှိနေသည်ကို တွေ့ရသည်။

ထိုချုတ်ယွင်းချက်မှာ ဒေါ်မြနှင်းရီ ဆယ်နှစ်သမီးအရွယ်က အိမ်အပေါ်ထပ်လှေကားမှ ခြေချော်ကျရာတွင် သားအိမ်ကို ထိခိုက်သွားခဲ့သည်။

ထိုထိခိုက်မှု၏ဒဏ်ကြောင့် ဒေါ်မြနှင်းရီ၏သားအိမ်မှာ ပျက်စီးသွားခဲ့၍ ကိုယ်ဝန်မဆောင်နိုင်ဘဲဖြစ်ခဲ့၍ သားသမီးလည်း မရခဲ့ခြင်းပင်။ ထိုအတွက် လင်မယားနှစ်ဦးမှာ စိတ်ထိခိုက်နေကြသည်။

'ကိုသက်ရေ… ဒီအတိုင်းသာဆိုရင်တော့ ရီရီတို့အတွက် သူများရဲ့ကလေးတွေကို မွေးစားရတော့မယ့်ကိန်း ဆိုက်နေပြီနော်'

တစ်နေ့တွင် ဆရာဝန်မကြီး ဒေါ်မြနှင်းရီက ခင်ပွန်းဖြစ်သူ ဆရာဝန်ကြီးဦးသက်ထွန်းမောင်ကို စိတ်ပျက်သံနှင့် ပြောနေသည်။

'အေးလေ… ရီရီမွေးစားချင်သပဆိုရင်လည်း မွေးစားပေါ့၊ ကိုသက်ကတော့ ရီရီ့ဆန္ဒအတိုင်း လိုက်လျောမှာပါ၊ ဒါထက် မွေးစားမယ်ဆိုရင် ယောက်ျားကလေးကို မွေးစားမှာလား၊ မိန်းကလေးကို မွေးစားမှာလား'

'ရီရီ့ရဲ့ဆန္ဒကိုပြောရရင် ယောက်ျားကလေးပဲဖြစ်ဖြစ်၊





မိန်းကလေးပဲဖြစ်ဖြစ် ရီရီတို့နဲ့ ကံတူအကျိုးပေးမယ့် ကလေးဖြစ်ရင် ပြီးတာပါပဲ၊ ကိုသက်ရဲ့သဘောကကော'

'ကိုသက်လည်း ရီရီပြောသလိုပဲ၊ တို့နဲ့ ကံတူအကျိုးပေးပေါ်ပေါက်လာမယ့်ကလေးကိုပဲ လိုချင်ပါတယ်၊ ယောက်ျားကလေး မိန်းမကလေး မခွဲခြားချင်ဘူး'

'ကောင်းပြီ… ဒါဆိုရင် ကိုသက်ရော ရီရီပါ မွေးစားဖို့သင့်မယ့်ကလေးကို ဒီကနေ့ကစပြီး ရှာကြစို့'

ထိုအချိန်အခါက သူတို့လင်မယားနှစ်ဦးစလုံး မန္တလေးမြို့ရှိအစိုးရဆေးရုံကြီး၌ တာဝန်ကျနေကြသည်။

ထို့အပြင် သူတို့၏ဆေးခန်းကိုလည်း မန္တလေးဆေးရုံကြီးနှင့် မနီးမဝေး၌ရှိသော သဇင်လမ်းတွင် ဖွင့်ထားခဲ့သည်။ နေ့စဉ် တနင်္ဂနွေ အပါအဝင် ပိတ်ရက်မရှိဘဲ သူတို့၏ဆေးခန်းကို ညနေ (၅)နာရီတွင် ဖွင့်၍ ည (၈)နာရီအချိန်တွင် ပိတ်သည်။

သူနာပြုဆရာမကလေးနှစ်ဦးကိုလည်း ငှားထားကြသည်။ ဆရာဝန်ကြီး ဒေါက်တာသက်ထွန်းမောင်ရော ဇနီးဖြစ်သူဆရာဝန်မကြီး ဒေါက်တာ ဒေါ်မြနှင်းရီတို့မှာ ငွေအသပြာ ဆရာဝန်တွေမဟုတ်ဘဲ စေတနာဆရာဝန်ကြီးများ ဖြစ်ကြသည်။

သူတို့၏ ကိုယ်ပိုင်ဆေးခန်းမှာ အခြားဆေးခန်းအချို့လို လာရောက်ကုသကြသောလူနာများကို အဆမတန် ငွေကြေးမယူပေ။



www.burmeseclassic.com

www.burmeseclassic.com



အချို့သော ဆင်းရဲနွမ်းပါးသည့် ဝေဒနာရှင်များဆိုလျှင် သူတို့က ဆေးကုခမယူရုံမျှမက ထိုးဆေးနှင့် ဆေးဝါးများကိုပင် အခမဲ့ပေးလှူခဲ့ကြသေးသည်။

သူတို့လင်မယားနှစ်ဦးစလုံး မအားလပ်သည့်ကြားမှ ရကြသည့်အချိန်များတွင် သူတို့မွေးစားကြရမည့် ကလေးကို ရှာပုံတော်ဖွင့်ကြရသေးသည်။

သို့နှင့်ပင် သုံးလကျော်ခန့်ကြာသည့်တိုင်အောင် သူတို့ မွေးစားကြမည့်ကလေးကို ရှာမတွေ့ဖြစ်နေသည်။

တစ်နေ့တွင် လင်မယားနှစ်ဦး စစ်ကိုင်းဘက်တွင် ကလေးရှာပုံတော်ဖွင့်ခဲ့ကြသည်။

သူတို့စိတ်တိုင်းကျ ကလေးကို မတွေ့ကြရ၍ စိတ်ပျက်စွာနှင့် မန္တလေးမြို့သို့ သူတို့ကိုယ်ပိုင်တောင်းအော့ကားနှင့် ပြန်လာခဲ့ကြသည်။

မန္တလေးသို့ ပြန်ရောက်ကြလျှင် ညနေ ၅ နာရီကျော်နေ၍ သူတို့၏ ကိုယ်ပိုင်ဆေးခန်းဖွင့်ထားရာသို့ လင်မယားနှစ်ဦးစလုံး သူတို့ကားနှင့် သွားခဲ့ကြသည်။

သူတို့၏ ကိုယ်ပိုင်ဆေးခန်းနှင့် မနီးမဝေးနေရာတွင် လူအချို့ ဝိုင်းအုံနေကြသည်ကို တွေ့ကြရသည်။

ဆရာဝန်ကြီး ဦးသက်ထွန်းမောင်မှာ သိရှိလို၍ ကားကို ရပ်ကာ ကားပေါ်မှအမြန်ဆင်း၍ လူအုပ်ကြီးထံသို့ သွားခဲ့သည်။





'ဘာဖြစ်လို့လဲဗျ… ကားအက်ဆီးဒင့်ဖြစ်လို့လား'

ဆရာဝန်ကြီး ဦးသက်ထွန်းမောင်က လူအုပ်ထဲက အမျိုးသမီးကို မေးသည်။

'မဟုတ်ဘူးဗျ… ကိုယ်ဝန်အရင့်အမာနဲ့ အမျိုးသမီးတစ်ဦး လမ်းသွားနေရာက မူးလဲကျသွားလို့'

'ဟင်… ဟုတ်လား၊ လမ်းနည်းနည်း ဖယ်ပေးကြပါဗျာ၊ ကျွန်တော်က ဆရာဝန်ပါ၊ လဲကျသွားခဲ့တဲ့ အမျိုးသမီးကို ကြည့်ချင်လို့ပါ'

ဆရာဝန်ကြီး ဦးသက်ထွန်းမောင်၏စကားများကြောင့် ဝိုင်းအုံနေကြသောလူများက ဖယ်ပေးကြလေသည်။ အသက် ၂၀ ကျော်အရွယ် ကိုယ်ဝန်အရင့်အမာနှင့် အမျိုးသမီးတစ်ဦး လမ်းပေါ်တွင် သတိလစ်ကာလဲကျနေခြင်းပင်။

'ဟာ…မဖြစ်ဘူး၊ ခင်ဗျားတို့ထဲက ဗလကောင်းတဲ့ ယောကျ်ားတစ်ယောက် ဒီနားမှာရှိတဲ့ ကျွန်တော့်ဆေးခန်းကို သယ်ယူဖို့ အကူအညီပေးကြပါဗျာ'

ဆရာဝန်ကြီး ဦးသက်ထွန်းမောင်က စိုးရိမ်သံနှင့်ပြောကာ အကူအညီတောင်းခံနေသည်။

'စိတ်မပူပါနဲ့၊ ကျွန်တော် ဒီအမျိုးသမီးကို သယ်ပေးပါ့မယ်'

လူအုပ်တွင်းမှ အရပ်ရှည်ရှည်ဗလကောင်းကောင်း



www.burmeseclassic.com

ယောက်ျားတစ်ဦးက ဦးသက်ထွန်းမောင်ကို လှမ်းပြောသည်။

'ကျေးဇူးပါပဲဗျာ… ဒီနားက ကျွန်တော့်ဆေးခန်းကိုသာ သယ်ပေးပါ'

ဦးသက်ထွန်း၏ စကားအဆုံးတွင် ဗလကောင်းကောင်းနှင့်လူက သတိမေ့နေသော ကိုယ်ဝန်အရင့်အမာနှင့် အမျိုးသမီးကို ပွေ့ချီလိုက်သည်။

ဆရာဝန်ကြီး ဦးသက်ထွန်းမောင်က ရှေ့မှလမ်းပြကာ သူ၏ဆေးခန်းသို့ ခေါ်သွားခဲ့သည်။

ဆေးခန်းဝတွင် ဆရာဝန်မကြီး ဒေါ်မြနှင်းရီမှာ သူ့ကို ရပ်စောင့်နေသည်။

'ဘာဖြစ်လို့လဲ ကိုသက်'

'ကိုယ်ဝန်အရင့်အမာနဲ့ အမျိုးသမီးတစ်ယောက် တို့ဆေးခန်းနားမှာ မူးမေ့လဲကျပြီး သတိလစ်သွားလို့ ဆေးခန်းကို ခေါ်လာတာပဲ၊ ဒီလူနာဟာ သားဖွားမီးယပ်နဲ့ဆိုင်လို့ ရီရီ့ကိုပဲ ကုပေးလိုက်ကွာ'

ဦးသက်ထွန်းမောင်က ပြောလျှင် ဒေါ်မြနှင်းရီလည်း ခေါင်းကိုညိတ်ပြ၍ ဆေးခန်းသို့လိုက်သွားခဲ့သည်။

ဗလကောင်းကောင်းနှင့်လူမှာ သူသယ်ယူလာခဲ့သော အမျိုးသမီးကို ဆေးကုခန်းတွင်ရှိ ခုတင်ပေါ်တွင် တင်ပေးကာ ထွက်သွားခဲ့သည်။





ဆရာဝန်မကြီး ဒေါ်မြနှင်းရီက လူနာကို စမ်းသပ်ကုသပေးရာ မိနစ် ၂၀ ခန့်အကြာတွင် ကိုယ်ဝန်အရင့်အမာနှင့် အမျိုးသမီးမှာ ပြန်လည်၍ သတိရလာခဲ့သည်။

လူနာသတိရလာပြီမို့ ဒေါ်မြနှင်းရီက မေးမြန်းမည်ပြုစဉ် ကိုယ်ဝန်အရင့်အမာနှင့်အမျိုးသမီးမှာ မျက်နှာကိုရှုံ့မဲ့ရင်း ဝမ်းဗိုက်ကို ဖိနှိပ်နေသည်။

ထိုအဖြစ်ကို မြင်ရလျှင် အတွေ့အကြုံတွေ ရင့်ကျက်ပြီးဖြစ်နေသော သားဖွားနှင့်မီးယပ်ဆရာဝန်မကြီး အမျိုးသမီးမှာ သားဖွားတော့မည်ကို သိလိုက်သည်။

သို့ဖြစ်၍ အမျိုးသမီးကလေး သားဖွားနိုင်ရန် ဒေါ်မြနှင်းရီက သူနာပြုဆရာမကလေးနှစ်ဦးနှင့်အတူ ပြုလုပ်ပေးကြသည်။

'ဟယ်… ဖြူဖြူဖွေးဖွေး ယောက်ျားကလေးပါလား'

သူနာပြုဆရာမကလေးတစ်ဦးက ဝမ်းသာသံနှင့် ပြောနေသည်။

ထိုကလေးကို မိခင်၏သားအိမ်မှ ဆရာဝန်မကြီး ဒေါ်မြနှင်းရီက ဆွဲထုတ်ကာ ယူလိုက်စဉ် သူ၏နှုတ်မှ အံ့ဩသံတစ်သံ ပေါ်ထွက်လာသည်။

'ဟောတော့… နောက်တစ်ယောက် ကျန်နေပါသေးသလား၊ လက်စသပ်တော့ အမြွှာပူးမို့ ကိုယ်ဝန်ဗိုက်က အရမ်းကြီးထွားနေတာကိုး၊ အဟဲ…'

www.burmeseclassic.com



ဒေါ်မြနှင်းရီက ပြောရင်း ဒုတိယကလေးကိုပါ အခိ
မှ ဆွဲထုတ်ယူလိုက်သည်။

'ဟော့… ဒီကနေ့ တနင်္ဂနွေနေ့မဟုတ်လား ဆရာမတို့'

ဒေါ်မြနှင်းရီက သူနာပြုဆရာမလေးကတွေကို မေး
သည်။

'ဟုတ်ပါတယ်… ဒေါက်တာ၊ ဒီကနေ့ တနင်္ဂနွေနေ့
ဖြစ်ပြီး ပထမသားဦးမွေးဖွားတာက ညနေခြောက်နာရီနဲ့ ဆယ်
မိနစ် နောက် ဒုတိယသားက ငါးမိနစ်ခြားပြီးမှမွေးတယ်၊ သ
အကုန်လုံးမှတ်ထားပါတယ် ဒေါက်တာ'

သူနာပြုဆရာမကလေးတစ်ဦးက ဒေါ်မြနှင်းရီကို ပြော
ပြနေသည်။

ဒေါ်မြနှင်းရီကတော့ မွေးဖွားလာခဲ့သော အမြွှာကလေး
နှစ်ဦးကိုရော မိခင်ကိုပါ ကျန်းမာရေးကောင်းမကောင်း စစ်ဆေး
ကြည့်သည်။ မိခင်ရော အမြွှာကလေးတွေပါ ကျန်းမာရေး
ကောင်းမွန်သည်ကို တွေ့ရလျှင် ကျေနပ်သွားခဲ့သည်။

'ဒီမယ် ညီမလေး… ကလေးအမြွှာနှစ်ဦးရော ငါ့ညီ
ပါ ကျန်းမာရေးကောင်းကြပါတယ်၊ ဒီတော့ အစိုးရဆေးရုံ
သားဖွားဆောင်မှာ နေချင်ပါသေးသလား၊ နေမယ်ဆို အစ
စီစဉ်ပေးမယ်'

အမြွှာကလေးနှစ်ဦး၏မိခင်ကို ဒေါ်မြနှင်းရီက ကြင်





သနားသံနှင့် ပြောနေသည်။

'ကျွန်မ ဆေးရုံမတက်ဘဲ နေလို့မရဘူးလား၊ ဘာဖြစ်
လို့လဲဆိုတော့ ကျွန်မဟာ ဒီမန္တလေးမြို့က မဟုတ်ဘူး၊ အသိ
အကျွမ်း ဆွေမျိုးလည်း မရှိလို့ပါ၊ ပြီးတော့ ကျွန်မယောက်ျား
ကလည်း လွန်ခဲ့တဲ့ သုံးပတ်လောက်က ကားမှောက်ပြီးဆုံးသွား
ခဲ့လို့ပါ မမရယ်'

အမြွှာကလေးနှစ်ဦး၏ မိခင်မှာ ပြောပြီး ဝမ်းနည်းစွာနှင့်
ငိုရှိုက်နေရှာသည်။

ဆရာဝန်မကြီး ဒေါ်မြနှင်းရီမှာ စိတ်ရင်းကောင်းသူပီပီ
အမျိုးသမီးက ငိုနေ၍ စိတ်မကောင်းဖြစ်သွားခဲ့သည်။

'ကဲ… ကဲ… ဘာမှ အားငယ်ပြီးငိုမနေနဲ့၊ ညီမ
အတွက် အစ်မက အဖက်ဖက်က အကူအညီပေးပါ့မယ်၊ ဒီတော့
ညီမရဲ့ဖြစ်ရပ်တွေကို ပြောပြနိုင်ရင် ပြောပြပါလား'

ဒေါ်မြနှင်းရီက ကြင်နာသံနှင့် ပြောနေသည်။

'ဟုတ်ကဲ့ ပြောပြနိုင်ပါတယ် မမ၊ ကျွန်မနဲ့ ကွယ်လွန်
သွားပြီဖြစ်တဲ့ ကျွန်မရဲ့ခင်ပွန်းဟာ ဒီမန္တလေးမြို့က မဟုတ်ကြ
ပါဘူး၊ ကျွန်မတို့ရဲ့ဇာတိက ဧရာဝတီတိုင်း ဟင်္သာတခရိုင်မှာရှိတဲ့
နင်းပုလဲရွာကပါ၊ ကျွန်မခင်ပွန်းသည်က ကုန်ကားကို မောင်းပါ
တယ်၊ ဒီမန္တလေးမြို့ကို ရောက်လာခဲ့ရတာကလည်း သွားလေသူ
ကျွန်မရဲ့ခင်ပွန်း ကိုမြင့်ကြောင့်ပါ၊ သူ့သူဌေးက လုပ်ငန်းတို



www.burmeseclassic.com

www.burmeseclassic.com



ဒီမန္တလေးမြို့ဘက် ရွှေ့ခဲ့တဲ့အတွက် ကျွန်မယောက်ျားေ ကျွန်မပါ မန္တလေးမြို့ကို ပြောင်းလာခဲ့ရပါတယ်၊ ဒီမန္တလေးမြို ရောက်နေတာ တစ်နှစ်လောက်ရှိနေပါပြီ၊ အပြင်မှာ အခန်းငှာ နေဖို့ အခန်းခမတတ်နိုင်လို့ သူဌေးရဲ့ခြံထဲက အစေခံတန်းလျာ မှာ နေကြရပါတယ်၊ လွန်ခဲ့တဲ့သုံးပတ်ကျော်လောက်တုန်းက ကျွန်မရဲ့ခင်ပွန်းသည်ဟာ ကျိုင်းတုံဘက်မှာ ကားမှောက်ပြီး ပွဲချင်းပြီး သေဆုံးခဲ့ပါတယ်'

ထိုနေရာသို့အရောက်တွင် အမျိုးသမီးမှာ စကားကို မဆက်နိုင်သေးဘဲ ငိုရှိုက်နေသေးသည်။

ဆရာဝန်မကြီး ဒေါ်မြနှင်းရီကတော့ ဖြစ်မှဖြစ်ရပလေ တယ်ဟုပြောရင်း သနားကြင်နာသောမျက်နှာနှင့် အမျိုးသမီးကို ငေးကြည့်နေသည်။

ထို့နောက် အမျိုးသမီးက စကားကို ပြန်ဆက်သည်။

'ကျွန်မယောက်ျားဆုံးသွားပြီး နှစ်ပတ်အကြာမှာတော့ ကျွန်မတို့ရဲ့ သူဌေးကတော်က ကျွန်မကို ငွေငါးသောင်းပေးပြီး သူတို့ဆီက ထွက်သွားဖို့ပြောပါတယ်၊ ခက်တာက ကျွန်မမှာ အသိအကျွမ်းလည်း မရှိ၊ ဆွေမျိုးလည်းမရှိတဲ့ ဒီမန္တလေးမြို့မှာ ဆက်နေဖို့မဖြစ်ဘူးလေ၊ မဖြစ်ပေမယ့် ကျွန်မမှာက ကိုယ်ဝန် အရင့်အမာကြီးနဲ့မို့ ဇာတိရပ်မြေကို ပြန်ဖို့မလွယ်သေးဘူး၊ ဒါ ကြောင့် ဈေးသက်သာတဲ့ တည်းခိုခန်းမှာ တည်းနေရတယ်၊





ဒီကနေ့တော့ ကျွန်မခင်ပွန်းသည်နဲ့ အင်မတန်ခင်မင်တဲ့ ကိုပေါ်ဆို သူဟာ ဒီသဖင်လမ်းထဲမှာနေတယ်ဆိုတာနဲ့ သူ့ကို တွေ့ဖို့အလာ မှာ မမတို့ဆေးခန်းအနီးမှာ သတိမေ့ပြီး လဲကျသွားခဲ့တာပါပဲ မမရယ်'

အမျိုးသမီးမှာ စကားအဆုံးတွင် ငိုရှိုက်နေပြန်သည်။

'ကဲ··· ကဲ··· ဘာမှအားငယ် ဝမ်းနည်းမနေနဲ့၊ ငါ့ ညီမကို အစ်မတို့အိမ်မှာ ခေါ်ထားမယ်လေ၊ နောက်တစ်ပတ် နှစ်ပတ်လောက်ကြာမှ ညီမရဲ့ရွာကို ပြန်မယ်ဆိုရင် အစ်မတို့က ပြန်နိုင်အောင် အဖက်ဖက်က အကူအညီပေးပါ့မယ်၊ ဟုတ်ပြီ လား၊ သြော်··· ဒါထက် ညီမနာမည်က···'

'မအေးနွယ်လို့ ခေါ်ပါတယ်ရှင်'

'ကောင်းပြီ··· ညီမ သဘောတူမယ်ဆိုရင် မမတို့အိမ် သွားကြစို့လား'

ဆရာဝန်မကြီး ဒေါ်မြနှင်းရီက မအေးနွယ်ကို ခေါ်နေ သည်။

'အခုလို ကျွန်မအပေါ်မှာ မေတ္တာစေတနာ အပြည့်အဝ ထားပြီး အကူအညီပေးမယ်ဆိုတာသိရလို့ မမကို ပြောမပြနိုင် အောင်ကို ကျေးဇူးတင်ပါမိပါတယ်၊ ဒါပေမဲ့ မမရယ်၊ သဒ္ဒါလွန်း ဆွမ်းတော်တော်ရပ်လို့ဆိုတဲ့ စကားလို ကျွန်မအပေါ်မှာ မမ စေတနာပျက်သွားမှာကိုလည်း စိုးရိမ်မိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုကြောင့်လဲ. ညီမရဲ့၊ မမကို ရဲရဲသာဖွင့်ပြော စမ်းပါ'

'ဟုတ်ကဲ့… ပြောပါမယ်၊ အဲ… မပြောခင် မမ တစ်ခုလောက် မေးချင်ပါတယ်၊ ရိုင်းပျတယ်လို့လည်း မထင်စေ ချင်ဘူး'

'အေးပါ… မထင်ပါဘူး၊ ရဲရဲသာပြောပါ ဆိုနေမှပဲ'

'ကျေးဇူးကြီးလှပါတယ် မမရယ်၊ ကျွန်မမေးချင်တာ တခြားတော့ မဟုတ်ပါဘူး၊ မမတို့မှာ သားသမီးရှိသလား မရှိ သလားဆိုတာပါပဲ'

'အောင်မယ်လေး… ညီမရယ်၊ ငါ့ဘာကိုများ မေးမှာ လဲလို့ စောင့်နေလိုက်ရတာ၊ ဒါကလေးမေးတာ မရိုင်းပျပါဘူး မေးသင့်ပါတယ်၊ အေး… မမတို့ရဲ့ အိမ်ထောင်သက်တမ်းဟာ ငါးနှစ်ကျော်လို့ ခြောက်နှစ်ထဲ ရောက်လာပါပြီ၊ ဒါပေမဲ့ အခု ထက်ထိ သားသမီးတွေ မရခဲ့သေးဘူး၊ မရတာက မမဘက်က ချွတ်ယွင်းချက်ကြောင့်ပါကွယ်၊ ကဲ… နောက်ထပ် ဘာမေးချင် သေးသလဲ၊ မေးစမ်း'

ဆရာဝန်မကြီး ဒေါ်မြနှင်းရီက အစွမ်းကုန် လိုက်လျော သံနှင့် မအေးနွယ်ကို ဆက်၍မေးခိုင်းနေသည်။

မအေးနွယ်ကလည်း ဆရာဝန်မကြီးကို ကြည့်ညို လေးစားဟန်နှင့်ကြည့်ရင်း သူမမေးလိုရာကို ဆက်မေးနေသည်။





'ဟုတ်ကဲ့… ခက်ပြီး မေးချင်တာကတော့ မမတို့မှာ သားသမီးမရနိုင်ဘူးဆိုတော့ တခြားသူရဲ့ သားသမီးကိုကော မမွေးစားချင်ဘူးလားဆိုတာကို မေးချင်တာပါ'

'အမယ်လေးလေး… ဘယ်လိုမေးလိုက်တာလဲ ညီမ ရယ်၊ မမရော မမရဲ့အမျိုးသားရောဟာ မွေးစားဖို့ကလေးကို လိုက်ရှာနေကြတာ သုံးလကျော်ကျော် လေးလလောက်ရှိပါပြီ၊ စိတ်တိုင်းကျမတွေ့လို့ မမွေးစားဖြစ်တာပါ၊ ဒီကနေ့ မနက်က လည်း စစ်ကိုင်းဘက်မှာ ကလေးတစ်ယောက်မွေးစားဖို့ ရှိနေ တယ်၊ လာကြည့်ပါဆိုလို့ မမတို့ သွားခဲ့ကြတယ်လေ၊ ဒါပေမဲ့ ဟိုကျတော့ ဖခင်ဖြစ်သူက မမတို့မွေးစားဖို့ သဘောတူပေမယ့် မိခင်ဖြစ်သူက မွေးစားခွင့်မပေးလို့ မမတို့နှစ်ယောက် တပ်ခေါက် ပြီး ပြန်အလာမှာ အခုလို ညီမနဲ့ တွေ့ခဲ့ရတာပဲကွယ်'

ဒေါ်မြနှင်းရီက ပြောပြီးရယ်နေသည်။

'ဒါဆိုရင် မမတို့ကို တစ်ခုမေးမယ်နော်၊ တကယ်လို့ စောစောက မမွေးပေးခဲ့တဲ့ ကလေးအမွှာထဲက တစ်ယောက် ကိုပေးမယ်ဆိုရင် မမယူပြီး အမွေစားအမွေခံသားအဖြစ် မွေးစား မလား'

မအေးနွယ်ထံမှ ရုတ်တရက် ပြောချလိုက်သော စကား များကြောင့် ဆရာဝန်မကြီး ဒေါ်မြနှင်းရီမှာ အူကြောင်ကြောင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညီ··· ညီမ ခုနင်က ဘာပြောလိုက်တာလဲဟင်၊ ပြ
ပြောပြပါဦး'

'သြော်··· ဒီလိုပါ၊ ကျွန်မက မမသိတဲ့အတိုင်း ဒုက္ခ
ရောက်နေတဲ့ မုဆိုးမပူပူနွေးနွေးတစ်ယောက်ပါ၊ ဒီလို စားနေ
သောက်ရမဲ့ဘဝနဲ့ ဒုက္ခရောက်နေတဲ့ မုဆိုးမဟာ ကလေးငယ်
တစ်ယောက်ကိုတောင် ကျွေးမွေးစောင့်ရှောက်ဖို့ မလွယ်ရတဲ့
အထဲ အခု နှစ်မြွာပူးမွေးခဲ့တယ်ဆိုတော့ မမပဲ စဉ်းစားကြည့်ပါ
ဒီအမြွာနှစ်ယောက်ကို ဘယ်လိုလုပ်ပြီး ပြုစုစောင့်ရှောက်ရ
မှာလဲ'

'အင်း··· ဟုတ်ပေတာပေါ့၊ ဒီတော့ ညီမက ဘာ
လုပ်ချင်သလဲ။ ဘယ်လိုအကူအညီပေးရမယ်ဆိုတာကို ပြောပါ
မမတို့ ကူညီပါ့မယ်'

'ညီမလိုချင်တဲ့အကူအညီကတော့ အခုမွေးခဲ့တဲ့ သား
အမြွာနှစ်ယောက်ထဲက တစ်ယောက်ကို မွေးစေချင်ပါတယ်
ဒီလိုပြောလို့ ညီမဟာ အခွင့်အရေးယူလွန်းတယ်ဆိုပြီး စိတ်
မဆိုးပါနဲ့နော်၊ မမွေးစားချင်ရင်လည်း ရပါတယ် မမရယ်'

'အလိုလေးလေး··· ဘယ်လိုပြောလိုက်တာလဲကွယ်
ညီမဆီက မျှော်လင့်မထားတဲ့စကားကို ကြားလိုက်ရလို့ စိတ်
မဆိုးတဲ့အပြင် ဝမ်းသာလုံးဆို့ပြီး သွားလေသူ လောဘတီမြရင်
ကသလိုကို ကပြလိုက်ချင်တယ် သိလား၊ ဟား··· ဟား···
ဟား··· ဟား'





ကလေး အလွန်မွေးစားချင်နေသော ဒေါ်မြနှင်းရီအဖို့
တော့ ရေငတ်တုန်း ရေတွင်းထဲကျသလို ဝမ်းသာမဆုံးဖြစ်နေ
သည်။

'ဟ··· ရီရီရဲ့ မင်းက သွားလေသူ လောဘတီမြရင်
ကသလိုကပြမယ်လို့ ပြောရအောင် သူဟာ မင်းမမွေးခင် နှစ်
ပေါင်းများစွာတည်းက သေဆုံးခဲ့ပြီမို့ သူကတာကို မမြင်ဖူးဘဲ
မင်းက ဘယ်လိုလုပ်ကပြမှာလဲ၊ ငါ့မိန်းမကတော့ မဟုတ်တာ
ပြောပြီ၊ ဟား··· ဟား··· ဟား··· ဟား···'

ဒေါ်မြနှင်းရီ၏ စကားအဆုံးတွင် ဆရာဝန်ကြီး ဦးသက်
နှင်းမောင်က အထက်ပါအတိုင်းပြောကာ အခန်းတွင်းသို့ဝင်ရင်း
ရယ်မောနေသည်။

'အိုတော်··· ရီရီက လောဘတီမြရင်ကို မမီလိုက်ပေ
မယ့် နောက်ပေါက်သူတပည့်မင်းသမီးတွေက သူဆိုခဲ့တဲ့ သီချင်း
အကတွေကို တုပပြီးကပြတာကို အငြိမ့်တွေမှာ ကြည့်ဖူးခဲ့လို့
ပါရှင်၊ အဟီး···'

ဒေါ်မြနှင်းရီက ပြန်ပြောနေသည်။

'သြော်··· ဒီလိုလား၊ ဒါဆို ငါ့ညီမကို မေးရဦးမယ်၊
အုပ်တို့ကို မွေးစားဖို့ ခင်ဗျားသားကို ပေးမယ်ဆိုရင် အကြေးကို
ပေးမှာလား၊ အငယ်ကိုပေးမှာလား'

'ဟုတ်ကဲ့··· အစ်ကိုကြီးတို့မွေးစားမယ်ဆိုရင် အကြီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ယူပါ၊ အငယ်ကလေးကိုတော့ ညီမ မွေးချင်ပါတယ်ရှင်'

'ကောင်းပါပြီဗျာ… ကျုပ်တို့က ကလေးငတ်နေကြတဲ့ လင်မယားမို့ ခင်ဗျားသားကို ကိုယ့်သွေးကိုယ့်သားလို သဘောထားပြီး အမွေစားအမွေခံအဖြစ် တာဝန်ယူပြီး မွေးစားပါ့မယ်၊ အမှန်ပြောရရင် အမြွှာကလေးနှစ်ယောက် ခင်ဗျားမွေးတယ်ဆိုကတည်းက ခင်ဗျားဆီက တစ်ယောက်ကို တောင်းယူဖို့ ကြံနေတယ်၊ အခုတော့ ခင်ဗျားကိုယ်တိုင်က စပြောပြီးပေးတော့ ဟန်ကျသွားတာပေါ့၊ ဟဲ… ဟဲ…'

'အမှန်ပြောရရင် ဒီအမြွှာကလေးနှစ်ယောက်ကို သူတို့အဖေသာ အသက်ထင်ရှားရှိခဲ့ရင် ကျွန်မ ပေးရက်မှာမဟုတ်ပါဘူး၊ အခုတော့ ဒုက္ခရောက်နေတဲ့ မုဆိုးမဘဝမို့ ကမ္ဘာမီးလောင် သားကောင်ချနှင်းဆိုတဲ့စကားလို နှစ်ယောက်စလုံးကို ကြီးပြင်းအောင်ကျွေးမွေးရတာ မလွယ်လို့ကတစ်ကြောင်း၊ အစ်ကိုကြီးနဲ့ မမတို့ရဲ့ ပြောမပြနိုင်အောင် ကြီးမားလှတဲ့ ကျေးဇူးတွေကြောင့် မွေးစားဖို့ပေးလိုက်တာပါရှင်'

မအေးနွယ်မှာ မျက်ရည်လည်ရွဲနှင့် ဦးသက်ထွန်းမောင်နှင့် ဒေါ်မြနှင်းရီတို့ကို ပြောပြနေသည်။

'ဝမ်းနည်းမနေပါနဲ့ ညီမရယ်၊ မမတို့ မွေးစားရမယ့် ကလေးကို မမတို့က ကိုယ့်ဝမ်းထဲကမွေးလာတဲ့ သားအရင်းလို





သဘောထားပြီး မွေးသွားပါ့မယ်၊ ဒါကိုတော့ မမကော ညည်း အစ်ကိုကြီးကပါ ကတိပေးပါတယ်ကွယ်'

ဒေါ်အေးနွယ်မှာ ဒေါ်မြရီတို့အိမ်တွင် တစ်လခန့်သာ နေပြီး သူမ၏ဇာတိရွာဖြစ်သော ရောဝတီတိုင်း ဟင်္သာတခရိုင်တွင်းရှိ နှင်းပုလဲရွာသို့ သားငယ်နှင့်အတူ ပြန်သွားခဲ့သည်။

ဒေါ်အေးနွယ်အပြန်တွင် ဒေါ်မြနှင်းရီက ရွာတွင် လုပ်ကိုင်စားသောက်ရန်အတွက် လမ်းစရိတ်များအပြင် ငွေကျပ်တစ်သိန်းကိုပါ ပေးလိုက်သည်။

ဆရာဝန်ကြီး ဦးသက်ထွန်းမောင်နှင့် ဆရာဝန်မကြီး ဒေါ်မြနှင်းရီတို့မှာ မန္တလေးမြို့တွင် နောက်ထပ်နှစ်နှစ်ခန့်သာ နေရပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခွင့်အမိန့်ကို အထက်မှ ကျလာခဲ့သည်။

သူတို့လင်မယားလည်း ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြပြီးနောက် ရန်ကုန်မြို့ရှိ သူတို့နှင့်သက်ဆိုင်သော နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသည့် ဆေးရုံကြီးများတွင် ဆက်လက်၍ အမှုထမ်းခဲ့ကြသည်။

သူတို့ပိုင်ဆေးခန်းကိုလည်း အနော်ရထာလမ်းနှင့် လမ်းလေးဆယ်ထောင့်တွင်ရှိ အောက်ထပ်တိုက်ခန်းတစ်ခန်းကို ဝယ်ယူပြီး **'သုခချမ်းသာ'**အမည်နှင့် ဖွင့်လှစ်ထားခဲ့သည်။

ဒေါ်အေးနွယ်ပေးခဲ့သော သူတို့၏ မွေးစားသားလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သူတို့၏သားရတနာနှင့်မခြား လင်မယားနှစ်ဦးစလုံး ချစ်မဆုံးဖြစ်နေကြသည်။

အမည်ကိုလည်း တနင်္ဂနွေသားမို့ အောင်သူရိန်ဟူ၍ ပေးခဲ့ကြသည်။

ဤသည်တို့ကား လွန်ခဲ့သော ၂၅ နှစ်ခန့်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များပင်။

ထိုအဖြစ်တွေကို ဆရာဝန်မကြီးဒေါ်မြနှင်းရီ၏ ခေါင်းထဲတွင်မထားဘဲ မေ့ပျောက်နေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။

ယခု အောင်ဗျူဟစာကို ဖတ်ရမှ အတိတ်မှ အရိပ်တွေမှာ အထက်ပါအတိုင်း ဒေါ်မြနှင်းရီ၏ မျက်စိထဲတွင် ပြန်လည်မြင်ယောင်လာခဲ့ခြင်းပင်။

'ကိုင်း... ပြောစမ်း၊ အခု အမြွာနှစ်ဦးရဲ့ ပြဿနာကိုတို့ ဘယ်လိုဖြေရှင်းကြရင် ကောင်းမလဲ'

ဆရာဝန်ကြီး ဦးသက်ထွန်းမောင်က ဒေါ်မြနှင်းရီကို မေးနေသည်။

'ဘယ်လို ဖြေရှင်းရမလဲဆိုတော့ သားအောင်သူရိန်ဆီကို ကျုန်မတို့လိုက်သွားမှ ဖြစ်မှာပေါ့၊ နို့မို့ ရီရီတို့သားဟာ အောင်ဗျူဟစာအရဆိုရင် တောရွာက ပြန်လာမှာမဟုတ်ဘူး၊ သူဟာ မွေးစားသားဆိုပေမယ့် သူ့မိခင်ဝမ်းက ကျွတ်ကျွတ်ချင်း





မွေးခဲ့ရတာမို့ ရီရီရဲ့ဝမ်းနဲ့ လွယ်မွေးရသလိုပါပဲ၊ သားကို ခွဲထားနိုင်ဘူး၊ ဒီတော့ ကိုသက်နဲ့ ရီရီတို့ သားအောင်သူရိန်ရှိရာနှင်းပုလဲကို သွားကြရအောင်၊ ကိုသက် ဘယ်လိုသဘောရသလဲ'

'ငါသဘောတူပါတယ်၊ သွားမယ်ဆိုရင် ဘယ်တော့သွားမှာလဲ'

'အိမ်မှာ တောင်းအေ့ရှိသားပဲ၊ ဒီကားနဲ့ပဲ ဒီကနေ့ပဲ သွားမယ်ရှင်...'

'ဟင်... မင်းဟာက မမြန်လွန်းဘူးလား၊ ကို့ကားဒရိုင်ဘာ မောင်တိုး ခွင့်တစ်လယူထားတယ်လေ'

'ဘာဖြစ်လဲ... မောင်တိုးမရှိပေမယ့် ကိုသက် ကားမောင်းတတ်တဲ့ဟာ၊ ကိုသက်ပဲမောင်းပေါ့'

သူတို့လင်မယား စကားပြောနေကြခိုက် ချစ်ရည်ဝင်းလှိုင်နှင့် တင်မောင်သန်းတို့ ရောက်လာခဲ့ကြသည်။

သူတို့နှစ်ဦးမှာ အောင်ဗျူဟကိုခေါ်ရန် ရောက်လာကြခြင်းပင်။ အောင်ဗျူဟ အိမ်မှထွက်သွားခဲ့ပြီဆိုတာကိုတော့ သူတို့သိကြသေးပေ။

ဦးသက်ထွန်းမောင်မှာ တင်မောင်သန်းနှင့် ချစ်ရည်ဝင်းလှိုင်တို့ ရောက်လာသည်ကို မြင်ရလျှင် ဝမ်းသာသွားခဲ့သည်။

အခြားကြောင့်တော့ မဟုတ်ပေ။

အောင်သူရိန်ရှိရာသို့ ကားနှင့်သွားရမည်မို့ တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



သန်းကိုကားမောင်းရန် အကူအညီတောင်းလို၍ပင်။

'ဟယ်... မောင်တင်မောင်သန်း သမီးနဲ့အတူ မင်းပါ လာတာ ငါ့အတွက်တော့ ဟန်ကျသွားတာပဲကွ၊ ဟဲ... ဟဲ'

ဦးသက်ထွန်းမောင်၏စကားကို ကြားရလျှင် တင်မောင်သန်းက နားမလည်ဟန်နှင့် ပြန်မေးနေသည်။

'ဘယ်လိုကြောင့်လဲ အန်ကယ်ရဲ့'

'တို့ ဟင်္သာတဘက်ကို အိမ်က တောင်းအေနဲ့သွားမလို့ အဲဒါ မင်းကို ဒရိုင်ဘာအဖြစ် ကားမောင်းခိုင်းမလို့ပေါ့၊ ငါ့အိမ်က ဒရိုင်ဘာမောင်တိုးက ခွင့်တစ်လယူထားလို့ကွ'

'ဗျာ... ဟင်္သာတဘက်ကို သွားမလို့၊ ဘာကိစ္စရှိလို့လဲ၊ ဟိုကောင် အောင်သူရိန်ကော သူ့ကို မမောင်းခိုင်းဘူးလား'

တင်မောင်သန်း ပြန်မေးနေခိုက် ချစ်ရည်ဝင်းလှဲ့ကတော့ အိမ်ပေါ်ထပ်တွင် အောင်သူရိန်ရှိမည်အထင်နှင့် တက်ရန်ပြင်သည်။

ဒေါ်မြနှင်းရီက နောက်မှလှမ်းအော်ကာ တားလိုက်ရသည်။

'သမီးရေ... ညည်းအစ်ကို အပေါ်မှာမရှိဘူး၊ ဟင်္သာတကို ထွက်သွားခဲ့ပြီ၊ အကြောင်းစုံသိချင်ရင် အန်တီတို့ဆီ လာခဲ့ပေတော့'

ထိုခေါ်သံကြောင့် ချစ်ရည်ဝင်းလှဲ့မှာ မတက်တော့ဘဲ





ဒေါ်မြနှင်းရီတို့ရှိရာ ဧည့်ခန်းတွင်းသို့ ဝင်လာခဲ့ရသည်။

'အန်တီပြောတာ သမီးနားမလည်ပါဘူး၊ သူက ဘာဖြစ်လို့ ဟင်္သာတမြို့ကို သွားရတာလဲ'

ချစ်ရည်ဝင်းလှဲ့က ဒေါ်မြနှင်းရီ၏ ဘေးဘက်တွင်ရှိ ဆိုဖာကုလားထိုင်ပေါ်၌ထိုင်ရင်း မေးနေသည်။

'သမီးသိချင်ရင် ဟောဒီစာကိုသာ ဖတ်ကြည့်ပေတော့'

ဦးသက်ထွန်းမောင်က ပြောရင်း အောင်ဗျူရွှေပေးခဲ့သော စာကို ချစ်ရည်ဝင်းလှဲ့ထံသို့ လှမ်းပေးသည်။ ထိုစာကို ချစ်ရည်ဝင်းလှဲ့သာမကဘဲ တင်မောင်သန်းကပါ ခေါင်းချင်းဆိုင်၍ ဖတ်နေကြသည်။

'ဟင်... ဒါဆိုရင် သူ့တို့တစ်တွေဟာ ရုပ်ချင်းခွဲမရအောင် တူနေကြတာပေါ့နော်'

အောင်ဗျူရွှေ၏စာကို ဖတ်၍အပြီးတွင် ချစ်ရည်ဝင်းလှဲ့၏ ပြောသံ။

'ဒါကြောင့်မို့ ကျွန်တော်တို့ဟာ အောင်ဗျူရွှေကို အောင်သူရိန်နဲ့မှားပြီး ခေါ်ခဲ့မိတာကိုး၊ ဘာဖြစ်လို့ ဒီလောက်တောင်တူနေတာလဲ၊ အမွှာညီအစ်ကိုလည်း မဟုတ်ဘဲနဲ့၊ အတော်ဆန်းတယ်နော်'

တင်မောင်သန်းကလည်း အံ့ဩသံနှင့် ပြောနေသည်။

ဒေါ်မြနှင်းရီမှာ သူတို့ပြောနေကြသည်ကို ပြုံး၍နား



www.burmeseclassic.com

ထောင်ပြီး ပြန်ပြောလိုက်သည်။

'ဆန်းမနေနဲ့ကွဲ၊ သားအောင်သူရိန်နဲ့ အောင်ဇေယျတို့ဟာ အမြွှာညီအစ်ကိုတွေပဲ၊ အောင်သူရိန်က အောင်ဇေယျထက် လေးမိနစ်လောက် ကြီးတယ်'

'ဟင်…အန်တီ ဘယ်လိုကြောင့် အန်တီက သူတို့နှစ်ယောက်ကို အမြွှာလို့ပြောနိုင်တာလဲ၊ အောင်ဇေယျရေးထားခဲ့တဲ့စာထဲမှာလည်း အမြွှာညီအစ်ကိုဆိုတာ မပါဘဲနဲ့'

'မပါပေမယ့် သူတို့နှစ်ယောက်ဟာ အမြွှာညီအစ်ကိုတွေဆိုတာ အန်တီက သိနေလို့ပေါ့ သမီးရယ်'

'ကဲပါ ရီရီရယ်၊ အမြွှာညီအစ်ကိုရဲ့ဇာတ်ကြောင်းကို သူတို့နားလည်သွားအောင် ထပ်လောင်းပြီး အကျဉ်းချုံးပြီး ပြောပြလိုက်ပါ'

ဦးသက်ထွန်းမောင်က ပြောလျှင် ဒေါ်မြနှင်းရီမှာ ချစ်ရည်ဝင်းလွဲနှင့် တင်မောင်သန်းတို့အား နားရှင်းသွားအောင် စလယ်ဆုံး ပြောပြနေသည်။

'ဩော်…သူတို့ရဲ့ အမြွှာဇာတ်လမ်းက ဒီလိုလား၊ အခုမှပဲ နားလည်သွားတယ်'

ဒေါ်မြနှင်းရီ၏ စကားအဆုံးတွင် တင်မောင်သန်းက မှတ်ချက်ချသည်။ ဦးသက်ထွန်းမောင်က တင်မောင်သန်းကို လှမ်းပြောသည်။



'မင်းနားလည်ရင် ကားမောင်းပေးဖို့ အန်ကယ်တို့နဲ့ လိုက်ခဲ့ပေတော့၊ အသွားလမ်းအတွက်တော့ ခတ်ဆီ အလုံအလောက်ရှိတယ်၊ အပြန်ကျရင်သာ အပြင်ကဝယ်ရမှာပဲ'

'ဒါဆို သမီးလည်း အန်ကယ်တို့နဲ့ ဟသာ်တကို လိုက်ခဲ့မယ်'

ချစ်ရည်ဝင်းလွဲက ဝင်ပြောနေသည်။

'အိန်း… သမီးလိုက်ချင်ရင် သမီးမိဘတွေဆီ ဖုန်းနဲ့ဆက်ပြီး ခွင့်တောင်းလေ'

'ဟုတ်ကဲ့ အန်ကယ်၊ သမီး အခုပဲဆက်လိုက်မယ်'

ချစ်ရည်ဝင်းလွဲပြောရင်း သူမ၏မိဘများထံသို့ ဖုန်းနှင့်ဆက်ကာ ခွင့်ပန်နေသည်။

သူမ၏မိဘများကလည်း ဦးသက်ထွန်းမောင်တို့နှင့် သွားမည်မို့ အလွယ်တကူပင် ခွင့်ပြုလိုက်ကြသည်။

✥

www.burmeseclassic.com

## (တစ်ဆယ့်ခြောက်)

## မကုန်နိုင်သော ရှေးရေစက်

အောင်ဗျူရှမှာ သူ၏ရွာသို့ ယခင်ကလို ကားနှင့်မလာ
ပေ။

သူနှင့် ခင်မင်ရင်းနှီးသော ကုန်ကားမောင်းသူ လှမွေ
ကုန်ကားကြုံနှင့် လိုက်လာခဲ့သည်။

ထိုကုန်ကားမှာ သူတို့ရွာတွင် မနားဘဲ ခရီးဆက်၍သွား
မည်မို့ ရွာထိပ်သို့ရောက်လျှင် အောင်ဗျူရှ ဆင်းနေခဲ့သည်။

ပြီးတော့ သူသည် ရွာဘက်သို့ရောက်အလာ တစ်ဖက်
လာနေသော ဘမာင်ကို လှမ်းမြင်ရသည်။

အောင်ဗျူရှမှာ ဘမောင်ကို မြင်ရလျှင် ဝမ်းသာအားရ
လှမ်းခေါ်သည်။

'ဟေး… အစ်ကိုဘမောင် ဒါက ဘယ်သွားမလို့လဲ





ဘမောင်မှာ အောင်ဗျူရှကို သူ၏ညီမရွှေဗျိုင်းနှင့်အတူ
တွေ့၍ စကားပြောခဲ့သေးသည်။

မိနစ်အတွင်းမှာပင် အောင်ဗျူရှကို အထုပ်အပိုးတွေနှင့်
တွေ့ရလျှင် ဘမောင်မှာ ကျပ်မပြည့်သူပီပီ လူအစစ်မထင်ဘဲ
နံနက်ခင်းကြီးတွင် သူ့ကို တစ္ဆေခြောက်သည်ဟု ထင်မှတ်
မှားသွားသည်။

သို့ဖြစ်၍ သူသည် ကြောက်အားလန့်အား 'အောင်မယ်
လေး… ကယ်တော်မူကြပါဦး၊ တစ္ဆေကြီးက အောင်ဗျူရှ
အယောင်ဆောင်ပြီး ခြောက်နေပါတယ်ဗျို့'ဟူ၍ အော်ရင်း အိမ်
တွေဘက်သို့ လှည့်ပြေးသွားတော့သည်။

အောင်ဗျူရှကတော့ ဘမောင် သူ့ရဲဘောကြောင်ပုံကို
ကြည့်၍ တဟားဟားနှင့်ရယ်ရင်း 'ဟေ့လူကြီး… ဘယ်
တလာ တစ္ဆေရမှာလဲ၊ အောင်ဗျူရှဆိုတဲ့ လူသားအစစ်ပါဗျ၊
မပြေးပါနဲ့'ဟူ၍ အော်ပြောကာ ဘမောင်၏နောက်သို့ ပြေးလိုက်
သွားတော့သည်။

'ပြေးမယ်ကွာ… ပြေးမယ်၊ ငါ့ကို လိမ်လို့ရမယ်
မထင်နဲ့'

ဘမောင်က ပြန်ပြောရင်း စောစောကအတိုင်း အော်ပြေး
နေသည်။

အောင်သူရိန်နှင့် ရွှေဗျိုင်းတို့မှာ ညောင်ပင်ကြီးအောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်ဦးကိုတစ်ဦးဖက်ရင်း ချစ်တင်းနှောနေကြခိုက် ဘမော
၏အသံကြောင့် လူချင်းခွဲကာ ထရပ်လိုက်ကြသည်။

'ဒါက ဘာဖြစ်လာရတာလဲ အစ်ကိုကြီးရ၊ ပြောစမ်း
ပါဦး'

အောင်သူရိန်က ဘမောင်ကို မေးနေသည်။

'ဘာဖြစ်ရမှာလဲ… မင်းနဲ့ ချွတ်စွပ်တူတဲ့ တစ္ဆေကြီးက
ငါ့ကို ခြောက်လို့ ပြေးလာတာပေါ့၊ ဟော… ပြောရင်း ဆိုရင်း
တစ္ဆေရောက်လာပြီ၊ ငါပြေးတော့မယ်'

အောင်သူရိန်မှာ ဘမောင်၏လက်ကို ဆွဲထားရင် ပြန်
ပြောနေသည်။

'ဘယ်ကလာ တစ္ဆေရမှာလဲ၊ အဲဒါ အောင်ဖျူလှဆိုတဲ့
လူအစစ်ပါဗျ'

'သွားစမ်းပါ… ဘယ်က အောင်ဖျူလှရမှာလဲ၊ မင်းသာ
အောင်ဖျူလှဆိုတဲ့ လူအစစ်ပါ'

'မဟုတ်ဘူးဗျ… ကျွန်တော်က အောင်သူရိန်ပါ'

'ဟေ'

'ဟောတော့'

အောင်သူရိန်ကပြောလျှင် ဘမောင်သာမကဘဲ ရွှေဗျိုင်း
ပါ အံ့သြကုန်ကြတော့သည်။ ထိုစဉ်မှာပင် အောင်ဖျူလှလည်း
သူတို့အနီးသို့ ရောက်လာသည်။





'ဒီမယ် အောင်ဖျူလှ'

'ဟာ… အောင်သူရိန်'

'အဲဗျ… ကျွန်တော်တို့ နာမည်ခေါ်မှားပြန်ပြီ၊ ကျွန်တော်
က အောင်ဖျူလှလေ'

'အဲ… အဲ… ဟုတ်တယ်၊ ငါက အောင်သူရိန်ပဲဟာ'

သူတို့ အမြွှာညီအစ်ကိုနှစ်ဦး တစ်ဦးနှင့်တစ်ဦးပြောနေ
ခိုက် ရွှေဗျိုင်းမှာ နားမလည်ဟန်နှင့် ဝင်မေးသည်။

'နေစမ်းပါဦး… နင်တို့နှစ်ယောက်က ရုပ်ချင်းခွဲမရ
အောင် တူလှချည်လား၊ ဘယ်သူက အောင်ဖျူလှအစစ်လဲ၊ ကျွန်မ
ကို ပြောစမ်း'

ထိုအမေးကို အောင်ဖျူလှက ပြန်ဖြေသည်။

'အေး… မှတ်ထား၊ ငါက နင့်သူငယ်ချင်း အောင်ဖျူလှ
အစစ်၊ သူက ရန်ကုန်မြို့က သူဌေးသားပညာတတ် အောင်သူရိန်
တဲ့'

'ဒါ… ဒါဆိုရင် မင်းတို့က အမြွှာညီအစ်ကိုတွေပေါ့'

ဘမောင်က ဝင်မေးသည်။

'မဟုတ်တာဗျာ… ဘယ်လိုလုပ်ပြီး အမြွှာညီအစ်ကို
တွေ ဖြစ်ရမှာလဲ၊ ကျွန်တော်က ဒီရွာမှာမွေးတဲ့တောသား၊ သူ
က ရန်ကုန်မှာမွေးတဲ့ မြို့သား၊ အမြွှာမပြောနဲ့ ညီအစ်ကို တစ်
ဝမ်းကွဲတောင် မတော်ကြဘူး၊ ရုပ်ချင်းဆင်တာက ဆင်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရိန်က သိလိုစိတ်နှင့် အောင်ဖျူဌကို မေးခေ့သည်။

'ဒါထက် မင်းက ဒီကို ဘာဖြစ်လို့လာရတာလဲ၊ ဖို မယ် အခြေအနေမဟန်လို့လား'

'အစစ်ပေါ့… ဩစတေးလျနိုင်ငံက ခင်ဗျားဆရာ ပါမောက္ခကြီးဟာ လာမယ့်စနေနေ့ကျရင် ရန်ကုန်ကို ရောက်လာ မှာမို့ ခင်ဗျားကို ရန်ကုန်လေဆိပ်မှာလာကြိုပါလို့ ဖက်စ်ပို့လိုက် တာမို့ ကျွန်တော်လည်း အောင်သူရိန်အဖြစ် ဆက်ပြီး အယောင် ဆောင်နေရင်း အလိမ်ပေါ်သွားမှာမို့ ခင်ဗျားရဲ့အဖေအမေတို့ အဖြစ်မှန်တွေရေးပြီး အလစ်အမြန် ဒီကိုပြေးခဲ့ရတာပဲဗျ၊ ကဲပါ ဗျာ… အိမ်သွားကြပါစို့'

အောင်ဖျူဌက ခေါ်နေ၍ သူတို့အားလုံး ရွာပြင်မှနေ၍ ရွာထဲသို့ ပြန်ဝင်ခဲ့ကြသည်။

အောင်ဖျူဌ၏ အိမ်ရှေ့သို့အရောက်တွင် ဦးသက်ထွန်း မောင်တို့စီးလာခဲ့ကြသော တောင်းအေ့ကားနှင့် ပက်ပင်းတိုးမိ ကြတော့သည်။

'ဟာ… ဖေဖေတို့ပါလား'

တောင်းအေ့ကားမှာ သူတို့အိမ်ရှေ့သို့ရပ်ပြီး ကားပေါ်မှ ဆရာဝန်ကြီး ဦးသက်ထွန်းမောင်နှင့် ဆရာဝန်မကြီး ဒေါ်မြနှင်းရီ တို့ ဆင်းလာကြသည်ကိုတွေ့ရလျှင် အောင်သူရိန်ရော အောင်





ဖျူဌပါ ပြိုင်တူအော်ဟစ်လိုက်ကြသည်။ ထိုကားအနီးသို့ နှစ်ဦး စလုံး ပြေးသွားခဲ့ကြသည်။

လူကြီးနှစ်ဦး အနီးသို့အရောက်တွင် အောင်သူရိန်က ဦးသက်ထွန်းမောင်ကို ပြေးဖက်ပြီး အောင်ဖျူဌကတော့ ဒေါ်မြ နှင်းရီကို ဖက်ထားသည်။

ချစ်ရည်ဝင်းလှဲ့နှင့် တင်မောင်သန်းလည်း ကားပေါ်မှ ဆင်းလာခဲ့ကြသည်။

'ဟာ… အစစ်ပဲဟေ့၊ နှစ်ယောက်သား ရုပ်ရည်တွေက ချွတ်စွပ်ကိုတူနေပါကလား၊ ဘယ်သူက အောင်သူရိန် ဘယ်သူ က အောင်ယက္ခဆိုတာ ပြောစမ်းပါဦး'

တင်မောင်သန်းက ခွဲခြားမရဟန်နှင့် မေးနေသည်။

'အောင်ယက္ခ မဟုတ်ပါဘူးဗျ၊ အောင်ဖျူဌပါ၊ ယက္ခ ဆိုရင် ဒီကောင် ဘီလူးဖြစ်သွားမှာပေါ့၊ သူက ကျားဗျကျား၊ ဒါကြောင့် ဖျူဌလို့ ပေးထားတာပေါ့'

ဘမောင်က တင်မောင်သန်း၏အမှားကို ပြင်ပေးပြီး ပြောပြနေသည်။

ချစ်ရည်ဝင်းလှဲ့မှာလည်း သူမအား အောင်သူရိန့်အဖြစ် အမျိုးမျိုး မျက်လှည့်ပြခဲ့သော အမြွှာညီအစ်ကိုအား တအံ့တဩ ငေးကြည့်နေသည်။ ထိုအခိုက်မှာပင် အိမ်တွင်းမှ ဒေါ်ဇေအေးနွယ် မှာ အမြန်ပြေးထွက်လာသည်။



www.burmeseclassic.com

'ဟောတော့… အစ်ကိုကြီးနဲ့ မမတို့ပါကလား၊ ပြ
တွေ့ရ တာ ကျွန်မ ဝမ်းသာလိုက်တာရှင်'

ဒေါ်အေးနွယ်က ဦးသက်ထွန်းမောင်နှင့် ဒေါ်မြနှင်း
တို့ကို မြင်လျှင် အထက်ပါအတိုင်း ဝမ်းသာအားရပြောနေသည်။

'အလို… မအေးနွယ်က ကျုပ်တို့ကို ချက်ချင်းကို
မှတ်မိတာပဲကိုး၊ ခင်ဗျားမှတ်ဉာဏ်က တယ်ကောင်းတာပဲ
ဟား… ဟား… ဟား… ဟား…'

'မမှတ်မိဘဲ နေပါ့မလား၊ အစ်ကိုကြီးနဲ့ မမတို့ဟာ
ကျွန်မရဲ့တစ်သက်မှာ မေ့မရနိုင်တဲ့ အသက်သခင် ကျေးဇူးရှင်
တွေပါ၊ အခု အစ်ကိုကြီးတို့ မန္တလေးမှာပဲလား'

'မဟုတ်ဘူး ညီမရဲ့၊ မမတို့က ရန်ကုန်ကို ညီမ ရွာက
ပြန်သွားပြီး သုံးနှစ်လောက်အကြာမှာ ပြန်ပြောင်းလာခဲ့ကြတယ်၊
အင်း…ညီမနဲ့မမတို့ဟာ ရေစက်ကုန်သွားပြီထင်နေတာ၊ အခု
တော့ မကုန်ဘဲ ပြန်တွေ့ဖို့ ဖန်လာပါပြီနော်၊ အဟီး'

ဒေါ်မြနှင်းရီမှာ ဒေါ်အေးနွယ်၏ လက်ကိုကိုင်ရင်းပြော
နေသည်။ အောင်ဗျူဟာမှာ အောင်သူရိန်၏မိဘများနှင့် သူ့မိခင်ကြီး
ရင်းနှီးစွာသိကျွမ်းနေသည်ကို မြင်ရ၍ အံ့ဩမဆုံးဖြစ်နေသည်။

'ဟင်… မေမေတို့က သိနေကြသလား'

'မသိဘဲနေပါ့မလား၊ မင်းတို့အမြွှာညီအစ်ကိုကို ကျွန်း
ကျွန်းမာမာနဲ့ ချောချောမောမောမွေးပေးခဲ့တာ ဟောဒီကမမပေါ့'



ဒေါ်အေးနွယ်ပြောတော့မှ အောင်ဗျူဟာမှာ ပိုမို၍ နားရှုပ်
သွားခဲ့သည်။ သူ့အနေနှင့် အောင်သူရိန်နှင့် အမြွှာမွေးညီအစ်ကိုမှန်း
သိသေး။

'ဗျာ…ဒီက မေမေဒေါ်မြနှင်းရီက သားတို့ကို မွေးပေး
ခဲ့တယ်၊ အဲဒါတွေကို သားမသိရသေးပါလား၊ သားမှာ အမြွှာ
မွေးညီအစ်ကိုရှိတယ်ဆိုတာကိုလည်း မေမေ တစ်ခါမှ ပြောမပြခဲ့
ဘူး'

အောင်ဗျူဟာဆက်၍ ဒေါ်အေးနွယ်ကိုမေးနေသည်။

'အေး… သိချင်ရင် အိမ်ပေါ်ကျတော့ ရှင်းပြမယ်၊
အစ်ကိုကြီးနဲ့ မမတို့လည်း အိမ်ပေါ်ကို ကြွကြပါရှင်'

ဒေါ်အေးနွယ်က ဖိတ်ခေါ်လျှင် ဦးသက်ထွန်းမောင်နှင့်
ဒေါ်မြနှင်းရီနှင့်တကွ လူအားလုံးတက်သွားကြသည်။

အိမ်ပေါ်သို့ရောက်၍ ဝိုင်းစုကာ ထိုင်မိကြလျှင်တော့
ဒေါ်အေးနွယ်က အမြွှာညီအစ်ကိုနှစ်ဦးကို အတိတ်မှဇာတ်
ကြောင်းများကို သူတို့ နားလည်အောင် ရှင်းပြနေတော့သည်။

ထိုအခါကျမှ အမြွှာညီနောင်မှာ အတိတ်မှ သူတို့ဖြစ်ရပ်
များကို စုံစုံစေ့စေ့သိသွားကြတော့သည်။

✤

www.burmeseclassic.com

## (တစ်ဆယ့်ခုနစ်)

# သမီးချစ်သူ နှစ်မွှာလူ

ဒေါ်အေးနွယ်က ရှင်းပြမှုကြောင့် အမွှာညီအစ်ကို နှ[illegible] ယောက်သာမက ရွှေဖျိုး၊ ချစ်ရည်ဝင်းလှဲ့၊ တင့်မောင်သန်းနှ[illegible] ဘမောင်တို့ပါ သိသွားကြသည်။

ချစ်ရည်ဝင်းလှဲ့မှာ စိတ်ဝင်စားစွာနှင့် အောင်သူရိန်[illegible] မျက်နှာကို ကြည့်လိုက် အောင်ဖုန်ထွ၏မျက်နှာကို ကြည့်လိုက်နှ[illegible] လုပ်နေသည်။

ဒါကို ဦးသက်ထွန်းမောင်က မြင်လျှင် လှမ်းမေး[illegible] သည်။

'ဟဲ့… သမီး ဝင်းလှဲ့ ဒါက ဘာဖြစ်နေတာလဲ၊ အမွှာ ညီအစ်ကိုရဲ့မျက်နှာတွေကို တစ်လှည့်စီကြည့်နေတာ ဘယ်[illegible] ကြောင့်လဲ ပြောပြပါဦး'





'အဟိ… တခြားကြောင့် မဟုတ်ပါဘူး အန်ကယ်၊ သမီးရဲ့ချစ်သူဟာ အခုလို အမွှာညီအစ်ကိုမဟုတ်ဘဲ တစ်ဦးတည်းလို့ ထင်မှတ်ခဲ့တာ အခုတော့ သမီးချစ်သူဟာ နှစ်မွှာလူ ဖြစ်နေတာကို သိရလို့ပါ'

ချစ်ရည်ဝင်းလှဲ့၏စကားများကြောင့် လူအားလုံးမှာ ရယ်နေကြသည်။

ဒေါ်မြနှင်းရီကလည်း ချစ်ရည်ဝင်းလှဲ့ကို ပြန်မေးနေသည်။

'ဒါဖြင့်ရင် ပြောစမ်း၊ 'သမီးချစ်သူ နှစ်မွှာလူ'ထဲက ဘယ်သူ့ကို ရွေးမလဲ၊ သားအောင်သူရိန်ကိုလား၊ သားငယ် အောင်ဖုန်ထွကိုလား၊ အမှန်အတိုင်းသာပြော'

ချစ်ရည်ဝင်းလှဲ့ကတော့ ပြောရမည်ကိုရှက်နေ၍ မပြောဘဲ ပြုံး၍သာနေသည်။ ဘမောင်က ကျုပ်မပြည့်သူပီပီ အလောတကြီး ဝင်ပြောသည်။

'ဒီမယ်ဗျ… ရွေးမယ်ဆိုရင် တစ်ယောက်ပဲရွေးနော်၊ ရွေးရခက်တယ်ဆိုပြီး နှစ်ယောက်စလုံး မရွေးလိုက်ပါနဲ့၊ ကျုပ်ညီမ ရွှေဖျိုးအတွက် လက်ကျန်မရှိဘဲ ဖြစ်သွားမှာစိုးလို့ပါဗျာ'

'ဝါး… ဟား… ဟား… ဟား…'

ဘမောင်၏စကားကြောင့် အိမ်ပေါ်တွင် ရှိနေကြသူများမှာ ဝါးခနဲ ပွဲကျသွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ဘမောင် အရူး၊ နင် ဘာတွေပြောနေတာလဲ တိတ်တိတ်နေစမ်း'

ဒေါ်အေးနွယ်မှာ ချစ်ရည်ဝင်းလှဲ့ကို အားနာသွားဟန်နှင့် လှမ်း ဆူနေသည်။

ဦးသက်ထွန်းမောင်ကတော့ ချစ်ရည်ဝင်းလှဲ့နှင့် ရွှေဖျိုင်း၏မျက်နှာများကို ခပ်ပြုံးပြုံးကလေးကြည့်ရင်း ယခုလို အကြံပြု လိုက် သည်။

'ဒီမယ်… သမီးတို့နှစ်ယောက်ကို အန်ကယ် အကြံပြု ချင်တယ်၊ တခြားတော့ မဟုတ်ဘူး၊ ဥပမာ သမီးရွှေဖျိုင်းရဲ့ ငယ်ချစ်ကအောင်ဖျူ့ဖြစ်သလို သမီးရဲ့အရင်ချစ်ခဲ့တဲ့ ချစ်သူ ကလည်း အောင်သူရိန်ဖြစ်ခဲ့တယ်၊ အခုဆိုရင် သမီးတို့ရဲ့ ဖူးစာ ကံအလှည့်အပြောင်းကြောင့် သမီးတို့ရဲ့အချစ်ဟာလည်းပြောင်းလဲ ကုန်ပြီ မဟုတ်လား၊ ဒီတော့ကာ သမီးတို့ရဲ့ ဖူးစာအစစ်အမှန် ဖြစ်ကာ အောင်သူရိန်လား အောင်ဖျူ့လားဆိုတာ သိရအောင် ညဏ်စမ်းပဟေဠိတစ်ခု လုပ်ချင်တယ်'

'အန်ကယ်က ဘယ်လိုလုပ်မှာလဲ ပြောပါဦး'

ချစ်ရည်ဝင်းလှဲ့က ပြန်မေးနေသည်။

ကျန်လူတွေက စိတ်ဝင်စားစွာ နားထောင်နေကြသည်။

'ဒီလိုလေ… သူတို့အမြွှာညီနောင်ဟာ နှစ်ကိုယ်ခွဲထား သလို ခွဲမရအောင်တူနေတဲ့အတွက် သူတို့ကို အဝတ်တွေ ဆင်တူဝတ်ခိုင်းထားမယ်၊ ဒါကို သမီးတို့နှစ်ယောက်က ရွေးရ မယ်၊ ဥပမာ သမီးရွှေဖျိုင်းဟာ အောင်သူရိန်ကို အောင်ဖျူ့ထက် ပိုသဘောကျပေမယ့် ရွေးတဲ့အခါ အောင်ဖျူ့ကိုရွေးမိရင် အဲဒါ ဟာ မိုးနတ်မင်းကြီးကပေးတဲ့ ဖူးစာရှင်မို့ သူနဲ့ပဲ လက်ထပ် ပေါင်းသင်းရလိမ့်မယ်၊ သမီးချစ်ရည်ဝင်းလှဲ့ကလည်း ဒီအတိုင်း ပဲ၊ အန်ကယ်ပြောတာကို သမီးတို့လက်ခံရင် အခုပဲ ဖူးစာရှင် ရွေးချယ်ပွဲကိုစမယ်'

ဦးသက်ထွန်းမောင် ပြောအပြီးတွင် အောင်သူရိန်က ခိုးရိမ်သံနှင့် ပြန်မေးနေသည်။

'ဖေဖေရဲ့… ဖူးစာရှင်ရွေးချယ်ပွဲဟာ လန့်စရာကြီး၊ တော်တဆ ရွှေဖျိုင်းဟာ ကျွန်တော့်ကို မရွေးမိဘဲ အောင်ဖျူ့ကို ရွေးမိရင် ဘယ်လိုလုပ်မလဲ'

'ဟ… ဖေဖေ ပြောပြီးခဲ့ပြီကော၊ အဲဒါဟာ မိုးနတ် မင်းကြီးကပေးတဲ့ ဖူးစာပါလို့ သားတို့က ကျေကျေနပ်နပ် လက်ခံရလိမ့်မယ်၊ အဲ… နောက်တစ်ခု ထပ်မှာချင်တာက သားတို့က သမီးတို့ကို ဘာအချက်မှမပြဘဲ ငြိမ်ငြိမ်ကလေး နေရမယ်၊ ဖေဖေတို့က ဘေးကနေ ဒိုင်လူကြီးတွေအဖြစ် အကဲ ခတ်ကြည့်ရှုနေမယ်'

တင်မောင်သန်းကလည်း သဘောတူသံနှင့် ဝင်ပြော သည်။







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'အေးကွ… အန်ကယ်ပေးတဲ့အကြံက ကောင်းတယ် ဒါမှလည်း သူတို့ရဲ့ဖူးစာမှန်အစစ်ဟာ ဘယ်သူလဲဆိုတာ သိရမယ်၊ တစ်ခု တော့ရှိတယ်နော်၊ မင်းတို့ထဲက တစ်ဦးဦးက စည်းကမ်းဖောက်ရင်တော့ ဘောပွဲမှာလို အဝါကဒ်ပြခံရလိမ့်မယ်'

တင်မောင်သန်းက ပြောလျှင် အနီးရှိလူများမှာ ရယ်မော ကြသည်။

'ကဲ… ကဲ… ဖူးစာရှင်ရွေးချယ်ပွဲကြီး အချိန်ရှိတုန်း စလိုက်ကြရအောင်၊ သားတို့နှစ်ယောက်က အခန်းထဲဝင်ပြီး အင်္ကျီဆင်တူ ဘောင်းဘီရှည် ဆင်တူဝတ်ပြီး ပြန်ထွက်လာကြ'

ဦးသက်ထွန်းမောင်က ခိုင်းလျှင် အမြွှာညီအစ်ကိုနှစ်ဦး မှာ ထိုင်နေရာမှထကာ အခန်းထဲသို့ ဝင်သွားခဲ့ကြသည်။

ဆယ်မိနစ်ခန့်အကြာတွင် အမြွှာညီနောင်တို့မှာ ဦးသက် ထွန်းမောင်ပြောသည့်အတိုင်း ဆင်တူဝတ်စုံကိုဝတ်၍ ထွက်လာ ခဲ့ကြသည်။

အရွယ်တူ အရပ်တူ ရုပ်ရည်က တူညီရသည့်အထဲ အဝတ်အစားပါ တူညီနေကြ၍ သူတို့ကို မွေးဖွားခဲ့သော မိခင် ကြီးဒေါ်အေးနွယ်ကိုယ်တိုင်ပင် မည်သူက အောင်သူရိန်၊ မည်သူ က အောင်ဗျူ့ဆိုသည်ကို မခွဲခြားနိုင်ဖြစ်နေသည်။

'ကဲ… သမီးရွှေဖျိုင်းကစပြီး ဖူးစာရှင်ကိုရွေးပေတော့





ခွန် အောင်ရွေးနော်'

ဦးသက်ထွန်းမောင်က ရွှေဖျိုင်းကို လှမ်းပြောနေသည်။

'ဒီမယ် အန်ကယ်၊ တစ်ဦးစီအရွေးခိုင်းထားတာထက် ဝင်းလှဲ့ရော ရွှေဖျိုင်းပါ နှစ်ဦးပြိုင်တူရွေးတာက ပိုကောင်းမယ် ထင်တယ်'

တင်မောင်သန်းက ဝင်၍အကြံပေးသည်။

'အေးကွ… ငါ့တူပြောတာ ပိုကောင်းတယ်၊ ကဲ… ကဲ… သမီးတို့နှစ်ယောက် အမြွှာညီနောင်ဆီသွားပြီး ဖူးစာရှင် မှားအောင် ရွေးပေတော့'

ဦးသက်ထွန်းမောင်၏ စကားအဆုံးတွင် ချစ်ရည်ဝင်းလှဲ့ နှင့် ရွှေဖျိုင်းတို့မှာ ထိုင်နေရာမှလှဲ၍ အမြွှာညီနောင် ရပ်နေရာသို့ သွားခဲ့ကြသည်။

တင်မောင်သန်းက အမြွှာညီနောင်ကို လှမ်းသတိပေးနေ သည်။

'ဟေ့ကောင်တွေ… ငြိမ်ငြိမ်ကလေးရပ်နေကြနော်၊ စကားလည်း မပြောနဲ့၊ ပြုံးလည်းမပြုံးနဲ့၊ အီးလည်းမပေါက်နဲ့၊ အဟီး…'

ချစ်ရည်ဝင်းလှဲ့နှင့် ရွှေဖျိုင်းတို့ကတော့ တင်မောင်သန်း စကားများကို အရေးမစိုက်နိုင်ဘဲ ဖူးစာရှင်အမှန်ရအောင် ကြိုးစား၍ အမြွှာညီနောင်ကို စစ်ဆေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်လူတွေကလည်း သူတို့ကို စိတ်ဝင်စားစွာနှင့် ကြည့်နေကြသည်။

ရွှေဗျိုင်းနှင့် ချစ်ရည်ဝင်းလဲ့တို့မှာ အမြွာညီနောင်ကို စစ်ဆေးကြည့်ရှုပြီးနောက် နှစ်ဦးသား တီးတိုးစကားတွေကိုပြောနေကြသည်။

အောင်သူရိန်နှင့် အောင်ဗျူဟတို့မှာတော့ မလှုပ်ရဲဘဲ ရင်တထိတ်ထိတ်နှင့် ထွက်ပေါ်လာမည့်အဖြေကို စောင့်ဆိုင်းနေကြရသည်။

ဆယ်မိနစ်ခန့်အကြာတွင်တော့ ရွှေဗျိုင်းနှင့် ချစ်ရည်ဝင်းလဲ့တို့က လူကြီးများဘက်သို့လှည့်၍ ပြောလိုက်ကြသည်။

'သမီးတို့ ရွေးပြီးပြီ၊ သမီးချစ်သူ နှစ်မြွာလူက သူပါပဲ'

ဟု ရွှေဗျိုင်းနှင့်ချစ်ရည်ဝင်းလဲ့တို့က ပြောရင်း သူတို့ရွေးချယ်ခဲ့သောသူများ၏လက်တွေကို ဆွဲပြနေကြသည်။

'သမီးတို့ အခုရွေးတာက အမှန်ပဲလား၊ အန်ကယ်တို့ကို ပြောပါဦး'

ဦးသက်ထွန်းမောင်၏ အမေးကို ရွှေဗျိုင်းက ပြန်ဖြေသည်။

'အမှန်ပေါ့ရှင်… သမီးရွေးလိုက်သူက အစ်ကို အောင်သူရိန်ဆိုတာ သေချာသလို ဒီဘက်က 'အစ်မရွေးလိုက်သူကလည်း အောင်ဗျူဟပါ'





ရွှေဗျိုင်း၏စကားဆုံးတွင် ဦးသက်ထွန်းမောင်က အမြွာညီနောင်ကို လှမ်းမေးနေသည်။

'ဟော့…သားတို့၊ သူတို့ပြောတာ အမှန်ပဲလား၊ ဖေဖေတို့လည်း မခွဲတတ်ကြလို့ အခုလို မေးနေတာပါ'

အောင်ဗျူဟက ပြန်ဖြေသည်။

'မဟုတ်ဘူးဖေဖေ၊ သူတို့ရွေးတာ မှားနေတယ်၊ မိဗျိုင်းရွေးတာက ကျွန်တော့်ကိုပါ၊ ညီမဝင်းလဲ့ရွေးတာက အောင်သူရိန်ကိုပါ'

'ဟေ'

ဦးသက်ထွန်းမောင်နှုတ်မှ အာမေဋိတ်သံကြီး ပေါ်ထွက်လာခဲ့သည်။

ချစ်ရည်ဝင်းလဲ့မှာလည်း သူမ ချစ်ကြိုက်နေသူ အောင်ဗျူဟ မဟုတ်ဘဲ မူလလက်ဟောင်းကြီး အောင်သူရိန်ကို မှား၍ရွေးခဲ့မိသဖြင့် စိတ်ပျက်သွားတော့သည်။

ထိုစဉ်မှာပင် ရွှေဗျိုင်း၏ရန်တွေ့သံ ပေါ်လာခဲ့သည်။

'ဟဲ့…ငအောင်၊ နင် အကြောင်းရိုက်မနေနဲ့၊ တခြားလူတွေကိုသာ နင်အကြောင်းရိုက်လို့ရမယ်၊ ငါ့ကိုတော့ မရဘူး၊ ငါရွေးခဲ့တာ အစ်ကိုအောင်သူရိန်ဖြစ်သလို အစ်မရွေးခဲ့တာကလည်း နင့်ကိုပဲတဲ့'

ဒေါ်မြနှင်းရီက ရွှေဗျိုင်းကို လှမ်းမေးနေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး… သမီးက ဘယ်လိုကြောင့် အခုလို အော[illegible] ပြောနိုင်တာလဲ'

'ပြောနိုင်ဆို သမီးနဲ့ငအောင်နဲ့က ငယ်ငယ်က[illegible] တည်းက အတူနေလာကြတဲ့ဟာ သူ့အကြောင်းကို သိတယ်[illegible] ငအောင်ဟာ သူ့ကို ငြိမ်ငြိမ်ကလေး အခုလိုရပ်နိုင်းရင် [illegible] လက်ချောင်းတွေက အငြိမ်မနေဘူး၊ ဆုပ်ချည်ဖြန့်ချည်လုပ်တ[illegible] တယ်၊ အခုလည်း အဲဒီလိုလုပ်နေလို့ သူ့ကို အောင်ဗျူဟ မှန်းသိ[illegible] ဟိုဘက်က အစ်ကိုအောင်သူရိန်ကို သမီးက ရွေးလိုက်တာ[illegible]'

ဒေါ်မြနှင်းရီက အောင်ဗျူဟကို လှမ်းမေးနေသည်။

'ဒီက သမီးပြောတာ အမှန်ပဲလား'

ထိုအခါတွင်တော့ အမြွှာညီနောင်မှာ စောစောက[illegible] ရွှေဖျိုင်းတို့ကို အကြောင်းရိုက်မနေဘဲ ဝန်ခံလိုက်ကြရသည်။

'မှန်ပါတယ် မေမေ၊ မိဖျိုင်းပြောတာ အမှန်တွေပါကွဲ[illegible] သူရွေးလိုက်တာ ကိုအောင်သူရိန်ပါ၊ ညီမဝင်းလဲ့ကတော့ သား[illegible] ရွေးခဲ့တယ်လေ'

သူ၏စကားအဆုံးတွင် လူကြီးများမှာ ရယ်နေကြသည်။

ချစ်ရည်ဝင်းလဲ့ကတော့ သူမရွေးချယ်သူ မှန်သွားသဖြင့် အောင်ဗျူဟကို ဝမ်းသာအားရ ပြေးဖက်ထားသည်။

'ကဲ… ကဲ… ဖူးစာရှင်ရွေးချယ်ပွဲ ပြီးဆုံးပြီမို့ မင်းတို့ လွတ်လပ်စွာ သွားနိုင်ပါပြီ၊ မင်းတို့ရဲ့ မင်္ဂလာပွဲကို တစ်ဖက်[illegible]





[illegible]ကြီးမိဘတွေနဲ့ တိုင်ပင်ပြီး အမြန်ဆုံးစီစဉ်ပေးပါ့မယ်'

'ကျေးဇူးတင်ပါတယ် ဖေဖေ၊ ဒါဆိုရင် သားတို့ အပြင် [illegible]သွားလိုက်မယ်နော်'

အောင်သူရိန်က ခွင့်ပန်ရင်း ရွှေဖျိုင်း၏လက်ကို ဆွဲ၍ [illegible]ခေါ်သွားသည်။ အောင်ဗျူဟကလည်း အားကျမခံ ချစ်ရည် [illegible]ဝင်းလဲ့၏လက်ကိုဆွဲကိုင်ကာ အိမ်ပေါ်မှဆင်းသွားခဲ့ကြသည်။

ဘမောင်ကတော့ စုံတွဲနှစ်တွဲကို နောက်မှကြည့်ရင်း [illegible]ပြောနေသည်။

'ရွှေဖျိုင်းနဲ့ အောင်သူရိန်ကလည်း လိုက်တယ်၊ အောင် [illegible]ဟနဲ့ ဝင်းလဲ့နဲ့ကလည်း လိုက်တယ်၊ အားလုံး အားလုံးလိုက် [illegible]တယ်'

သူပြောနေစဉ် သူ၏နောက်မှ တင်မောင်သန်း၏အသံ [illegible]ပေါ်လာသည်။

'သူတို့အားလုံးလိုက်ရင် ခင်ဗျားကိုလည်း ကျွန်တော်က [illegible]ရိုက်မယ်'

'ဟိုက်…သောက်ပလုတ်တုတ်တုတ်၊ ကျွန်ကော့်မှာ ဘာ [illegible]အပြစ်ရှိလို့ ခင်ဗျားက ရိုက်မှာလဲ၊ မရိုက်ပါနဲ့ဗျာ၊ ကျွန်တော်က [illegible]ကြောက်တတ်တယ်'

ဘမောင်က တောင်းပန်သံနှင့် ပြောနေသည်။

'တယ်…ဒီလူ ဘာပေါက်နေရတာလဲ၊ ခင်ဗျား[illegible] ရိုက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ တုတ်နဲ့ရိုက်တယ်ပြောတာ မဟုတ်ဘူး၊ ကျွန်မ… ယူလာတဲ့ ဒစ်ဂျစ်တယ်ကင်မရာနဲ့ ခင်ဗျားရဲ့ တစ္ဆေရုပ်ပေါ်… နေတဲ့ရုပ်ကို အမှတ်တရရိုက်ချင်လို့ပါ၊ ဟား… ဟား… ဟား

'အောင်မယ်လေးလေး… ပြောရက်လိုက်တာ၊ ကျုပ်… တစ္ဆေရုပ်တဲ့၊ ဒီမယ် သေသေချာချာကြည့်ထား၊ ကျုပ်ရုပ်ဟာ… တစ္ဆေရုပ်မဟုတ်ဘူး၊ အမေတုတ်ကမွေးတဲ့ ရွှေရုပ်ကလေး… ရွှေရုပ်ကလေး၊ ဟွန်း…'

ဘမောင်၏ပြောစကားတွေကြောင့် တင်မောင်သန်းမှာ… ရယ်မဆုံးဖြစ်နေတော့သည်။

အမြွာညီနောင်တို့မှာလည်း တန်ဆောင်မုန်းလသို့… အရောက်တွင် အောင်သူရိန်က ရွှေဖိုင်းနှင့်လည်းကောင်း၊ အောင်… ဗျူဟက ချစ်ရည်ဝင်းလွဲနှင့်လည်းကောင်း နှစ်ဖက်သော လူကြီး… မိဘများက ခမ်းနားစွာနှင့် မင်္ဂလာပွဲကိုကျင်းပပေးခဲ့ကြသတည်း။

ဤတွင် ကျွန်တော်၏ **'သမီးချစ်သူ နှစ်မြွာလူ'** လုံးချင်း… ဝတ္ထုကြီးအား The End အဖြစ် အဆုံးသတ်လိုက်ရပါသည်။

*လေးစားရပါသော စာဖတ်သူများအားလုံး*
*ကိုယ်ရောစိတ်ပါ ကျန်းမာပျော်ရွှင်*
*ပျော်မြူးနိုင်ကြပါစေသော်ဝ်*

**ကြူမှေး**

BURMESE CLASSIC .com
www.burmeseclassic.com